

www.burmeseclassic.com
BURMESE CLASSIC .com
တက္ကသိုလ်
နှောင်းဒေါင်
မုံ့ပြိုင်လေလေသား
မိစ္ဆာစား
ပထမပိုင်း
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ပုံပြင်လေးလားမိစ္ဆာစား

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေပုံပြင်

ပုံပြင်ဟူသည်....

အမှန်တကယ်မဖြစ်နိုင်သောအကြောင်းအရာများကို

နားထောင်ကောင်းအောင် စိတ်ကူးယဉ်ဖန်တီးပြောဆိုခြင်းဟု ယေဘုယျအားဖြင့်ဆိုနိုင်ပေသည်။

သို့သော်....

အချို့သောပုံပြင်များမှာ

တကယ့်အဖြစ်အပျက်များကိုအခြေခံကာ အဆန်းတကြယ်ချဲ့ကားဖွဲ့နွဲ့ပြောဆိုသည်လည်းရှိ၏။

မည်သို့ပင်ဖြစ်စေ

ပုံပြင်၏သဘောသဘာဝကား....

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိတန်သည်ဖြစ်စေ

ယုတ္တိမတန်သည်ဖြစ်စေ

စိတ်ဝင်တစားနှင့် နားထောင်ကောင်းရန်သာ ဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့်....

ပုံပြင်များကို ကလေးလူကြီးမရွေး ခုံမင်နှစ်မြို့က် သဘောကျကြခြင်းဖြစ်ပေသည်။

ပုံပြင်များအမျိုးမျိုးရှိသည့်အနက်

မကောင်းဆိုးဝါးများအကြောင်း ထိတ်လန့်ချောက်ချားဖွယ်ဖွဲ့နွဲ့ပြောဆိုသောပုံပြင်များကို အများအားဖြင့်ပို၍စိတ်ဝင်စားကြ၏။

ပို၍လည်း နားထောင်ချင်ကြ၏။

နားထောင်ရင်းမှ အမှန်တကယ်ဖြစ်ပျက်နေသည့်လားဟုထင်မှတ်ခံစားရခြင်းကပင် ပုံပြင်၏အရသာဟုဆိုနိုင်ပေတော့၏။

ဝဝဝဝ



ပြည်မကြီးနှင့် အလှမ်းဝေးလွန်းသော ချင်းဟိုင်တောင်တန်းတွင် ဒေသခံများ အစဉ်အဆက်ပြောဆိုနေကြသည့် ကျေးလက်ရိုးရာဒဏ္ဍာရီပုံပြင်များ မြောက်များစွာရှိလေသည်။

ယင်းဒဏ္ဍာရီပုံပြင်များအနက်....

မိစ္ဆာဓားရှင်ပုံပြင်သည် မသိသူ မရှိသလောက် အထူးထင်ရှားသောပုံပြင်တစ်ပုဒ်ဖြစ်သည်။

အမှန်တော့....

မိစ္ဆာဓားရှင်ပုံပြင်သည်

စိတ်ကူးရှိသလောက် အဆန်းတကြယ်ဖွဲ့နွဲ့ပြောဆိုသောဒဏ္ဍာရီပုံပြင်တစ်ပုဒ်မဟုတ်ပါ။

အမှန်တကယ်ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုကိုအခြေခံ၍ ပုံပြင်သဖွယ်ပြောဆိုခဲ့ခြင်းသာဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

မိစ္ဆာစားရှင်ပုံပြင်သည်

မြောက်များစွာရှိနေသောပုံပြင်များအနက်

အထင်ရှားဆုံးနှင့် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး ပုံပြင်တစ်ပုဒ်ဖြစ်နေရတော့သည်။

ထိုမျှမက အစဉ်အဆက် လက်ဆင့်ကမ်းပြောလာကြသည့် ပုံပြင်များအနက်....

မရိုးနိုင် မအီနိုင် လူပြောအများဆုံး သြဇာအလွှမ်းမိုးနိုင်ဆုံး ပုံပြင်တစ်ပုဒ်လည်းဖြစ်ပေတော့သည်။

မိစ္ဆာစားရှင်ပုံပြင်....

မိစ္ဆာစားရှင်ပုံပြင်သည်

ထိတ်လန့်ချောက်ချားဖွယ်

သွေးပျက်ဖွယ်

ကြောက်ရွံ့ဖွယ်များဖြင့်

တန်ဆာဆာထားသောပုံပြင်တစ်ပုဒ်ဖြစ်သည်။

နားထောင်ရင်း ကြက်သီးဖျန်းဖျန်းထလာသည်ဟုပင် ပြောစမှတ်ပြုကြရသည်။



ချင်းဟိုင်တောင်တန်းဒေသ၌နေထိုင်သူတိုင်း တစ်ယောက်မကျန် ကလေးလူကြီးအားလုံး ကြားဖူးကြသောပုံပြင်တစ်ပုဒ်လည်းဖြစ်ပေ၏။

ပုံပြင်ထဲမှမိစ္ဆာစားရှင်ဆိုသူကို....

အားလုံးက ထိတ်လန့်ကြောက် ရွံ့နေမိကြ၏။ တစ်နေ့နေ့၌ ထိုပုံပြင်ထဲကအတိုင်း တကယ်ဖြစ်ပျက်လာမှာလားဟု....

ကြံဖန်တွေးတော ကြောက်ရွံ့တုန်လှုပ်နေမိကြခြင်းလည်းဖြစ်ပေသည်။

မိစ္ဆာစားရှင်ပုံပြင်ကား အခြားမဟုတ်ပါ။

ချင်းဟိုင်တောင်တန်းဒေသနှင့် မလှမ်းမကမ်းတွင်ရှိသော အယူသည်းသည့် ရွှမ်နယ်ခြားသားများက ကေရာစ်ဘုရင်မင်းမြတ်ကို ပုန်းစားခြားနားရာတွင် ရွှမ်နယ်ခြားသားများကိုခေါင်းဆောင်သော ရွှမ်ဟိုင်စန်းအမည်ရှိ လူတစ်ယောက်အကြောင်းကို ဖွဲ့နွဲ့ပြောဆိုသောပုံပြင်တစ်ပုဒ်သာဖြစ်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးသည် လွန်စွာဆန်းကြယ်လှ၏။

တစ်ခါတစ်ရံ၌ ဖြစ်လာလိမ့်မည်ဟုကြိုတင်တွက်ဆထားသောအရာများသည်လုံးဝဖြစ်မလာတတ်သလို စိတ်ကူးယဉ်အိပ်မက်များဟုထင်မှတ်ထားသောအရာများသည်လည်း တစ်ခါတစ်ရံ လုံးဝမယုံကြည်နိုင်လောက်အောင် အမှန်တကယ် ဖြစ်လာတတ်ပေသည်။

ရှမ်အရိုင်းအစိုင်းတို့၏ခေါင်းဆောင် ရှမ်ဟိုင်စန်းအကြောင်းဖွဲ့နွဲ့ပြောဆိုခဲ့ကြသည့်မိစ္ဆာဓားရှင်ပုံပြင်သည် အမှန်တကယ် အသက်ဝင်လှုပ်ရှားလာခြင်းက ဤအချက်ကို ကောင်းစွာသက်သေခံနေပြီမဟုတ်ပါလား။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## သူ့ရဲ့ဘောကြောင်သူ

လပြည့်ညဖြစ်သည်။

ကောင်းကင်ပေါ်တွင် ငိုင်းစက်ကြည်လင်သောလမင်းကြီး ထိန်ထိန်သာနေ၏။

ကြယ်ပွင့်ကလေးများကလည်း ပြိုးပြိုးပျက်ပျက်ဝင်းလက်တောက်ပနေလေသည်။

အေးမြသောညလေများသည် သုန်သုန်ညှင်းညှင်းဖေ့ဝဲတိုက်ခတ်လျက်ရှိ၏။

ညမွှေးပန်းရနံ့များသည် လေနှင့်အတူ လွင့်မျောမွှေးမြနေလေ၏။ နှင်းရည်ဆွတ်ဖျန်းထားသော သစ်ရွက်စိမ်းစိမ်းများရှိသည့် သစ်ပင်များသည်....

www.burmeseclassic.com

www.burmeseclassic.com



အရပ်လေးမျက်နှာတစ်ခွင် မျက်စိတစ်ဆုံး ဖုံးလွှမ်းလျက်ရှိနေလေသည်။

ဟိုးအဝေးတွင် မှိုင်းညိုညို့တောင်တန်းကြီးများကိုတွေ့မြင်နိုင်ပေသည်။

ချင်းဟိုင်တောင်တန်းဒေသသည် သဘာဝအလှအပများဖြင့် ရင်သပ်ရှုမောသာယာလှပနေတော့သည်။

၀၀၀၀



ငွေရောင်ဝေါက်ပသောလရောင်အောက်တွင်....

ချိုရှမ်း၊ ယန်စီနှင့်သုကျိန်းတို့သုံးယောက် ဖြတ်လမ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့ကြ၏။

၎င်းတို့သည် ချင်းဟိုင်တောင်တန်း၏အရှေ့ဘက် မိုင်ပေါင်းခြောက်ဆယ်ကျော်အကွာရှိလုံ့ရှန်မြို့လေးသို့သွားရောက်ကာ....

သဘာဝတောထွက်ပစ္စည်းများရောင်းချ၍ အသုံးအဆောင်ပစ္စည်းများသယ်ယူလျက် ဝံမြို့ကျေးရွာသို့ပြန်လာခဲ့ခြင်းဖြစ်သည်။

သူတို့သည် လုံ့ရှန်မြို့သို့ရောက်ခိုက် ပျော်ကြူးခဲ့ကြသဖြင့် အပြန်ခရီး၌ အချိန်လင့်သွားကြသည်။

ထို့ကြောင့်....

လမ်းခရီး၌ မိုးချုပ်သွားခြင်းဖြစ်ပေသည်။

စိမ်းလန်းသောသစ်ပင်ချုံနွယ်များကြားမှ....

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းခရီးနှင်လာကြရင်း

ချိုရှမ်းသည် ကောင်းကင်ပေါ်မှလဝန်းကိုမော့ကြည့်ကာ သက်ပြင်းချလိုက်လေသည်။

"လတောင် အတော်မြင့်တက်နေပြီ… ဒီအတိုင်းဆိုရင် မိုးလင်းကာနီးမှရွာကိုပြန်ရောက်တော့မယ်ထင်တယ်"

သူ၏ရေရွတ်သံကြောင့် ယန်စီနှင့်သုကျိုန်းတို့သည်လည်း ကောင်းကင်ပေါ်မှလဝန်းကိုမော့ကြည့်မိလိုက်ကြသည်။

မြူတိမ်များကင်းစင်နေသဖြင့် ဝိုင်းစက်ကြည်လင်သော လဝန်းကြီးကို အတိုင်းသားတွေ့မြင်နေရပေသည်။

ချိုရှမ်းပြောသည့်အတိုင်း….

မိုးလင်းကာနီးအချိန်တွင်မှ ဝံဖြူကျေးရွာသို့ ပြန်ရောက်နိုင်တော့မည်ဖြစ်ကြောင်း….

သူတို့နားလည်သဘောပေါက်လိုက်ကြသည်။

သုကျိုန်းသည် နဖူးပေါ်မှစို့ရွှဲနေသောချွေးများကို သုတ်ပစ်လိုက်ပြီး….

"မိုးလင်းကာနီးမှရွာကိုပြန်ရောက်မယ့်အတူတူ မထူးပါဘူးကွာ၊ ခဏလောက်နားလိုက်ကြရအောင်"



သုကျိုန်းကား အပူအပင်ရှိဟန်မတူ ဘာမျှအလေးအနက်ထားဟန်လည်းမရှိ ခပ်အေးအေးနှင့်သက်သက်သာသာနေလိုဟန်ရှိသည်။

"ဟုတ်တယ်… ညဥ့်မနက်ခင် ရွာပြန်ရောက်အောင် ခရီးနှင်ခဲ့ကြပေမယ့် ပင်ပန်းတာပဲရှိတယ်၊ ခုမှ လောနေစရာမလိုတော့ပါဘူး၊ တအောင့်တနား နားလိုက်ရအောင်"

ယန်စီကလည်း အားတက်သရော ထောက်ခံပြောဆိုလိုက်လေသည်။

ချိုရှမ်းမှာနှစ်သက်သဘောကျခြင်းမရှိသော်လည်း….

သူငယ်ချင်းနှစ်ယောက်၏ဆန္ဒကိုမငြင်းဆန်တော့ပေ။

ခေါင်းညိတ်သဘောတူလိုက်လေ၏။

"ကောင်းပြီလေ… နားကြတာပေါ့"

သို့ဖြင့် သူတို့သည် သင့်တော်မည့်တစ်နေရာ၌ ခေတ္တခဏ အနားယူလိုက်ကြလေတော့၏။

ထိုအခါ….

"ကဲ… နားလက်စနဲ့ မထူးပါဘူး၊ တစ်ခွက်တစ်ဖလား မော့လိုက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းက အသင့်ပါလာသောအရက်ပုလင်းကိုထုတ်ရင်း ပြောလိုက်သည်။

သူ၏စကားကြောင့်....

ယန်စီသည် ရေငတ်တုန်း ရေတွင်းထဲကျသလို ဝမ်းသာအားရဖြစ်သွားပြီး....

"ဟ.... ဒါဆို ငါကလဲ အမြည်းစိုက်ရသေးတာပေါ့ကွာ"

သူသယ်ဆောင်လာသောအထုပ်အပိုးထဲမှ အသားခြောက်တစ်တွဲကိုထုတ်ယူလိုက်သည်။

ချိုရှမ်းသည် ယန်စီ၏အသားခြောက်တွဲကိုကြည့်ပြီး....

"ယန်စီ... မင်းရဲ့အသားခြောက်က အစိမ်းကြီးပဲ၊ ဘယ်လိုလုပ်စားရမှာလဲကွ"

ဟု နှာခေါင်းရှုံ့၍ပြောလိုက်လေသည်။

ယန်စီက သဘောကျဟန်ဖြင့်ပြုံးရင်း....

"ဒီကောင် တယ်ခက်ပါလား... အသားကိုဆားနယ်ပြီး နေခြောက်လှမ်းထားတာ၊ နေအရှိန်နဲ့ကျက်ပြီးသားဖြစ်နေပြီလေကွာ၊ ခုချိန်မှာ မီးဖုတ်ချက်ပြုတ်နေရဦးမှာလား၊ ဒီအတိုင်းစားကွာ"

သုကျိန်းကရယ်လိုက်သည်။



"ဟုတ်တယ်... ဒီအတိုင်းပဲစားကွာ၊ ဗိုက်ထဲရောက်တဲ့အခါ အရက်နဲ့ရောပြီး သူ့ဘာသာကျက်သွားလိမ့်မယ်"

ပြောပြောဆိုဆို အရက်တစ်ငုံသောက်လိုက် အသားခြောက်တစ်မြောင်းစားလိုက်နှင့်စည်းစိမ်ယစ်နေလေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ လုံရှန်းမြို့ရဲ့ နာမည်ကြီးအသားခြောက်ဆိုင်က ဝယ်လာတဲ့အမဲသားခြောက်ကွ၊ နေလှန်းကတည်းက အရသာပြည့်စုံအောင် တစ်ခါတည်းစီမံထားတာ၊ မချက်ဘဲ ဒီအတိုင်းစားလဲ ဘာမှမဖြစ်ဘူး၊ ရော့... စား"

ယန်စီကပြောရင်း ချီရှမ်းအားအမဲသားခြောက်တစ်မြောင်း ပေးလိုက်သည်။

ချီရှမ်းက လှမ်းမယူသေးဘဲ....

"ဒါ အမဲသားခြောက်ဟုတ်လား"

ဟုမေးလိုက်သည်။

ယန်စီမျက်မှောင်ကုပ်သွားပြီး....

"ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ"

"ဒုက္ခပါပဲကွာ"



ချီရှမ်းသည်ညည်းတွားရင်း ခေါင်းကုပ်လိုက်၏။

အမဲသားခြောက်ကိုတမြုံ့မြုံ့ဝါးရင်း အရသာခံလျက်ရှိသော သုကျိုန်းသည် ချီရှမ်းမျက်နှာပျက်သွားသည်ကိုတွေ့လိုက်ရသဖြင့်....

"ချီရှမ်း...မင်းဘာဖြစ်တာလဲ"

ဟုလှမ်းမေးလိုက်၏။

ချီရှမ်းကမျက်နှာရှုံ့မဲ့ရင်း....

"မင်းတို့ကြောင့် ခက်ကုန်တော့မှာပဲ... ဒီချင်းဟိုင်တောင်တန်းပေါ်မှာ ညအချိန်မတော် မကောင်းဆိုးရွားတွေ ကျင်လည်ကျက်စားနေတယ်ဆိုတာမင်းတို့အသိပဲ၊ အရက်နဲ့အမဲသားခြောက်က သရဲတစ္ဆေတွေကိုဖိတ်ခေါ်သလိုဖြစ်နေတော့မှာပေါ့"

ချီရှမ်းသည် သရဲတစ္ဆေများနှင့်ရင်ဆိုင်တွေ့ရမည်ကို အမှန်ပင် စိုးရွံ့နေဟန်ရှိ၏။

သူ၏စကားအဆုံးတွင်....

"ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"

သုကျိုန်းနှင့်ယန်စီတို့က ပြက်လုံးတစ်ခုကြားလိုက်ရသလို ဟက်ဟက်ပက်ပက်ရယ်မောလိုက်ကြကုန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ရယ်မောသံများသည် တိတ်ဆိတ်နေသော ညဉ့်ယံ

ပျော်ရွှင်မှုတွေကျယ်လောင်နေပေတော့၏

၀၀၀



ယန်စီရဲ့ သူကိုနီးတို့၏ရယ်မောသံကြောင့်....

ချိုရှမ်းမှာမကျေမနပ်ဖြစ်သွားပြီး....

"မင်းတို့ဘာရယ်တာလဲ၊ ငါ့ကိုလှောင်တာလား"

ဟုမကျေမနပ်လေသံဖြင့်မေးလိုက်သည်။

ယန်စီက ခေါင်းခါယမ်းလိုက်ရင်း....

"လှောင်တာမဟုတ်ပါဘူးကွာ... သဘောကျလို့ပါ"

ဟုပြောလိုက်လေသည်။

သူ့စကားကြောင့် ချိုရှမ်းပို၍စိတ်တိုသွားသည်။

"ဘာကွ"

"မင်းက တခြားသရဲ့ပုံပြင်တွေကိုယုံကြည်နေတာကိုး၊ မင်းကိုယ်မင်းသေချာပြန်ကြည့်စမ်းပါဦး... ကလေးတစ်ယောက်မှမဟုတ်တော့တာ"

www.burmeseclassic.com

www.burmeseclassic.com



ယန်စီ၏စကားအဆုံးတွင်…

သုကျိန်းကလည်းဝင်ပြောလိုက်သည်။

“အေးလေ… တရွှေသရဲပုံပြင်တွေကို လူတိုင်းကြားဖူးတာပဲ၊ သရဲကို အပြင်မှာဘယ်သူကများတွေ့မြင်ဖူးကြလို့လဲ၊ အလကား ကြံဖန်ပြီးကြောက်မနေစမ်းပါနဲ့ကွာ”

ချီရှမ်းခေါင်းခါယမ်းလိုက်သည်။

“မင်းတို့ပါးစပ်က ပေါက်ကရတွေလျှောက်မပြောနဲ့၊ တစ်ချိန်တုန်းက ဒီတော ဒီတောင်တွေထဲမှာ သွေးထွက်သံယိုတိုက်ပွဲတွေ အကြီးအကျယ်ဖြစ်ခဲ့ဖူးတာကွ”

သုကျိန်းနှင့်ယန်စီကဘာမှပြန်မပြောဘဲ အသာငြိမ်နေလိုက်ကြသည်။

ချီရှမ်းက ဆက်ပြောသည်။

“အဲဒီတိုက်ပွဲမှာ သေလိုက်ကြတာမှသောက်သောက်လဲပဲ၊ မကျွတ်မလွတ်တဲ့ဝိညာဉ်တွေဟာ ညအချိန်ရောက်ရင် တောတောင်တစ်ခွင် လှည့်လည်ကျက်စားနေတယ်တဲ့၊ မင်းတို့မယုံချင်နေ ငါတော့ယုံတယ်၊ ဒါကြောင့်လဲ ညဥ့်မနက်ခင်းရှာကိုအရောက်ပြန်ချင်နေတာ၊ မင်းတို့နှစ်ယောက်ကြောင့် ခုလိုနှောက်ကျရတာ”



ပြောရင်း ကြောက်လည်းကြောက် ဒေါသလည်းထွက်လာဟန်ရှိသည်။ ခရီးဖင့်နေရသည်ကိုလည်းမကျေနပ်နိုင်ချေ။

ယန်စီနှင့်သုကျိန်းတို့ကား ချီရှမ်းကြောက်နေသည်ကိုကြည့်ကာ ပို၍သဘောကျစွာရယ်မောလိုက်ကြကုန်လေသည်။

“ဟား… ဟား… ဟား… ဟား”

ဟက်ဟက်ပက်ပက်ရယ်မောလိုက်ကြရုံသာမက…

အရက်နှင့်အမဲသားခြောက်များကိုလည်း အားရပါးရတာမင်သက်သက်စားသောက်ပြလိုက်ကြသည်။

“မကောင်းဆိုးရွားဝိညာဉ်တွေရှိရင် ပိုတောင်ကောင်းသေးတယ်… အရက်သောက်ဖို့အဖော်ရတာပေါ့”

သုကျိန်းကရယ်မောပြောဆိုလိုက်ရာ ယန်စီကလည်း…

“ဟုတ်လိုက်လေကွာ… သောက်မယ့်သောက်တော့လဲ အပေါင်းအဖော်တွေနဲ့ဆိုရင် ပိုပြီးပျော်စရာကောင်းတာပေါ့”

သုကျိန်းနှင့်ယန်စီတို့နှစ်ယောက်က အတိုင်အဖောက်ညီညီပြောရင်း ဟားတိုက်ရယ်မောလိုက်ကြသည်။

ချီရှမ်းကား ပို၍ထိတ်လန့်ကြောက်ရွံ့လာတော့၏။

“ဟေ့… မင်းတို့လျှောက်ပြောမနေကြနဲ့”

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ထိတ်ပျာပျာနှင့်လှမ်း၍ဟန့်တားလိုက်၏။

သို့သော် သုကျိန်းနှင့်ယန်စီတို့ကအရေးစိုက်ခြင်းမရှိချေ။

"ချိုရှမ်း မင်းယောကျ်ားမဟုတ်လား၊ ဘာကြောင့် ကြောက်နေရတာလဲ၊ တစ္ဆေသရဲဆိုတာ တကယ်ရှိတာမဟုတ်ဘူးကွ"

သုကျိန်းကပြောလိုက်၏။

ယန်စီကလည်း....

"ရော့ အရက်တစ်ခွက်သောက်လိုက်၊ မင်းရဲ့ကြောက်စိတ်တွေပျောက်သွားလိမ့်မယ်"

ဟုပြောကာ အရက်တစ်ခွက်ငှဲ့၍လှမ်းပေးလိုက်၏။

ချိုရှမ်းသည် ငြင်းရန်ဟန်ပြင်ပြီးမှရဲဆေးတင်သည့်သဘောဖြင့်ယူပြီးသောက်လိုက်သည်။

"ရော့... စားလိုက်ဦး"

သုကျိန်းကအမဲသားခြောက်ကိုလှမ်းပေးလိုက်သည်။

ထိုအခါတွင်ကား....

"ဟင့်အင်း... ငါမစားဘူး"

ချိုရှမ်းကငြင်းလိုက်၏။

"စားပါကွာ"



ယန်စီကရယ်မောရင်းအတင်းကျွေးရာ ချိုရှမ်းကခေါင်းတွင်တွင်ခါလျက်....

"ငါမစားဘူးကွ"

ဒေါသတကြီးအော်ပြီး သုကျိန်းနှင့်ယန်စီတို့ကို မျက်လုံးပြူးကြီးဖြင့်ကြည့်လိုက်၏။

ထို့နောက် မကျေမနပ်လေသံဖြင့်....

"မင်းတို့လွန်လွန်းပြီကွာ... တော်ပြီ မင်းတို့ဘာသာနေခဲ့ကြ၊ ငါသွားတော့မယ်"

စကားဆုံးသည်နှင့် ချိုရှမ်းသည် သူ၏အထုပ်အပိုးများကိုယူကာ ဒရောသောပါးပြေးလွှားထွက်ခွာသွားတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ချိုရှမ်းသည် အထုပ်အပိုးဆွဲကာ ပြေးလွှားထွက်ခွာသွားပြီ ဖြစ်ပေသည်။

နောက်ကြောင်းပြန် လှည့်မကြည့်။

သုကျိုန်းတို့နှင့် ဝေးနိုင်သမျှဝေးအောင် သုတ်ခြေတင်ပြေး ထွက်သွားခြင်းဖြစ်လေသည်။

"ဟား... ဟား... ဟား... ဟား"

"ဟား... ဟား... ဟား... ဟား"

တဟားဟားရယ်မောသံများက ပြေးလွှားထွက်ခွာသွား သည့်ချိုရှမ်းနောက်သို့ ထက်ကြပ်မကွာလိုက်ပါသွားသည်။

ယန်စီနှင့်သုကျိုန်းတို့သည်....

ပြေးလွှားထွက်ခွာသွားသည့်ချိုရှမ်းကိုကြည့်ကာ ဟားတိုက် ရယ်မောရင်းကျန်ရစ်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင်....

ချိုရှမ်းသည် သူတို့မျက်စိအောက်မှပျောက်ကွယ်သွားပြီဖြစ်လေသည်။

ထိုအခါမှ....

"ဒီကောင် တော်တော်ကြောက်တတ်တာပဲကွ"

ဟုယန်စီကပြောလိုက်သည်။

သုကျိန်းက....

"ချင်းပဟိုင်တောင်တန်းရဲ့သရဲတစ္ဆေပုံပြင်တွေဟာ ရိုးအီနေပါပြီကွာ၊ ရွှမ်နယ်ခြားသားတွေရဲ့ခေါင်းဆောင်ရွှမ်ဟိုင်စန်းဆိုတဲ့ မိစ္ဆာမားရှင်အကြောင်းဆိုရင် ဒီနေ့အထိ ပြောလို့မဆုံးနိုင်သေးဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်လောက်ကရွှမ်ဟိုင်စန်းဟာ ခုလောက်ဆိုရင်အရိုးတောင်ဆွေးနေလောက်ပါပြီကွာ"

"အရိုးဆွေးတာမဆွေးတာအသာထား... ချိုရှမ်းဒေါ်ပွပြီးတစ်ယောက်တည်းထွက်သွားတာ လမ်းမှာတစ်ခုခုဖြစ်ရင် မကောင်းဘူး... တို့လိုက်သွားကြရအောင်"

ယန်စီသည် တစ်ယောက်တည်းထွက်သွားသောချိုရှမ်းကိုစိတ်မချနိုင်ဟန်ရှိသည်။



သူ၏စိုးရိမ်မကင်းသောလေသံကြောင့် သုကျိန်းလည်း မငြင်းသာတော့ဘဲ....

"ကောင်းပြီလေ... သွားကြတာပေါ့"

နှစ်ယောက်သား အရက်ပုလင်းနှင့်အမဲသားခြောက်များကိုသိမ်းဆည်းကာ ချိုရှမ်းနောက်သို့ ခပ်သွက်သွက်ပင် လိုက်သွားကြလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မိစ္ဆာဘားရှင်နှင့်တွေ့ခဲ့သူ

---

ညဥ့်သည် ပို၍နက်ရှိုင်းလာလေ၏။

ဝန်းကျင်တစ်ခုလုံး နှင်းမှုန်များအုံ့ဆိုင်းလွှမ်းခြုံနေ၏။

တောင်တန်းဒေသဖြစ်သဖြင့် အေးစိမ့်မှုကလွန်ကဲလာ၏။

"ဝူး... ဝူး..."

အဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံများက...

မကောင်းဆိုးဝါးများကိုတွေ့မြင်ရသဖြင့် ဆင့်ကဲဆင့်ကဲအူလိုက်သလိုရှိနေပေရာ အသည်းငယ်သူများအတွက် ချောက်ချားဖွယ်ရာကောင်းနေတော့သည်။

ကြောက်တတ်သူများမဟုတ်သော သုကျိန်းနှင့်ယန်စီတို့ပင် ကျောထဲစိမ့်သွားသလို ခံစားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လာကွ"

သုကျိန်းနှင့်ယန်စီတို့နှစ်ယောက်သား ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ရင်း ချိုရှမ်းနောက်သို့လိုက်ခဲ့ကြရာ....

"အား...."

မလှမ်းမကမ်းတစ်နေရာမှ ကြောက်မက်ဖွယ်အသံနက်ကြီး တစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

ယန်စီနှင့်သုကျိန်းတို့ ထိတ်ခနဲဖြစ်သွားကြရတော့၏။

နှစ်ယောက်သား ခြေလှမ်းများတုံ့ခနဲရပ်သွားကြပြီး တစ်ဦးကိုတစ်ဦးကြည့်လိုက်မိကြသည်။ သုကျိန်းက...

"ဒါ ချိုရှမ်းရဲ့အသံနဲ့တူတယ်"

ယန်စီခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... တစ်ခုခုများဖြစ်နေပြီလား"

သူတို့တွေးတောနေစဉ်ပင် ပြေးလွှားလာသောခြေသံများကိုကြားလိုက်ရ၏။ မရှေးမနှောင်းမှာပင် သစ်ပင်များကြားမှ ဒရောသောပါးပြေးထွက်လာသောချိုရှမ်းကိုတွေ့လိုက်ရလေတော့၏။

"ချိုရှမ်း...."

ယန်စီတို့လွှတ်ခနဲခေါ်မိလိုက်ကြ၏။



ချိုရှမ်းသည် မျက်စိပျက်မျက်နှာပျက်ဖြင့်....

"သ... သရဲ"

ထိတ်ထိတ်ပျာပျာအော်ရင်း ယန်စီတို့ထံ အားကိုးတကြီးပြေးလာ၏။ ချိုရှမ်း၏အသွင်သဏ္ဌာန်မှာ လွန်စွာထိတ်လန့်ကြောက်ရွံ့နေပုံရသည်။ ယန်စီနှင့်သုကျိန်းတို့က သူ့အားဆီးကြိုဖေးမရင်း....

"ချိုရှမ်း... မင်း ဘယ်လိုဖြစ်လာတာလဲ"

"သ... သရဲ"

ချိုရှမ်းမှာ ထစ်ထစ်ငေါ့ငေါ့ဖြင့် ဆက်မပြောနိုင်ဘဲဖြစ်နေသည်။ သူ့ရင်ဘတ်သည် နိမ့်ချည်မြင့်ချည်ဖြင့် ဖားဖိုကြီးနှင့်ပင်တူနေ ပေတော့သည်။

"ဟေ့ကောင်... မင်းဘာဖြစ်နေတာလဲ"

စိတ်ဆတ်သောသုကျိန်းက ကြောက်ရွံ့လွန်းသဖြင့် ဇောချွေးပြန်ပြီး တစ်ကိုယ်လုံး တုန်ယင်နေသည့်ချိုရှမ်း၏ပါးကို ရိုက်ချလိုက်သည်။ သို့မဟုတ်လျှင် ဘာမျှမေး၍ရတော့မည်မဟုတ်ပါ။

"ဖြန်း...."

ချိုရှမ်းမှာ နာကျင်မှုနှင့်အတူ သတိဝင်လာပုံရ၏။

မျက်လုံးပြူးကြီးဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်သည်။

"မင်း ဘာဖြစ်လာတာလဲပြောစမ်း"

သုကျိန်းကငေါက်ငမ်းလိုက်၏။ ချိုရှမ်းမှာ သတိပြန်ဝင်လာပြီဖြစ်သော်လည်း အကြောက်ပြေပုံ မရသေးချေ။

"သ... သရဲ"

"ဘာကွ"

ချိုရှမ်းက ထစ်ထစ်ငေ့ါငေ့ါဖြင့်....

"ငါ... ငါ... ရွှမ်... ရွှမ်ဟိုင်စန်းကိုတွေ့ခဲ့တယ်"

သူ့စကားကြောင့်....

"ဟား... ဟား... ဟား... ဟား"

သုကျိန်းကခါးထောက်ကာ ဟားတိုက်ရယ်မောလိုက်လေသည်။ သူသည်....

အားရအောင်ရယ်ပြီးမှ...

"ဖြစ်မှဖြစ်ရလေချိုရှမ်းရယ်... ဒီယုံတမ်းစကားပုံပြင်တွေကို မင်း အခုထိယုံနေတုန်းပဲလား"

ချိုရှမ်းက ခေါင်းတွင်တွင်ခါရင်း....

"ငါ... ငါ... တကယ်တွေ့ခဲ့တာကွ"



"နေပါဦး... မင်းဘယ်မှာတွေ့ခဲ့တာလဲ"

"ပြောစမ်းပါဦး"

ယန်စီက ကြားဝင်မေးလိုက်ခြင်းဖြစ်သည်။

ချိုရှမ်းက သူပြေးလာခဲ့သည့်လမ်းဘက်သို့ လက်ညှိုးထိုးပြကာ...

"ဟို... ဟို... ညောင်ပင်ကြီးနားမှာ"

ချိုရှမ်းညွှန်ပြရာဘက်သို့ ယန်စီနှင့်သုကျိန်းတို့က လှမ်း၍ အကဲခတ်ကြည့်လိုက်ကြ၏။

ချိုရှမ်းညွှန်ပြသည့်အရပ်တွင်....

ချင်းဟိုင် တောင်တန်းဒေသ၏နာမည်အကြီးဆုံး မိစ္ဆာနယ်မြေရှိလေသည်။

ထိုမိစ္ဆာနယ်မြေတွင် ညောင်ကျပ်ပင်ကြီးတစ်ပင်ရှိ၏။

"ငါ... ငါ စိတ်ဆိုးဆိုးနဲ့ထွက်သွားတာ ညောင်ကျပ်ပင်ကြီးဘက်ကိုရောက်သွားတယ်၊ အဲ့ဒီမှာ ရွှမ်ဟိုင်စန်းကိုတွေ့လိုက်ရတာပဲ"

ချိုရှမ်းကပြောလိုက်ခြင်းဖြစ်သည်။

သူ၏စကားအဆုံးတွင်....

သုကျိန်းက....

www.burmeseclassic.com

www.burmeseclassic.com



"ရွှမ်ဟိုင်စနီးက မင်းကိုတွေ့တော့ ငါ့ဦးခေါင်းကိုပြန်ပေးဆိုပြီး တောင်းတော့တာပဲလား"

ဟုအငေါ်တူး၍မေးလိုက်၏။

ချီရှမ်းက...

"ငါ တကယ်ပြောနေတာ... ငါလဲကြောက်ကြောက်နဲ့ထွက်ပြေးလာတာ၊ ငါ့အထုပ်တွေတောင်ကျန်ရစ်ခဲ့တယ်"

သုကျိုန်းကနှာခေါင်းရှုံ့ကာ...

"ဒုက္ခပါပဲကွာ... မင်းကြောက်တာက အရေးမကြီးဘူးကွ၊ မှာလိုက်တဲ့ပစ္စည်းပါမလာရင် အပြောခံနေရဦးမယ်၊ ကဲ... လာ သွားယူရအောင်"

"ဟာ... ငါမလိုက်ဘူး"

ချီရှမ်းက ပျာပျာသလဲပင်ငြင်းလိုက်လေသည်။

သုကျိုန်းမှာ ချီရှမ်း၏အကြောက်လွန်ပုံကြောင့် စိတ်မရှည်နိုင်အောင်ဖြစ်သွားရတော့၏။

"မင်း ဘာဖြစ်နေတာလဲ၊ ငါတို့ရှိနေတာပဲ၊ လာသွားမယ်"

"ငါ... ငါ..."

ချီရှမ်းက တွန့်ဆုတ်တွန့်ဆုတ်လုပ်နေသဖြင့်....



သုကျိုန်းသည် စိတ်မရှည်နိုင်ဘဲ ချီရှမ်း၏လက်ကိုဆွဲကာအတင်းအကျပ်ခေါ်သွားလေတော့၏။

ချီရှမ်းလည်း ဘာမျှမတတ်နိုင်တော့ဘဲ ကန့်လန့်ကန့်လန့်နှင့် သုကျိုန်းဆွဲခေါ်ရာနောက်သို့ပါသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသောတောအုပ်ကြီးအလယ်၌ ရွှံ့မြေပျော့များရှိနေလေသည်။

ထိုနေရာတွင် ဩောင်ကျပ်ပင်ကြီးတစ်ပင် ထီးထီးကြီးပေါက်လျက်ရှိနေပေသည်။

ထိုဩောင်ကျပ်ပင်ကြီးမှာ အလွန်ကြီးမားပြီး လူနှစ်ယောက်ဖက်စာခန့်လုံးပတ်ရှိ၏။

ဩောင်ရွက်များသည် စိမ်းစိုကာအုံ့ဆိုင်းလျက်ရှိသည်။

အကိုင်းအခက်များ သပ္ပတ်အူနှယ်ယှက်လိန်ဖြာထွက်လျက်ရှိနေပေသည်။

ဩောင်မြစ်များက....

ခြေသည်းလက်သည်းများ ပမာ ကုန်းကမူလေးကို အမိုင်အမာကုတ်တွယ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းရောက်ရှိသွားချိန်၌....

ဝန်းကျင်တစ်ခုလုံးငြိမ်သက်အေးစိမ့်နေ၏။

ညောင်ကျပ်ပင်ကြီးနှင့်မလှမ်းမကမ်းတွင် ချိုရှမ်း၏ကျောပိုးအိတ်ကိုတွေ့ရလေသည်။

သုကျိန်းက ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်ပြီး....

"ရွှမ်ဟိုင်စန်းဘယ်မှာလဲ ပြောပါဦး"

ချိုရှမ်းကညောင်ကျပ်ပင်ကိုညွှန်ပြကာ....

"ငါ... ငါ ညောင်ပင်ကြီးနားမှာတွေ့လိုက်ရတာ"

"သွားစမ်းပါကွာ"

သုကျိန်းသည် ချိုရှမ်းအားအထင်သေးစွာကြည့်ပြီး...

အထုပ်ကလေးကိုသွားရောက်ကောက်ယူရန် ခြေလှမ်းပြင်လိုက်သည်။

ထိုအချိန်တွင် လေအေးတစ်ချက်ဝှေယမ်းတိုက်ခတ် လာပြီးညောင်ရွက်များ ရှဲခနဲလှုပ်ရှားသွားကြ၏။

သုကျိန်းသည် ဘာကိုမျှအရေးမစိုက်ဟန်ဖြင့် မြေပေါ်ကျနေသောအထုပ်ကလေးကိုကောက်ယူရန် ဟန်ပြင်လိုက်သည်။

ဤတွင်....



သူ၏ရင်ထဲ ထူးခြားသောခံစားချက်တစ်ခုဖြစ်ပေါ်လာလေသည်။ တစ်စုံတစ်ယောက်က သူ့အား ချောင်းကြည့်နေသည်ဟု ခံစားလိုက်ရခြင်းဖြစ်သည်။

ထို့ကြောင့် အထုပ်ကလေးကိုမကောက်ယူသေးဘဲ ညောင်ကျပ်ပင်ကြီးဆီသို့လှမ်းကြည့်လိုက်သည်။

ထိုစဉ် ညောင်မြစ်များသည် ချိုးချိုးချွတ်ချွတ်မြည်ကာ လှုပ်ရှားသွားသည်ကိုတွေ့လိုက်ရသည်။

"ဟင်...."

သုကျိန်း မျက်လုံးပြူးသွား၏။ သူစိုက်ကြည့်နေစဉ်မှာပင်ထိုညောင်မြစ်များကြားမှ မည်းမည်းသဏ္ဍာန်ကြီးတစ်ခုထွက်လာသည်ကိုတွေ့လိုက်ရလေသည်။

"မိစ္ဆာများရှင်...."

ချိုရှမ်းထံမှ ထိတ်လန့်တကြားစူးစူးဝါးဝါးအော်ဟစ်သံထွက်ပေါ်လာ၏။

မည်သည့်အရာကိုမျှအရေးမစိုက်သော သုကျိန်းသည်မည်းမည်းသဏ္ဍာန်ကြီးထိုးထွက်လာသည်ကို တွေ့လိုက်ရသည့်အခါသူ၏သတ္တိများ ဘယ်ကိုရောက်ကုန်မှန်းမသိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်မွေးညင်းများပင် ထောင်ထသွားသည်ဟုတင်ရ၏။

ချိုရှမ်းနှင့်ယန်စီတို့ကား ဖနောင့်နှင့်တင်ပါးတစ်သားတည်းနေအောင် ထွက်ပြေးသွားကြပြီဖြစ်သည်။

"ငါ့ကိုစောင့်ပါဦး"

သုကျိန်းသည် အသံပြာပြာဖြင့်အော်ဟစ်ရင်း...

နောက်မှ ဒရောသောပါးပြေးလိုက်သွားလေတော့၏။

၀၀၀၀

ချိုရှမ်း၊ ယန်စီနှင့်သုကျိန်းတို့ ညောင်ကျပ်ပင်ကြီးအနီး၌မကောင်းဆိုးဝါးတစ်ကောင်နှင့်တွေ့ခဲ့သည်ဆိုသောသတင်းသည် တစ်ယောက်စကားတစ်ယောက်နားမှတစ်ဆင့် ချင်းဟိုင်တောင်တန်းတစ်ဝိုက်တောမီးပမာပျံ့နှံ့သွားလေတော့၏။

၎င်းတို့တွေ့ခဲ့ရသော မကောင်းဆိုးရွားကောင်ကြီးသည် မကျွတ်မလွတ်သေးသောရှမ်ဟိုင်စန်းဖြစ်ကြောင်း...

ရှမ်ဟိုင်စန်းသည် ရှမ်နယ်ခြားသားများအား တိုက်ခိုက်ချေမှုန်းပစ်ခဲ့သည့် ချင်းဟိုင်တောင်ပေါ်သားများကိုမကျေနပ်သဖြင့်...

လက်စားချေခြင်းဖြစ်ကြောင်းစသည်ဖြင့် ချဲ့ကားပြောဆိုလာကြသည်။

ရှမ်ဟိုင်စန်းအသက်ထင်ရှားရှိစဉ်ကလည်း ချင်းဟိုင်တောင်ရှိရွာများအားခြိမ်းခြောက်ခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်လည်း... ရွှမ်ဟိုင်စန်းသည် တစ်ကျော့ပြန်ခြိမ်းခြောက်လာပြန်ပြီဖြစ်သည်။

ရွှမ်ဟိုင်စန်းတစ္ဆေကိုယုံကြည်ကာ ကြောက်ရွံ့နေသူများရှိသလို မကောင်းဆိုးရွားတစ္ဆေသရဲဆိုသည်ကိုလက်မခံသူများလည်းရှိကြပေသည်။ ချင်းဟိုင်တောင်ပေါ်ဒေသတွင် ရွှမ်ဟိုင်တစ္ဆေတကယ်ရှိမရှိ ဒွိဟဖြစ်နေချိန်မှာပင်....

နောက်ထပ်ထူးခြားသောဖြစ်ရပ်များ ထပ်မံပေါ်ပေါက်လာလေတော့၏။

ဝဝဝဝ



## အတိတ်တစ္ဆေ

---

ဝံဖြူကျေးရွာ....

ဝံဖြူကျေးရွာကား... ချင်းဟိုင်တောင်ပေါ်ဒေသရှိ ရွာပေါင်းဆယ့်နှစ်ရွာတွင်ပါဝင်သောရွာတစ်ရွာဖြစ်သည်။

တောင်ပေါ်ရွာများအနက်... အချို့သောကျေးရွာများသည် အိမ်ခြေတစ်ရာ့ငါးဆယ်မျှသာရှိပြီး အချို့သောရွာများကား မြို့ငယ်လေးများနှင့်မခြား အိမ်ခြေထောင်ချီရှိကြသည်။

ဝံဖြူကျေးရွာသည်လည်း မြို့နှင့်မခြား စည်ကားသိုက်မြိုက်သောရွာကြီးတစ်ရွာပင်ဖြစ်လေသည်။

တစ်ချိန်က ကျူးကျော်လာသည့် ရွှမ်နယ်ခြားသားများအား ခုခံတွန်းလှန်ရာတွင် ရှေ့တန်းမှ ရွပ်ရွပ်ချွံချွံပါဝင်ခဲ့သောကျေးရွာလည်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်နယ်ခြားသားများအား ရွပ်ရွပ်ချွံချွံခုခံတွန်းလှန်ခဲ့သည့် ဝံဖြူကျေးရွာသားများသည် ရွှမ်ဟိုင်စန်းနှင့်ပတ်သက်၍ ဇာတ်ကြောင်းအမျိုးမျိုးပြောဆိုကြသူများလည်းဖြစ်၏။

ချိုရှမ်း၊ ယန်စီနှင့်သုကျိုန်းတို့သည် တောင်ပေါ်ဒေသထွက်ပစ္စည်းများအား မြေပြန့်မှလုံရှန်မြို့လေးသို့ သွားရောက်ရောင်းချပြီး အပြန်တွင် ညောင်ကျပ်ပင်ကြီး၌ ရွှမ်ဟိုင်စန်း တစ္ဆေ၏ခြောက်လှန့်ခြင်းကိုခံခဲ့ရသည်။

ဤတွင်... ရွှမ်ဟိုင်စန်းနှင့်ပတ်သက်သောပုံပြင်များသည် တစ်ကျော့ပြန် ဆန်းသစ်လာရပြန်လေတော့၏။

oooo

မိုးအကုန် ဆောင်းအကူးရာသီ....

ရာသီအကူးအပြောင်းကာလဖြစ်၍ မိုးကလည်းမကုန်တတ်သေး။ ဆောင်းကလည်း ပီပီပြင်ပြင်မရှိ။

ကောင်းကင်တွင် တိမ်ညိုများဖြင့်အုံ့မှိုင်းနေ၏။

တောင်စဉ်တောင်တန်းများတွင် မြူခိုးများရစ်သိုင်းနေ၏။

မြူခိုးများရစ်ဝဲနေသောတောင်ပေါ်ဒေသသည်....

တစ်မျိုးတစ်ဖုံသာယာလှပနေတော့သည်။

မြူနှင်းများကြား၌ အနွေးထည်မဝတ်ဘဲ သဘာဝ၏အအေးဓာတ်ကို ခံစားလမ်းလျှောက်ရသည့်အရသာမှာ တစ်သက်တာစွဲမက်ဖွယ်ပင်ဖြစ်ပေသည်။

ထိုခံစားမှုများကို နှစ်ခြိုက်သူတစ်ယောက် ဝံဖြူကျေးရွာ၌ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံဖြူကျေးရွာသည် မိုးလင်းလာသည်နှင့် သက်ဝင်လှုပ်ရှားမြဲဖြစ်သည်။

လမ်းပေါ်တွင် လှုပ်ရှားသွားလာနေကြသူများ....

တောင်ယာလုပ်ငန်းခွင်ဝင်မည့်သူများ....

စသည်ဖြင့် စည်ကားလာသလို....

ဈေးဆိုင်အရက်ဆိုင်နှင့်အခြားသောဆိုင်များသည်လည်း ဖွင့်လှစ်လာကြပြီဖြစ်သည်။

ထိုသို့သွားလာလှုပ်ရှားနေကြသူများတွင် အဖြူရောင်အင်္ကျီပါးပါးကိုသာ ဝတ်ဆင်ထားသောအမျိုးသမီးကြီးတစ်ယောက်လည်း ပါဝင်နေ၏။

ထိုအမျိုးသမီးကြီးမှာ အရွယ်နှင့်မလိုက်အောင်နုပျို၏။

ငယ်စဉ်ကတည်းကပင် အတော်ချောမောလှပခဲ့မည်ဟု ခန့်မှန်း၍ရလေသည်။

ထိုအမျိုးသမီးဖြတ်လာခဲ့သည့်လမ်းတစ်လျှောက်တွင် တွေ့ရသူတို့က....

သူမအားအရိုအသေပြုကြသည်။

နှုတ်ဆက်ကြသည်။



အမျိုးသမီးကြီးကလည်း ထိုသူများအား ပြုံးရွှင်သောမျက်နှာဖြင့် ပြန်လည်လက်ဝှေ့ယမ်းပြကာနှုတ်ဆက်လေသည်။

သို့ဖြစ်ရာ....

သူမသည် ဝံဖြူကျေးရွာ၏လူသိများသော အမျိုးသမီးကြီးတစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားနေပေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာရင်း တစ်နေရာသို့အရောက်တွင်....

"ဒေါ်လေးကျင်စု...."

ခေါ်သံနှင့်အတူ ကောင်လေးတစ်ယောက် အမျိုးသမီးကြီးရှေ့သို့ရောက်ရှိလာသည်။

ကျင်စုဆိုသောအမျိုးသမီးကြီးက....

"သြော်... ခွေးလေးပါလား"

ခွေးလေးအမည်ရှိကောင်လေးက....

"ဟုတ်ပါတယ်ဒေါ်လေး... ဒေါ်လေးရဲ့ဆေးဖိုးဝါးခနဲ့ကုပေးခဲ့လို့ ကျွန်တော့်မေမေရဲ့ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါပြီ၊ ဒေါ်လေးရဲ့ကျေးဇူးကိုဘယ်တော့မှမမေ့ပါဘူးခင်ဗျာ"

ခွေးလေးကအရိုအသေပေးရင်းတလေးတစားပြောရာ....



ဒေါ်လေးကျင်စုက....

"ကျေးဇူးတင်စရာမလိုပါဘူးကွယ်... မင်းကော ငါသွင်းပေးထားတဲ့အလုပ်ကို ကောင်းကောင်းလုပ်ရဲ့လား၊ မင်းပါဝိုင်းကူပြီးလုပ်မှ မင်းအမေသက်သာမှာ ပင်ပင်ပန်းပန်းမရှာရတော့ရင် မင်းအမေရဲ့ကျန်းမာရေးကောင်းလာမှာပဲကွယ့်"

ခွေးလေးခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်အလုပ်ကောင်းကောင်းလုပ်ပါတယ်၊ ဆိုင်ပိုင်ရှင်က ကျွန်တော့်ကိုသဘောကျပြီး မုန့်ဖိုးပေးတာကိုတောင် ကျွန်တော်မသုံးဘဲမေမေ့အတွက်စားစရာဝယ်ပေးပါတယ်၊ ဒေါ်လေးကျင်စုကိုလဲ ကျွန်တော်လာကန်တော့ပါဦးမယ်"

ဒေါ်လေးကျင်စုက ကျေနပ်အားရဟန်ဖြင့်....

"လိမ္မာတဲ့ကလေးပဲကွယ်... ကြိုးစားပေါ့ဟုတ်လား"

"ဟုတ်ကဲ့... ဒေါ်လေးကျင်စု၊ ကျွန်တော် သွားလိုက်ပါဦးမယ်နော်"

"အေး... အေး"

ခွေးလေးသည် ဒေါ်လေးကျင်စုအား နှုတ်ဆက်ကာ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကျင်စုသည် ချိုးကျူးသောအကြည့်ဖြင့် ငေးကြည့်ရင်း မြင်ကွင်းမှခွေးလေးပျောက်ကွယ်သွားမှ ရှေ့ဆက်လှမ်းသွားရန် ဟန်ပြင်လိုက်သည်။

ဤတွင်....

"တူမကြီးကျင်စု...."

အသံနှင့်အတူ အဘိုးအိုတစ်ယောက် အနီးသို့ရောက်လာပြီး နှုတ်ဆက်လိုက်ပြန်၏။

ဒေါ်လေးကျင်စုက လှမ်းကြည့်လိုက်ရင်း....

"သြော်... ဘဘကောင်းပါလား"

ဘဘကောင်းဆိုသောအဘိုးအိုက....

"တူမကြီးကျင်စု... နောက်တစ်ရက် နှစ်ရက်ကြာရင် မြို့က ကုန်သည်တွေရောက်လာမယ်လို့သတင်းကြားတယ်၊ အဲဒါ ကျုပ်မြေးအတွက် အဝတ်အစားသစ်တစ်စုံလောက်လိုချင်လို့ ကျုပ်လက်ထဲမှာလဲ ငွေမရှိဘူး၊ အဲဒါ ငွေနည်းနည်းလောက်ချေးဖို့ အကူအညီတောင်းချင်လို့ပါ"

ဘဘကောင်းကမတတ်သာသည့်သဘောဖြင့် ရှေ့မျက်နှာ နောက်ထားပြီးပြောလိုက်ခြင်းဖြစ်သည်။



ကျင်စုကရယ်မောကာ....

"သြော်... ဘဘကောင်းရယ်.... ဘဘကောင်းရဲ့မြေးလေး အတွက်ဆို ဘာမှမပူပါနဲ့... ငွေလဲချေးမနေပါနဲ့... ကျွန်မပဲစိုက်ဝယ် ပေးလိုက်ပါမယ်၊ သူလဲ အပျိုအရွယ်ဖြစ်လာပြီမဟုတ်လား... ဝတ်ချင် စားချင်မှာပေါ့"

ဘဘကောင်းဝမ်းသာသွားလေသည်။

"တူမကြီးကူညီခဲ့တာ များလှပါပြီ... ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရမှန်းတောင်မသိတော့ဘူး"

ကျင်စုကလက်ကလေးယမ်းကာ....

"ဘဘကောင်း... ကျွန်မကိုခင်ရင် ကျေးဇူးစကားမပြောပါ နဲ့ရှင်၊ ဘဘကောင်းမြေးလေးအတွက် ဘာမှမပူနဲ့ဟုတ်လား၊ ကဲ... ကျွန်မသွားလိုက်ဦးမယ်"

"ကောင်းပါပြီကွယ်... ကောင်းပါပြီ"

ကျင်စုသည် ဘဘကောင်းအားနှုတ်ဆက်ကာ ထွက်လာခဲ့ လေသည်။

လမ်းတစ်လျှောက်လုံး.... ဒေါ်လေးကျင်စုအား နှုတ်ဆက်သူများမှာ မရေမတွက်နိုင်အောင်ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံးလိုလို သူမ၏ကျေးဇူးနှင့်ကင်းနိုင်ပါမည်လော ဟု သံသယဝင်ဖွယ်ပင်ဖြစ်တော့သည်။

သူမသည် ယာမြေများနှင့် သစ်သီးခြံများပိုင်ဆိုင်ထားပြီး ငွေကြေးပြည့်စုံသူဖြစ်သည်။

ရုပ်ရည်ရူပကာယလည်း ချောမော၏။

သို့ပါလျက်....

အဘယ်ကြောင့် အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်းဘဝ ဖြင့်နေထိုင်ခဲ့ရသည်ကို လူတိုင်းက နားမလည်နိုင်အောင် အံ့သြနေခဲ့ ကြပေသည်။

ဒေါ်လေးကျင်စုသည် ရွာလယ်လမ်းကြီးအတိုင်းလျှောက် လှမ်းလာခဲ့ရာမှ တစ်နေရာသို့အရောက်တွင် လမ်းကြားလေးတစ်ခု အတွင်းသို့ချိုးဝင်ပြီး အိမ်တစ်လုံးရှေ့၌ရပ်တန့်လိုက်လေသည်။

ဝဝဝဝ



ဒေါ်လေးကျင်စုသည် လမ်းကြားလေးတစ်ခုအတွင်းရှိ အိမ် ကလေးတစ်လုံးရှေ့တွင်ရပ်တန့်လိုက်ပြီဖြစ်သည်။

ထိုအိမ်ကလေးမှာ တံခါးမကြီးကော ပြတင်းပေါက်များပါ ပိတ်ထားသဖြင့်....

အိမ်ရှင်များ အိပ်ရာမှမနိုးသေးကြောင်းထင်ရှားနေသည်။

ဒေါ်လေးကျင်စုကတံခါးခေါက်လိုက်သည်။

"ဒေါက်... ဒေါက်"

တံခါးခေါက်သံထွက်ပေါ်လာပြီး

မရှေးမနှောင်းမှာပင်....

"ဘယ်သူလဲ"

အိမ်ထဲမှအက်ကွဲသောအသံထွက်ပေါ်လာ၏။

ဒေါ်လေးကျင်စုမျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချို့ရှမ်း.. မင်းနိုးနေပြီမဟုတ်လား၊ ဘာကြောင့် အိမ်တံခါးတွေမဖွင့်သေးတာလဲ"

"ဒေါ်လေးကျင်စုလား"

"ဟုတ်တယ်"

စကားသံနှင့်မရေးမနှောင်းမှာပင် ကျိခနဲမြည်သံထွက်ပေါ်လာကာ အိမ်တံခါးပွင့်သွားလေသည်။

အဝတ်အစားဖရိုဖရဲ ဆံပင်စုတ်ဖွားနှင့် ချို့ရှမ်း၏မျက်နှာပေါ်ထွက်လာသည်။

"ဒေါ်လေးကျင်စု အိမ်ထဲဝင်ပါဦး"

ချို့ရှမ်းကဖိတ်ခေါ်လိုက်၏။

ဒေါ်လေးကျင်စုကခေါင်းခါယမ်းရင်း....

"မဝင်တော့ဘူး၊ ငါ့သစ်သီးခြံမှာအလုပ်သမားတစ်ယောက်လိုနေတယ်၊ မင်းလုပ်ချင်တယ်ပြောဖူးလို့ ငါလာမေးတာ"

ချို့ရှမ်းဝမ်းသာသွားပုံရ၏။

စေတနာကောင်းသည့်ဒေါ်လေးကျင်စုထံတွင် အလုပ်လုပ်ရသည်မှာ အခြားအလုပ်ရှင်များထံ၌လုပ်ကိုင်ရသည်ထက် သက်သာပြီး လုပ်အားခလည်းပိုရသည်မဟုတ်ပါလား။



ထို့ကြောင့် ဝမ်းသာအားရပင်...

"ကျေးဇူးပါပဲဒေါ်လေးကျင်စုရယ်... ကျွန်တော်လုပ်ပါ့မယ် ဒါပေမယ့်...."

ချို့ရှမ်းသည် ပြောရင်းစကားရပ်သွားသည်။

ထို့ကြောင့် ဒေါ်လေးကျင်စုမျက်မှောင်ကြုတ်သွားကာ...

"ဘာဖြစ်လို့လဲကွယ်"

ဟုမဆိုင်းမတွပြန်မေးလိုက်၏။

ချို့ရှမ်းကခေါင်းတစ်ချက်ဆိုးလိုက်ပြီး....

"ကျွန်...ကျွန်တော်... ကောင်းကောင်းနေမကောင်းသေးလို့ နောက်သုံးရက်လောက်မှအလုပ်ဆင်းခွင့်ပြုပါခင်ဗျာ"

ဒေါ်လေးကျင်စုမျက်မှောင်ကုပ်သွားသည်။

"မင်း နေမကောင်းသေးဘူးဟုတ်လား"

ထိုသို့မေးပြီးမှ ဒေါ်လေးကျင်စုသည် တစ်စုံတစ်ခုကိုသတိရသွားပြီး....

"ဒါနဲ့နေပါဦးကွဲ့... မင်းတို့ လုံရှန်မြို့ကအပြန် လမ်းမှာ သရဲအခြောက်ခံခဲ့ရတယ်လို့ပြောနေကြတယ်... ဒါအမှန်ပဲလား"

ထိုစကားကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ချိုရှမ်း၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ဟုတ်... ဟုတ်ပါတယ်ဒေါ်လေးကျင်စု၊ ရွှမ်ဟိုင်စန်းတစ္ဆေနဲ့တွေ့ခဲ့တာပါ"

သို့ဖြင့် ချိုရှမ်းသည် ကြုံဆုံခဲ့ရသည့်အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်သည်။ သူ့စကားအဆုံးတွင် ဒေါ်လေးကျင်စု သက်ပြင်းချလိုက်၏။

"အင်း... ရွှမ်ဟိုင်စန်းဟာ မသေခင်မှာ တို့ချင်းဟိုင်တောင်ပေါ်သားတွေကို ဘယ်တော့မှမကျေဘူးလို့ ကြုံးဝါးသွားခဲ့တာပဲလေ၊ သေပြီးတဲ့နောက် မကောင်းဆိုးရွားဘဝရောက်တော့လဲ ချောက်လှန့်ဒုက္ခပေးချင်တာဖြစ်မှာပေါ့"

ချိုရှမ်းမှာမျက်စိမျက်နှာပျက်ဖြင့်....

"ရှာစွန်က နတ်ဝင်သည်ပြောသလိုသာ ဖြစ်လာရင်တော့ဒုက္ခပါပဲဒေါ်လေးကျင်စုရယ်"

ဒေါ်လေးကျင်စုသက်ပြင်းချလိုက်သည်။

"ဖြစ်လာတော့လဲကံတရားပေါ့ကွယ်၊ ကဲ... ကဲ... မင်း နေကောင်းမှအလုပ်ဆင်းပေါ့၊ မင်းကိုပဲ ငါမျှော်နေမယ်... အလုပ်သမားထပ်မရှာတော့ဘူး၊ ဟုတ်ပြီလား"



ချိုရှမ်းက လက်နှစ်ဖက်ဆုပ်၍ဦးညွှတ်လိုက်သည်။

"ကျေးဇူးပါပဲဒေါ်လေးကျင်စုရယ်"

ကျင်စုသည် ချိုရှမ်းအားနှုတ်ဆက်ကာထွက်လာခဲ့လေ၏။

အပြန်ခရီးတစ်လျှောက်၌ တစ်စုံတစ်ခုအား အလေးအနက်တွေးတောစဉ်းစားနေဟန်ဖြင့်....

သူမ၏မျက်နှာသည် လေးနက်တည်ကြည်နေတော့၏။

လမ်းတစ်လျှောက် သူမအား နှုတ်ဆက်သူများကိုပင် ပြန်လည်နှုတ်ဆက်နိုင်ခြင်းမရှိဘဲ သူမ၏သစ်သီးခြံသို့ပြန်သွားလေသည်။

ချိုရှမ်းနှင့်တွေ့ဆုံစကားပြောပြီးနောက် ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသောသူမ၏မျက်နှာသည် ရုတ်ခြည်းဆိုသလိုပင် အုံ့ဆိုင်းမှုန်မှိုင်းသွားသည်။

ဒေါ်လေးကျင်စု မည်သို့ဖြစ်သွားပါသနည်း။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## နိမိတ်စကား

ဝံဖြူကျေးရွာ၏တောင်ဘက်တွင် တောင်ပူစာလေးနှစ်လုံး ယှဉ်တွဲနေပြီး ထိုတောင်ပူစာလေးနှစ်လုံးကြား၌ ညီညာပြန့်ပြူးသော မြေကွက်လပ်တစ်ခုရှိသည်။

ထိုမြေကွက်လပ်တွင်....

မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင်ရှိနေ၏။

ဝံဖြူကျေးရွာ၏သင်္ချိုင်းမြေဖြစ်ပါသည်။

ထိုကျေးရွာသင်္ချိုင်းမြေသို့သွားရာ လမ်းကလေး၏ဝဲဘက်တွင် တောအုပ်ကလေးတစ်ခုရှိသည်။

နတ်ဝင်သည်လောင်ရှိသည် ထိုတောအုပ်ကလေးအတွင်း၌ ကျောက်တုံးအိမ်လေးဆောက်ကာ တသီးတခြားနေထိုင်လျက်ရှိ၏။



ချင်းဟိုင်တောင်ပေါ်သားများသည် ပင်ကိုယ်သဘာဝအားဖြင့် ရိုးသားဖြူစင်ကြသူများဖြစ်ပြီး ရိုးရာနတ်များကိုယုံကြည်စွာ ပူဇော်ပသကိုးကွယ်ကြသူများဖြစ်ကြသည်။

ထို့ကြောင့် နတ်ဝင်သည်လောင်ရှိသည် တောင်ပေါ်ဒေသ၌ အရေးပါအရာရောက်သူတစ်ဦးဖြစ်နေပေတော့သည်။ လောင်ရှိက ရွှမ်ဟိုင်စန်းနှင့်ပတ်သက်၍ ကြိုတင်နိမိတ်ဖတ်ခဲ့ဖူးသည်။

“ရွှမ်ဟိုင်စန်းဟာ လူသေသွားပေမယ့် သူ့ရဲ့ဝိညာဉ်က မသေဘူး။ သူ့ကိုဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြတဲ့ချင်းဟိုင်တောင်ပေါ်သားတွေကို တစ်နေ့လက်စားချေလိမ့်မယ်၊ သူ့ရဲ့ခန္ဓာကိုယ်နဲ့ကင်းကွာနေတဲ့ဦးခေါင်းကိုပြန်ရှာလိမ့်မယ်၊ ရွှမ်ဟိုင်စန်းတစ္ဆေထွက်ပေါ်လာတဲ့အချိန်ဟာ ချင်းဟိုင်တောင်ပေါ်သားတွေရဲ့ဦးခေါင်းဟာ သူ့အတွက် အဖိုးအခဖြစ်လိမ့်မယ်၊ ရွှမ်ဟိုင်စန်း မကြာခင် ထွက်ပေါ်လာတော့မယ်၊ အားလုံးသတိထားကြပေတော့”

ရိုးသားဖြူစင်သော ချင်းဟိုင်တောင်ပေါ်သားများအတွက် နတ်ဝင်သည် လောင်ရှိ၏စကားသည် ထိတ်လန့်ချောက်ချားဖွယ် အမင်္ဂလာစကားဖြစ်နေပေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသာယာဒသော ချင်းဟိုင်တောင်ပေါ်ဒေသသည် နတ်ဝင်သည့်လောင်ရှိ၏နိမိတ်စကားထွက်ပေါ်လာပြီး

မကြာမီမှာပင်.... ချိုရှမ်း၊ သုကျိန်းနှင့်ယန်စီတို့ ရွှမ်ဟိုင်စန်း တစ္ဆေနှင့်နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

ထို့နောက်.... ခြောက်လအကြာတွင်....

အမှန်တကယ် ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလိုဖြစ်ပေါ်လာ လေတော့၏။

ထိတ်လန့်ချောက်ချားစရာကောင်းသော အဖြစ်အပျက်များ သည် ဆက်တိုက်လိုလိုဖြစ်ပေါ်လာသည်။ ရွှမ်ဟိုင်စန်းတစ္ဆေသည် ချင်းဟိုင်တောင်ပေါ်သားများအား ကြောက်စရာကောင်းအောင်ဒုက္ခ ပေးလာလေပြီ။



ညဘက်တွင် ခရီးသွားသူများ ရွာအပြင်သို့ထွက်မိသူများ သည် ရွှမ်ဟိုင်စန်းတစ္ဆေနှင့်ပက်ပင်းတိုးကာ ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲရတော့သည်။

ရွှမ်ဟိုင်စန်းတစ္ဆေလက်ချက်ဖြင့်....

လူဆယ်ဦးမက ဒုက္ခရောက်ခဲ့ရပြီဖြစ်ရာ....

တောင်ပေါ်ဒေသတစ်ခုလုံး သွေးပျက်လုမတတ် ထိတ်လန့် တုန်လှုပ်နေကြပြီဖြစ်ပေသည်။

လူတိုင်း၏နှုတ်ဖျား၌... ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်း မပါ လျှင်မပြီးနိုင်တော့ချေ။

နေအိမ်တွင်လည်း ထိုအကြောင်းပြော၏။

စားသောက်ဆိုင်တွင်လည်း ထိုအကြောင်းပြော၏။

လုပ်ငန်းတွင်လည်း ထိုအကြောင်းပြော၏။

လူအများ စကားလက်ဆုံကျပြီဆိုသည်နှင့်....

ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်းက ထိပ်ဆုံးမှပါလာတော့၏။

ထိုသို့အရေးတယူပြောရလောက်အောင် ရွှမ်ဟိုင်စန်းတစ္ဆေ သည် အမှန်တကယ်ပင်ရှိနေပါသည်လော။

မည်သို့ပင်ဖြစ်စေ...

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ဟိုင်စန်းတစ္ဆေဟူသည့်အမည်ကို ကြားသည်နှင့် လူတိုင်းလူတိုင်း ကျောထဲစိမ့်အောင်ကြောက်ရွံ့ထိတ်လန့်နေကြပြီဆိုသည်ကား အမှန်တရားပင်ဖြစ်ပေတော့၏။

၀၀၀၀



ဝါကျင့်ကျင့်မီးရောင်အောက်၌ ရွာသူကြီးရိလုံကျင်း၏ညှေ့ခန်းသည် သန့်ရှင်းသပ်ရပ်စွာရှိနေလေသည်။

ညှေ့ခန်းအတွင်း၌ ဝံတောင်ပေါ်ကျေးရွာများမှလူရိုသေ ရှင်ရိုသေလူကြီးတစ်ချို့ရောက်ရှိနေကြသည်။

သူတို့အားလုံး တိတ်ဆိတ်ငြိမ်သက်စွာရှိနေကြ၏။

သူတို့သည် တစ်ဦးနှင့်တစ်ဦး ဝတ်စားဆင်ယင်ပုံချင်းမတူကြသော်လည်း သူတို့၏မျက်နှာတွင်ဖြစ်ပေါ်နေသောအမူအရာများကား တစ်ပုံစံတည်းဖြစ်နေပေသည်။

စိတ်ရှုပ်ခြင်း၊ စိုးရွံ့ထိတ်လန့်ခြင်းနှင့် ဂနာမငြိမ်ဖြစ်နေခြင်းစသောအမူအရာများသည် သူတို့အားလုံး၏မျက်နှာပေါ်၌ ထပ်တူထပ်မျှ ထင်ဟပ်နေကြကုန်လေသည်။

ထို့ပြင်...

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်နောက်ပစ်ကာ...

ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည့် ရွာသူကြီး ရိလုံကျင်းအား မျက်တောင်မခတ်ကြည့်နေကြခြင်းမှာလည်း အတူတူပင်ဖြစ်လေသည်။

နှုတ်ဆိတ်စွာဖြင့် ငြိမ်သက်စွာရှိနေကြသည်မှာလည်း တညီတညာတည်းပင်ဖြစ်ပေသည်။

ယနေ့ည ရိလုံကျင်း၏အိမ်သို့ ယခုကဲ့သို့ တောင်ပေါ်ဒေသမှလူများ၊ ထင်ရှားသောပုဂ္ဂိုလ်များစုရုံးရောက်ရှိနေကြခြင်းမှာ...

အကြောင်းမဲ့မဟုတ်ချေ။

သူတို့အားလုံးသည် ရိလုံကျင်းပြောလာမည့်စကားကို နားစွင့်လျက်ရှိနေကြသည်။ ရိလုံကျင်းသည် အသက် ၅၀ ကျော်ရှိပြီး ဥပမိရုပ်ကောင်းသူဖြစ်၏။

သူ၏မိဘမျိုးရိုးစဉ်ဆက်သည်လည်း ရွာသူကြီးများဖြစ်ခဲ့ကြပြီး ရိလုံကျင်းသည် ဖခင်၏အရိုက်အရာကိုဆက်ခံကာ ရွာသူကြီးဖြစ်လာခဲ့ခြင်းပင်။

ရိလုံကျင်း၏လက်ထက်တွင်...

လောင်ရှိမြို့တော်ဝန်က 'ရိ'အမျိုးအနွယ်၏အစဉ်အလာ...



ဂုဏ်သိက္ခာနှင့် ရပ်ရွာကောင်းကျိုးစွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်ကိုဂုဏ်ပြုသည့်အနေဖြင့် ချင်းဟိုင်တောင်ပေါ်ဆယ့်နှစ်ရွာစလုံးအား ရိလုံကျင်း၏လက်အောက်၌ထားရှိကာအုပ်ချုပ်စေခဲ့သည်။ ထို့ကြောင့်လည်း သူသည် ချင်းဟိုင်ဒေသ၌ ဩဇာအရှိဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်။

အစဉ်အလာအားဖြင့် ချင်းဟိုင်ဒေသသည် အေးချမ်းတည်ငြိမ်ပြီးကြီးမားသောပြဿနာဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

သို့ရာတွင်...

ယခုအချိန်၌ ရိလုံကျင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုကြုံတွေ့နေရပေသည်။

ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စဖြစ်သည်။

ထိုကိစ္စကြောင့် မိမိတို့အားတွေ့ဆုံဆွေးနွေးရန်ခေါ်ယူထားခြင်းဖြစ်ကြောင်း ဧည့်ခန်းအတွင်းရောက်ရှိနေသူအားလုံးက နားလည်ထားကြသည်။

သူသည် သက်ပြင်းတစ်ချက်ချပြီး ခြေလှမ်းရပ်ကာ မိမိအား အကဲခတ်ကြည့်နေသည်ဧည့်သည်များကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ လိုရင်းကိုစတင်ပြောဆိုလိုက်လေသည်။

"ဒီနယ်မှာ ရွှမ်ဟိုင်စန်းတစ္ဆေ ဆိုးသွမ်းသောင်းကျန်းနေတဲ့ အကြောင်း အားလုံးသိထားပြီးဖြစ်ပါလိမ့်မယ်၊ ဒီကိစ္စကိုတိုင်ပင်ဆွေး နွေးချင်လို့ဖိတ်ခေါ်လိုက်ရတာပါ"

ဤတွင် ငြိမ်သက်တိတ်ဆိတ်နေသောဧည့်ခန်းသည် စကား သံများဖြင့်ပြန်လည်သက်ဝင်လှုပ်ရှားသွားတော့၏။

"ရွှမ်ဟိုင်စန်းတစ္ဆေကြောင့် ကျုပ်တို့ရွာကလူတွေ ညဖက် ရွာပြင်မထွက်ရဲအောင်ဖြစ်နေပြီဗျ"

တစ်ယောက်ကထပြော၏။

"ဒီအတိုင်းဆို မလွယ်ဘူးဗျ… ဘယ်တော့ဒုက္ခရောက်မလဲ ဆိုတာတွေးပြီး အလုပ်တောင်ဖြောင့်ဖြောင့်မလုပ်နိုင်ကြတော့ဘူး"

အခြားတစ်ယောက်ကလည်း….

"ကျုပ်တို့ရွာမှာတော့ ရွှမ်ဟိုင်စန်းတစ္ဆေကြောင့်ဒုက္ခရောက် ရပုံတွေကို တစ်ယောက်တစ်ပေါက်ပြောဆိုနေကြကုန်ပြီ"

နဖူးတွေ့ဒူးတွေ့ မကြုံသေးသူများကမူ….

"တစ္ဆေသရဲဆိုတာကျုပ်တို့မယုံဘူး၊ တမင် ခြောက်လှံ့လှန့် လုံးထွင်ပြီး ယုံထင်ကြောင်ထင်ဖြစ်အောင်လုပ်တာ"



ဟုပေါ့ပြက်ပြက်ပြောလေသည်။

ထို့အတူ ယုံကြည်မှုမရှိသူတစ်ဦးကလည်း….

"တစ်ယောက်ယောက်က တစ္ဆေဆိုတဲ့နာမည်ကိုအသုံးချပြီး ဒုက္ခပေးပေးနေတာဝေက မဖြစ်နိုင်ဘူးလား"

ဟုဝင်ပြောလေသည်။

ထို့နောက်တွင်….

"ဒီကိစ္စကိုအပြေမှန်ပေါ်အောင် ကျုပ်တို့စုပေါင်းဖော်ထုတ် ကြရလိမ့်မယ်"

မကြုံဘူးသေးသူများက လက်သီးလက်မောင်းတန်းလျက် တစ်ယောက်တစ်ပေါက်ပြောဆိုကြကုန်လေတော့၏။

ရိုလုံကျင်းကလက်ကာပြရင်း….

"မိတ်ဆွေတို့ ကျုပ်ပြောတဲ့စကားကိုနားထောင်ပါဦးဗျာ"

ရိုလုံကျင်း၏ဟန့်တားသံကြားရသည်အခါတွင်မှ အားလုံး ငြိမ်ကျသွားကြလေသည်။

ရိုလုံကျင်းက သူတို့အားလုံးကိုတစ်ချက်ကြည့်ကာ….

"ခုချိန်မှာ အဲဒီတစ္ဆေတကယ်ရှိ၊မရှိ အတုအစစ်ဟုတ်မဟုတ် ဆိုတာထက် ကျုပ်တို့ဒေသကလူတွေ အကြောင်းမဲ့တိုက်ခိုက်သတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ခံနေရတာကိုဖြေရှင်းနိုင်ဖို့က ပိုပြီးအရေးကြီးပါတယ်၊ မိတ်ဆွေတို့ကိုဖိတ်ခေါ်လိုက်ရတာကလဲ ကိုယ့်ရဲ့ကျေးရွာတွေမှာ ခြစည်းရိုးတွေကာဖို့ ကင်းသမားတွေထားဖို့ လုံခြုံရေးအစီအစဉ်တွေ ချမှတ်ဆောင်ရွက်ကြဖို့ မှာကြားချင်လို့ပါ"

ဤကိစ္စများကား အငြင်းပွားဖွယ်မရှိသောလက်ငင်းလိုအပ်ချက်များပင်ဖြစ်ရာ အားလုံးကခေါင်းညိတ်သဘောတူလိုက်ကြလေသည်။ ရိုလုံကျင်းကဆက်ပြောလိုက်၏။

"ကျေးရွာခေါင်းဆောင်တွေဟာ တစ်ဦးနှင့်တစ်ဦးအမြဲတမ်းအဆက်အသွယ်ရှိရမယ်၊ အဲဒီတစ္ဆေအကြောင်းကို စုံစမ်းသတင်းဖလှယ်ရမယ်... ချေမှုန်းနှိမ်နင်းဖို့ပူးပေါင်းဆောင်ရွက်ရမယ်"

အရေးကြုံလျှင် ချင်းဟိုင်တောင်ပေါ်သားများသည် အလွန်စည်းရုံးညီညွတ်ကြောင်း ရှမ်နယ်ခြားသားများကျူးကျော်လာစဉ်ကလက်တွေ့ဖော်ကျူးပြသခဲ့ပြီးဖြစ်သည်မဟုတ်ပါလား။

ကျေးရွာလူကြီးများသည် ရိုလုံကျင်း၏မှာကြားချက်ကိုကောင်းစွာသဘောပေါက်ကြောင်းခေါင်းညိတ်ပြလိုက်ကြ၏။

ရိုလုံကျင်းကျေနပ်သွား၏။

သူ၏မျက်နှာလည်း ပို၍လေးနက်တည်ကြည်လာ၏။



"ရှမ်ဟိုင်စန်းတစ္ဆေကိစ္စကို ပေါ့ပေါ့ဆဆသဘောထားလို့ မဖြစ်ဘူး၊ ဒီတော့... ကျုပ်ကိုယ်တိုင် လုံရှန်မြို့တော်ဝန်နဲ့သွားတွေ့ပြီး အကျိုးအကြောင်းတင်ပြရလိမ့်မယ်၊ ကျုပ်ခရီးထွက်နေတုန်း ကျေးရွာကာကွယ်ရေးအစီအစဉ်တွေ မလစ်ဟင်းစေချင်ဘူး"

ရိုလုံကျင်းက လုံခြုံရေးကိစ္စကိုအထူးအလေးထားမှာကြားလေသည်။ သူ့စကားအဆုံးတွင်...

"ဆရာရို ဘယ်တော့ခရီးထွက်မှာလဲ"

ကျေးရွာလူကြီးတစ်ဦးက ကောက်ကာငင်ကာထမေးလိုက်ခြင်းဖြစ်သည်။ ရိုလုံကျင်းက....

"မနက်မိုးလင်းတာနဲ့ကျုပ်သွားမယ်... မြို့ဝန်မင်းနဲ့တိုင်ပင်ဆွေးနွေးပြီးရင် ချက်ချင်းပြန်လာခဲ့မယ်"

မည်သူမျှ ဘာမျှမပြောကြတော့ပါ။

ရိုလုံကျင်းပြန်လာလျှင် ရှမ်ဟိုင်စန်းတစ္ဆေအား နှိမ်နင်းနိုင်မည့်နည်းလမ်းများပါရှိလာမည်ဟု အားလုံးကယုံကြည်ထားမိကြလေသည်။ အမှန်တကယ်ကော နည်းလမ်းကောင်းများရရှိလာနိုင်ပါမည်လော။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မိစ္ဆာခေါ်သံ

---

သာယာလှပသောချင်းဟိုင်တောင်ပေါ်ဒေသ....

မြူနှင်းပါးပါးလေးလွှမ်းခြုံထားသည့်ချင်းဟိုင်ဒေသသည် အရပ်လေးမျက်နှာ ဘယ်ဆီကြည့်ကြည့် သာယာလှပနေတော့၏။

သို့သော် ထိုသာယာလှပမှု၏နောက်ကွယ်တွင် ကြောက်မက်ဖွယ်ရာအတိတ်မှ အရိပ်အယောင်ဆိုးကြီး ကိန်းအောင်းနေပြီဖြစ်လေသည်။ ထိုအရိပ်ဆိုးကြီးသည် ချင်းဟိုင်ဒေသတစ်ခုလုံးအား စားမဝင်အိပ်မပျော်ဖြစ်အောင်ခြိမ်းခြောက်လျက်ရှိလေပြီ။

ထိုတစ္ဆေဖြစ်ရပ်သည် အံ့သြစရာကောင်းသလို မယုံနိုင်စရာလည်းကောင်းလှတော့၏။ ထိုတစ္ဆေ၏လက်ချက်ကြောင့် သေဆုံးသွားသူများတစ်စထက်တစ်စတိုးပွားလာသောအခါ မယုံကြည်လက်မခံ၍မရအောင်ဖြစ်လာလေ၏။



ထိုပြဿနာကိုဖြေရှင်းရန် ရိုလုံကျင်း၏ခေါင်းပေါ်သို့ စုပုံကျရောက်လာခဲ့ပြီဖြစ်သည်။ ရိုလုံကျင်းသည် သက်တော်စောင့်လီဟာန်နှင့် မြင်းလှည်းသမားကိုခေါ်ကာ လုံရှန်မြို့တော်ဝန်ထံသို့ ခရီးထွက်လာခဲ့ရတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လုံရှန်မြို့တော်ဝန်သည်… ချင်းဟိုင်ဒေသအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအတွက် ဘုရင်မင်းမြတ်၏အာဏာကုန်လွှဲအပ်ထား ခြင်းခံရသူဖြစ်၏။

ထို့ကြောင့် ရွှမ်ဟိုင်စန်းတချွေကိစ္စကို ဖြေရှင်းပေးနိုင်လိမ့် မည်ဟု ရှီလုံကျင်းယုံကြည်ထားသည်။

"ခွပ်ခွပ်… ခွပ်ခွပ်"

"ခွပ်ခွပ်… ခွပ်ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျထွက်ပေါ်လာ၏။

မြင်းလှည်းသမားသည် ရှာသူကြီးရှီလုံကျင်း လိုက်ပါလာ သောကြောင့် မြင်းလှည်းကို အရှိန်မှန်မှန်ဖြင့်မောင်းနှင်နေ၏။

မြင်းလှည်းမှာ… သစ်ဝါးပေါသောတောင်ပေါ်ဒေသဖြစ်၍ အကောင်းစားသစ်ကနက်သားဖြင့် ပြုလုပ်ထားသည့်လှည်းဖြစ်၏။



လှည်းအိမ်သည်ကြီးမားပြီး လူလေးယောက်သက်တောင့် သက်သာစီးနင်းလိုက်ပါနိုင်သည်။

မြင်းလှည်းပေါ်တွင် အလံတစ်ခုစိုက်ထူထား၍ထိုအလံပေါ် ၌ဝက်ဝံဖြူတစ်ကောင်၏ရုပ်ပုံရှိနေသည်။ ဝက်ဝံဖြူရှာသူကြီး၏အ ထိမ်းအမှတ်အလံဖြစ်သည်။

မြင်းလှည်းအိမ်ထဲ၌… ရှာသူကြီးရှီလုံနှင့် သူ၏သက်တော် စောင့်လီဟာန်တို့လိုက်ပါလာကြ၏။ လီဟာန်သည် အသက်နှစ်ဆယ် ခန့်သာရှိသေးသော်လည်း လူသန်ကြီးတစ်ယောက်ပမာ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသူဖြစ်သည်။ တိုက်ရေးခိုက်ရေးကောင်းသလို ဓား ရေးကျွမ်းကျင်သူလည်းဖြစ်၏။

လီဟာန်၏ဖခင်သည် တစ်ချိန်က ကျူးကျော်သူရွှမ်နယ်ခြား သားတို့ကိုတွန်းလှန်ချေမှုန်းသည့်တိုက်ပွဲများတွင် နာမည်ကြီးခဲ့သူ ဖြစ်ပေသည်။

ကျူးကျော်သူကိုချေမှုန်းရင်း အမိမြေအတွက် သူ့ရဲကောင်း ပီသစွာအသက်စွန့်ခဲ့သူလည်းဖြစ်ပေသည်။

လီဟာန်သည် တစ်နေ့တွင် ဖခင်၏ခြေရာကိုနင်းနိုင်သူဖြစ် လာမည်ဟု အများ၏ထင်ကြေးပေးခြင်းခံရသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိလုံကျင်းအပေါ် အလွန်သစ္စာရှိ ရှိသေသူလည်း ဖြစ်သည်။

ထို့ကြောင့်လည်း....

ရိလုံကလိဟန်ကိုခေါ်လာခြင်းဖြစ်၏။

ရှမ်ဟိုင်စန်းတခွေပေါ်ပေါက်လာပြီးနောက် အန္တရာယ်များနှင့်အချိန်မရွေးရင်ဆိုင်ရနိုင်သဖြင့် လိဟန်သာလျှင် သူ့အားကာကွယ်စောင့်ရှောက်နိုင်လိမ့်မည်ဟု ယုံကြည်အားကိုးထားသည်မဟုတ်ပါလား။

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံက စည်းဝါးတကျထွက်ပေါ်နေဆဲပင်....

ဝက်ဝံဖြူရွာသူကြီးအထိမ်းအမှတ်အလံသည်လည်း လေထဲ၌တလူလူလွင့်ပျံ့နေဆဲပင်....

ရိလုံသည် ပြတင်းပေါက်မှတစ်ဆင့် လမ်းဘေးရှုခင်းများကိုငေးကြည့်၍လိုက်ပါလာရင်း သက်ပြင်းတစ်ချက်ချ၏။

ထို့နောက် သက်တော်စောင့်လိဟန်ဘက်လှည့်၍....

"လိဟန်... တို့ဒေသဟာ ဘယ်လောက်သာယာလှပသလဲ၊ ချင်းဟိုင်ဒေသသားဖြစ်ရတာ မင်းဂုဏ်မယူဘူးလား"

လိဟန်ခေါင်းညိတ်လိုက်၏။



"ဂုဏ်ယူပါတယ်သူကြီး ကျွန်တော်ချင်းဟိုင်ဒေသကောင်းကျိုးကိုအသက်ထက်ဆုံးဆောင်ရွက်သွားမယ်၊ ဖေဖေ့ခြေရာနင်းနိုင်အောင်ကြိုးစားသွားမယ်လို့သန္နိဋ္ဌာန်ချထားပါတယ်ခင်ဗျာ"

"ကောင်းပါတယ်ကွယ်... ကောင်းပါတယ်"

ရိလုံကျင်းက လိဟန်ကိုကြည့်၍ကျေနပ်သွား၏။

သူ့တွင် လိဟန်ကဲ့သို့သားတစ်ယောက်ရှိလျှင်....

မည်မျှကောင်းမည်နည်းဟုလည်းတွေးမိသည်။

သူ၏ဇနီးသည်ကား ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

သူတို့၌ သားသမီးတစ်ယောက်မှမထွန်းကားခဲ့သဖြင့် ဇနီးသည်ကွယ်လွန်သွားသည့်အခါ သူ့အဖို့ အထီးကျန်ဖြစ်ခဲ့ရလေ၏။

ရိလုံကျင်းတွေးနေစဉ် လိဟန်၏စကားသံထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

"သူကြီးသာခွင့်ပြုမယ်ဆိုရင် ကျွန်တော်ရှမ်ဟိုင်စန်းတခွေနဲ့ရင်ဆိုင်ချင်ပါတယ်"

လိဟန်သည် ရင်ထဲကိန်းအောင်းနေသည့်ဆန္ဒကို မအောင့်အည်းနိုင်ဘဲထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

"မင်း ရှမ်ဟိုင်စန်းကိုမကြောက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ရိလုံကျင်းကမေးလိုက်ခြင်းဖြစ်သည်။

လိဟာန်ကရင်ကော့၍....

"မကြောက်ပါဘူးသူကြီး... တစ္ဆေသရဲဆိုတာကို ကျွန်တော် အယုံအကြည်မရှိပါဘူး၊ တစ်စုံတစ်ယောက်ကလုပ်ကြံဖန်တီးနေတာ ပဲဖြစ်ပါလိမ့်မယ်"

ရိလုံကျင်းသက်ပြင်းချလိုက်သည်။

"ရွှမ်တိုင်စန်းတစ္ဆေကိစ္စဟာ အတော်ထူးဆန်းတယ်၊ အဖြစ်မှန်ကိုဖော်ထုတ်ဖို့ အတော့်ကိုခဲခဲယဉ်းယဉ်းဆောင်ရွက်ရလိမ့်မယ်၊ အစစအရာရာသတိထားတာမမှားဘူးကွ"

"သူကြီးက ရွှမ်ဟိုင်စန်းဟာ မကျွတ်မလွတ်ဘဲ တစ္ဆေသရဲ တစ်ကောင်အဖြစ်ဒုက္ခပေးနေတယ်လို့ ယုံကြည်ထားသလား"

လိဟာန်ကပြန်မေးလိုက်ခြင်းဖြစ်သည်။

ထိုမေးခွန်းမှာ လွန်စွာအဖြေရခက်သောမေးခွန်းဖြစ်သည်။

ရိလုံကျင်းကချင့်ချင့်ချိန်ချိန်ဖြင့်....

"ရွှမ်ဟိုင်စန်းထကြွသောင်းကျန်းခဲ့စဉ်တုန်းက အတော့်ကို ကြောက်စရာကောင်းခဲ့တာကွ၊ ချင်းဟိုင်ဒေသတစ်ခုလုံး ပျက်စီးသွား တော့မယ်လို့တောင်ထင်ရတယ်"



ရိလုံကျင်းက ဆက်ပြောသည်။

"ကြီးလန့်စာစားဘဝရောက်ရတာပေါ့... သူဟာ မကျွတ်မလွတ်ဘဲ တစ္ဆေသရဲတစ်ကောင်အဖြစ်နဲ့ဒုက္ခပေးမယ်ဆိုရင်လဲ တို့မလွယ်ဘူး၊ ဒါမှမဟုတ် သူ့နာမည်ကိုအသုံးချပြီး ဒုက္ခပေးဖို့တစ်စုံတစ်ယောက်ကကြံစည်နေတာဆိုရင်တော့ အဲဒီနောက်ကွယ်မှာ အတော်ကြောက်စရာကောင်းတဲ့အကြံအစည်ရှိနေလိမ့်မယ်"

"သူကြီး ကျွန်တော် လူငယ်လူရွယ်တွေစုရုံးပြီး ရွှမ်ဟိုင်စန်း တစ္ဆေကိုလိုက်ရှာချေမှုန်းမယ်ဆိုတာ မဖြစ်နိုင်ဘူးလား"

လိဟာန်က စိတ်အားထက်သန်စွာပြောရာ ရိလုံကလက်ကာ ပြလိုက်ပြီး....

"သိပ်လဲဆန္ဒမစောပါနဲ့ကွာ... မြို့တော်ဝန်နဲ့တွေ့ရင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ သိလာရမှာပါ၊ ကျုပ်စိုးရိမ်နေတာတစ်ခု ပဲရှိတယ်"

"ဘာများလဲသူကြီး"

လိဟာန်ကပြန်မေးလိုက်သည်။

ရိလုံကျင်းက....

"ရွှမ်ဟိုင်စန်းအတုဆိုရင် အကြောင်းမဟုတ်ဘူးလေ... သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ကမကျွတ်မလွတ်ဘဲ တစ္ဆေသရဲအဖြစ်ဒုက္ခပေးနေတာဆိုရင် တော့....”

မှန်ပါသည်။ တစ္ဆေသရဲတစ်ကောင်သာဖြစ်နေမည်ဆိုလျှင် မည်သို့ရင်ဆိုင်ရမည်နည်း။

ရိုလုံကျင်းအနေဖြင့် စိုးရိမ်မည်ဆိုလည်းစိုးရိမ်စရာပင်။

ထိုစဉ်....

“ဟီး... ဟီး... ဟီး”

မြင်းဟီသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

ထို့အတူ... မြင်းလှည်းသည်လည်း တိမ်းမှောက်လုမတတ် သွက်သွက်ခါအောင်လှုပ်ယမ်းပြီး တုံ့ခနဲရပ်တန့်သွားလေတော့၏။

ဝဝဝဝ



မြင်းလှည်းရပ်တန့်သွားပြီဖြစ်သည်။

သက်တော်စောင့်လီဟန်သည် သတိရှိသူဖြစ်ရာ ရုတ်ခြည်း ဆိုသလို တံခါးတွန်းဖွင့်၍ရိုပီခနဲခုန်ဆင်းလိုက်၏။

“ဘာဖြစ်တာလဲဟေ့”

ရိုလုံသည် လှည်းပေါ်မှဆင်းရင်း မြင်းလှည်းမောင်းသူကို မေးလိုက်သည်။

လှည်းသမား၏မျက်နှာပျက်လျက်ရှိနေသည်။

“မြင်း... မြင်းလှည်းဝင်ရိုးချောင်နေတယ်၊ ဆက်မောင်းရင် ဘီးပြုတ်ထွက်မှာစိုးလို့ရပ်လိုက်ရတာပါ”

အနှောင့်အယှက်ဖြစ်ပေါ်လာခြင်းကြောင့်မဟုတ်ဘဲ မြင်း လှည်း၏ချို့ယွင်းချက်ကြောင့် ရပ်တန့်လိုက်ရခြင်းဖြစ်ကြောင်း သိရ သည့်အခါ ရိုလုံကျင်းစိတ်သက်သာရာရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့က ခရီးဝေးသွားရမှာ၊ လှည်းကို မင်းသေချာမစစ်ဆေးခဲ့ဘူးလား"

ရိလုံကျင်းက အပြစ်တင်သည့်လေသံဖြင့် ပြောလိုက်ရာ လှည်းသမားက....

"ကျွန်တော်သေချာစစ်ဆေးခဲ့ပါတယ်၊ ဘာတစ်ခုမှချို့ယွင်းမှုမရှိအောင်လည်းကြိုတင်ပြင်ဆင်ခဲ့တာပါ၊ လှည်းဝင်ရိုးက သပ်တစ်ချောင်းချောင်ပြီး လမ်းခုလတ်မှာပြုတ်ထွက်သွားတာဖြစ်ပါလိမ့်မယ်၊ အင်မတန်ဖြစ်ခဲတဲ့ကိစ္စပါခင်ဗျာ"

လှည်းဝင်ရိုး၌ဘီးတပ်ဆင်သောအခါ ဘီးပြုတ်ထွက်မသွားစေရန် အထိန်းအကွပ်သဘောမျိုးဖြင့် ဝင်ရိုးအတွင်းဘက်မှလည်းကောင်း၊ အပြင်ဘက်မှလည်းကောင်း သပ်တစ်ချောင်းစီထိုးရသည်။

ယခု အပြင်ဘက်မှသပ်ကချောင်၍ပြုတ်ထွက်သွားခြင်းဖြစ်သည်။ ကံကောင်းထောက်မစွာပင် လှည်းဘီးပြုတ်ထွက်မသွားခြင်းဖြစ်သည်။ လှည်းဘီးသာပြုထွက်သွားပါက အရှိန်ဖြင့်မောင်းနှင်နေချိန်တွင် မှောက်သွားမည်မှာသေချာလှသည်။

လှည်းဘီးကိုသပ်ရိုက်ရာ၌ ဂရုတစိုက်ဖြင့် တင်းကျပ်အောင်ရိုက်လေ့ရှိသည်။



သပ်ချောင်ပြီးပြုတ်ထွက်မလိုဖြစ်ရသည်မှာ....

ကြိုတောင့်ကြိုခဲရှားလှသည့်အဖြစ်မျိုးပင်တည်း။

ထိုသပ်ပြုတ်သွားအောင် တမင်ပြုလုပ်ထားခြင်းပင်လော သို့မဟုတ် ရှမ်ဟိုင်စန်းတစ္ဆေက မြို့တော်ဝန်ထံသို့ ရိလုံကျင်းသွားမည်မှန်းသိ၍ တားဆီးနှောင့်ယှက်ခြင်းပင်လော။

လွန်စွာအတွေးရခက်သောဖြစ်ရပ်ပင်။

"ဒါဖြင့်... တို့တစ်တွေ သပ်အသစ်ရိုက်ပြီးရှေ့ခရီးဆက်လို့ဖြစ်ပါ့မလား"

ရိလုံကျင်းကတွေးတွေးဆဆဖြင့်မေးရာ မြင်းလှည်းသမားကခေါင်းညိတ်လိုက်၏။

"ရပါတယ်သူကြီး... အရေးကြုံရင်သုံးလို့ရအောင် သေတ္တာထဲမှာသပ်တစ်ချောင်းအပိုပါပါတယ်"

လှည်းသမားကယင်းသို့ပြောရာ ရိလုံကျင်းက....

"ဒါဖြင့် အမြန်ဆုံးသာပြင်ပေတော့ကွာ"

ဟုပြောလိုက်လေတော့၏။

oooo

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းကို အမြန်ဆုံးပြုပြင်ရန် ရိုလုံကျင်းက အမိန့်ပေးလိုက်သော်လည်း တကယ်တမ်းတွင် ထင်သလောက်မလွယ်ကူပါ။

အချိန်များစွာကုန်ခဲ့လေသည်။

ပထမဦးစွာ.... သစ်ကိုင်းများ၊ ကျောက်တုံးများရှာဖွေ၍ မြင်းလှည်းအိမ်ကိုတည့်မတ်စေရန် ဝင်ရိုးအောက်မှ ခုခံပေးရသည်။ ပြီးမှ မြင်းလှည်းဘီးကိုဖြုတ်ရသည်။

ဝင်ရိုးပေါက်နှင့် အသင့်ပါလာသောသပ်ချောင်းမှာ အံဝင်ခွင်ကျမဟုတ်သဖြင့် ထိုသပ်ချောင်းကိုဓားဖြင့်လှီး၍လည်းကောင်း၊ ကျောက်တုံးများဖြင့်ပွတ်၍လည်းကောင်း လုံးဝန်းချောမွတ်ပြီး ဝင်ရိုးပေါက်နှင့်အံဝင်ခွင်ကျဖြစ်အောင်ပြုလုပ်ရလေသည်။ လှည်းသမားက ချွေးသံရွှဲရွှဲဖြင့်ပြုပြင်နေစဉ် ရိုလုံကျင်းသည် လမ်းဘေးရှိသစ်ပင်တစ်ပင်အောက်၌သွားရောက်ထိုင်ချကာ အနားယူနေလိုက်လေသည်။



လိပ်ဟန်ကမူ လှည်းသမားကိုကူညီလုပ်ကိုင်ပေးနေ၏။

ရိုလုံကျင်းသည် သစ်ပင်အောက်၌ထိုင်ရင်း မျက်နှာမသာမယာဖြစ်နေရသည်။ အကြောင်းမှာ... လုံ့ရှန်မြို့သို့သွားရာခရီးသည် ဖြောင့်ဖြူးခြင်းမရှိဘဲ မဖြစ်သင့်သောအနှောင့်အယှက်နှင့်ကြုံတွေ့နေရခြင်းကြောင့်ဖြစ်ပေသည်။

ရွှမ်ဟိုင်စန်းတစ္ဆေ ပေါ်ပေါက်သောင်းကျန်းလာချိန်တွင် ရိုလုံကျင်းသည် နည်းလမ်းမျိုးစုံဖြင့်ရှာကြံဖြေရှင်း၍မရသည့်အဆုံး နတ်ဝင်သည်လောင်ရှိထံသွားရောက်တွေ့ဆုံကာ အကျိုးအကြောင်းမေးမြန်းခဲ့သည်။

ထိုအကြောင်းကို မည်သူမျှမသိခဲ့ကြချေ။

ယင်းသို့ တိတ်တဆိတ်တွေ့ဆုံခဲ့စဉ်....

"ဝံဖြူရွာ ကံဆိုးမိုးမှောင်ကျလိမ့်မယ်... သူ့ရဲ့ခေါင်းကို ပြန်မရမချင်း ရွှမ်ဟိုင်စန်းတစ္ဆေသောင်းကျန်းနေလိမ့်မယ်၊ ဝံဖြူရွာမှာ ခေါင်းဆောင်ကင်းမဲ့သွားလိမ့်မယ်"

နတ်ဝင်သည်လောင်ရှိက အထက်ပါအတိုင်း နိမိတ်ဖတ်ပြောကြားခဲ့သည်။ ဝံဖြူရွာ ခေါင်းဆောင်ကင်းမဲ့သွားမည်ဆိုသည့် အဓိပ္ပာယ်မှာ ရိုလုံကျင်းအတွက် ရင်လေးဖွယ်ပင်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယခုကဲ့သို့ ခရီးဖင့်သွားရခြင်းကို ရိုလုံကျင်းစိတ်အနှောင့်အယှက်ဖြစ်ခဲ့ရခြင်းဖြစ်လေသည်။

ထိုစဉ် သူ့အနီးသို့လီဟန်ရောက်ရှိလာသည်။

သူ၏အသွင်မှာ စိတ်ပျက်လက်ပျက်ဖြစ်နေပုံရ၏။

သူသည် နဖူးပေါ်မှချွေးများကိုသုတ်ရင်း....

"သပ်ကိုရိုက်သွင်းလိုက်တာကျိုးသွားတယ်... နောက်ထပ်သပ်တစ်ချောင်းရမှဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ရင်... ခရီးဆက်လို့ရမှာမဟုတ်ဘူးသူကြီး"

ထိုစကားကြားလိုက်ရသည့်အခါ ရိုလုံကျင်းမှာပို၍စိတ်ပျက်လက်ပျက်ဖြစ်သွားရတော့သည်။

"တို့ ဘယ်လိုလုပ်ကြမလဲ... မြို့တော်ဝန်ဆီ မသွားလို့မဖြစ်ဘူး၊ အချိန်ဆွဲနေရင်အခြေအနေတွေကပိုရှုပ်ထွေးလာလိမ့်မယ်၊ မြင်းလှည်းသမားကို နောက်ထပ် သပ်အသစ်တစ်ခုရှာခိုင်းပါ"

"မြင်းလှည်းသမားက သစ်ကိုင်းတစ်ကိုင်းကိုခုတ်ပြီး သပ်ရအောင်လုပ်မယ်လို့ပြောပါတယ်၊ ဒါပေမယ့် သပ်လုပ်တဲ့သစ်ကအသားမသေသေးတော့လမ်းမှာ ကျိုးဦးမယ်လို့ပြောပါတယ်"

လီဟန်ကပြောရာ ရိုလုံကျင်းကလက်ကာပြလိုက်၏။



"ကိစ္စမရှိဘူး သပ်လေးချောင်းလုပ်ထားလိုက်၊ တစ်ချောင်းကျိုးသွားရင် နောက်တစ်ချောင်း အသစ်လဲပေါ့၊ ငါ့ခရီးစဉ်ကိုအပျက်ခံလို့မဖြစ်ဘူး"

"ကောင်းပါပြီသူကြီး"

လီဟန်သည် လှည်းသမားထံသို့သွား၍ ရိုလုံကျင်းမှာသည့်အတိုင်းပြောပြီးသူကိုယ်တိုင်လည်းဝိုင်းဝန်းကူညီပေးရာ မကြာမီ ရှေ့ခရီးဆက်ရန်အသင့်ဖြစ်သွားလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com

## နဖူးတွေဒူးတွေ

နေလုံးကြီးငုပ်လျှိုးကွယ်ပျောက်သွားလေပြီ။

အမှောင်ထုကတစ်လောကလုံးကိုလွှမ်းခြုံလာ၏။

တစ်နေ့တာအချိန်ကုန်ဆုံးသွားသည့်တိုင် ရိုလုံကျင်းတို့မှာ လိုရာခရီးသို့မရောက်နိုင်ကြသေးဘဲဖြစ်နေလေသည်။

သူတို့သည် သပ်တစ်ချောင်းကျိုးလိုက်၊ အသစ်တစ်ချောင်း လဲလိုက်ဖြင့် ခရီးနှင်နေကြဆဲဖြစ်၏။

သူတို့ခရီးစဉ်သည် မလိုလားအပ်ဘဲနှောင့်နှေးကြန့်ကြာနေခြင်းဖြစ်လေသည်။

ရိုလုံကျင်း၏စိတ်ထဲ လေးလံစပြုလာသည်။

"ငါ့ခရီးစဉ်ဟာအတိတ်နိမိတ်မကောင်းဘူး၊ နတ်ဝင်သည် လောင်ရှိပြောသလိုမျိုးဖြစ်နေမလား"



ရိုလုံကျင်းသည် တောင်တွေးမြောက်တွေးဖြင့် စိတ်ဂဏှာမငြိမ်ဖြစ်လာသည်။ လိဟာန်သည်ကား မောမောပန်းပန်းဖြင့်မျက်လုံးမှိတ်ကာအနားယူလျက်ရှိနေသည်။

သူသည် ရွှမ်ဟိုင်စန်းတစ္ဆေနှင့်ပတ်သက်၍ ခေါင်းထဲထည့်သွင်းစဉ်းစားပုံမရချေ။ သူ့အသွင်သည် တုံးတိုက်တိုက် ကျားကိုက်ကိုက်တစ်ဇွတ်ထိုးပုံမျိုးဖြစ်၏။

အမှောင်ထုသည် တစ်စထက်တစ်စသိပ်သည်းလာ၏။

သို့သော်... မကြာမီ လဝန်းထွက်ပေါ်လာကာ ဝန်းကျင်တခို အလင်းရောင်ရလာပြန်သည်။

တောင်ပေါ်ဒေသဖြစ်သည့်အတိုင်း....

နံနက်စောစောနှင့်ညပိုင်းအထိ ကျဆင်းလာတတ်သော မြူခိုးများက ဝန်းကျင်ကိုမပီပိုးတဝါးရစ်သိုင်းထားလေသည်။ ရိုလုံကျင်းတို့သည် လရောင်ကိုအားပြုကာခရီးဆက်နေကြဆဲဖြစ်၏။

"ဂူး... ဂူး... ဂူး"

အဝေးမှတောခွေးအူသံများ ထွက်ပေါ်လာရာ ရိုလုံကျင်းမှာ ကြက်သီးမွေးညင်းများပင် ဖြန်းခနဲထသွားရလေသည်။

"ကျက်သရေမရှိလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ဟိုင်စန်းတစ္ဆေကိုကြောက်နေသည်ဟု ဖွင့်မပြောသည့်တိုင် စိတ်ထဲ၌ခပ်ရွံ့ရွံ့ဖြစ်နေသည်ကအမှန်ပင်။

တောင်တွေးမြောက်တွေးနှင့် စိတ်ကဏှာမငြိမ်ဖြစ်နေစဉ် အဝေးမှမြင်းခွာသံများကိုကြားလိုက်ရသည်ဟု စိတ်ထဲဝင်မှတ်မိ၏။

ထို့ကြောင့်....

"လိဟန်... မြင်းခွာသံကြားလား"

ဟုပျာပျာသလဲလှမ်းမေးလိုက်၏။

လိဟန်မျက်လုံးဖွင့်လာပြီး....

"ကြားပါတယ်သူကြီး... မြင်းလှည်းသမားကအချိန်လင့်နေလို့ မြင်းလှည်းကိုဒုန်းစိုင်းနေတာဖြစ်ပါလိမ့်မယ်"

ရိလုံကျင်းခေါင်းခါလိုက်သည်။

"ဟကောင်ရ... ငါတို့မြင်းလှည်းကထွက်ပေါ်လာတဲ့မြင်းခွာသံမဟုတ်ဘူးကွ"

ထိုအခါမှ လိဟန်မျက်လုံးဝိုင်းသွားသည်။

"ဗျာ...."

ရိုလုံကျင်းက....

"မင်း သေသေချာချာနားထောင်ကြည့်စမ်း"



"ဟုတ်ကဲ့"

လိဟန် သတိထားပြီးနားစွင့်ကြည့်လိုက်သည်။

ဤတွင်... သူတို့၏မြင်းလှည်းမှ ဖြင်းခွာသံများနှင့်အတူ အခြားသောမြင်းခွာသံအချို့ကိုပါကြားလိုက်ရတော့၏။

မြင်းခွာသံများကို ခွဲခြားပြီးသိလိုက်သည်နှင့်....

"အရှေ့ဘက်က မြင်းစီးသမားတစ်ယောက် ဒုန်းစိုင်းနှင်လာနေတယ်"

ဟုပြောလိုက်၏။

ရိလုံကျင်းလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

တစ္ဆေပုံပြင်....

ညအချိန် အလွန်ထက်မြက်လှသော ဓားတစ်လက်ကိုကိုင်လျက် မြင်းနက်ကြီးကိုစီးနင်းလာသည့်ဦးခေါင်းမပါသော ခန္ဓာကိုယ်၊ ရန်သူများကို ဖက်ပြတ်အောင်တိုက်သည့် ရွှမ်နယ်ခြားသားတို့၏ခေါင်းဆောင်ရွှမ်ဟိုင်စန်းတစ္ဆေသောင်းကျန်းလာပုံများ၊ ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲနေသည့်အလောင်းများ၊ ရိလုံကျင်း၏နဖူးပေါ်၌ ချွေးသီးချွေးပေါက်များစို့ရွဲလာပြီး....

"တို့တတွေ ရွှမ်ဟိုင်စန်းတစ္ဆေနဲ့တွေ့နေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြင်းလှည်းနှင့်ထိပ်တိုက်လာနေသောအရှေ့ဘက်မှ မြင်းခွာသံများသည် ပို၍ကျယ်လောင်ကာ အနီးသို့ရောက်ရှိလာလေတော့သည်။ ဒုတ်ခနဲ ခပ်အုပ်အုပ်အသံကြားလိုက်ရပြီး မြင်းလှည်း တုံ့ခနဲဖြစ်သွားသည်။

သို့သော် မြင်းလှည်းသည် ရှေ့ဆက်မောင်းနှင်သွားသကဲ့သို့ အခြားမြင်းခွာသံများသည်လည်း မြင်းလှည်းကိုဖြတ်ကျော်သွားကာ အဝေးကိုရောက်ရှိသွားလေတော့သည်။

၀၀၀၀



မြင်းလှည်းသည် ရှေ့ဆက်သွားနေသော်လည်း တုံ့ခနဲ တုံ့ခနဲဖြစ်နေ၏။ မြင်းလှည်းအရှိန်သည်လည်း တစ်စထက်တစ်စလျှော့ကျလာလေသည်။

ရိုလုံကျင်း မျက်မှောင်ကြုတ်သွားပြီး....

“ဘယ်လိုဖြစ်တာလဲ”

“ကျွန်တော်ကြည့်လိုက်ဦးမယ်”

လိဟာန်သည် ချက်ချင်းပင် မြင်းလှည်းတံခါးကိုဖွင့်ကာခေါင်းပြူ၍ကြည့်လိုက်သည်။

“လိဟာန် ဘာထူးလဲ”

ရိုလုံကျင်းကစိတ်လှုပ်ရှားစွာဖြင့်မေးလိုက်၏။

“ကျွန်တော်တို့ မြင်းလှည်းကိုဖြတ်သွားတဲ့မြင်းစီးသမားကို မတွေ့ရတော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မြင်းလှည်းသမားက ဘာကြောင့်အရှိန်လျှော့လိုက်ရတာလဲ"

"သူက...."

စကားသံက တစ်ပိုင်းတစ်စဖြင့်ပျောက်ကွယ်သွားရာ....

"လိဟန်... မင်းဘာဖြစ်တာလဲ"

ရိုလုံကျင်းကစိတ်မရှည်ဟန်ဖြင့်မေးလိုက်၏။

လိဟန်ထံမှမည်သည့်စကားသံမျှထွက်မလာ။

ရိုလုံကျင်းပို၍စိတ်တိုလာ၏။

ထိုစဉ်မှာပင်....

"ဟီး... ဟီး... ဟီး"

မြင်းဟီသံများ ရှည်လျားစွာထွက်ပေါ်လာသည်ကိုကြားရပြီး မြင်းလှည်းလည်းရပ်တန့်သွားလေတော့သည်။

၀၀၀၀



မြင်းလှည်းမှာရပ်တန့်သွားပြီဖြစ်လေသည်။

"အသုံးမကျတဲ့ကောင်"

ရိုလုံကျင်းက မကျေမနပ်ရေရွတ်ပြောဆိုရင်း မြင်းလှည်းပေါ်မှခုန်ဆင်းလိုက်၏။ ထို့နောက် မြင်းလှည်းကိုရပ်လိုက်သဖြင့် မြင်းလှည်းမောင်းသမားကို ပြစ်တင်ပြောဆိုကြိမ်းမောင်းရန် ကြည့်လိုက်သောအခါ....

"ဟာ...."

မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ရိုလုံကျင်းမှာ တုန်လှုပ်ချောက်ချားသွားရတော့သည်။

သူသည် "မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ထိတ်လန့်တကြားဖြင့်နောက်ဆုတ်လိုက်ရာ မြေပေါ်လဲကျလုမတတ်ဖြစ်သွားလေ၏။ မြင်းလှည်းသမားသည် လှည်းမောင်းသူနေရာ၌ အကျအနထိုင်ကာ မြင်းဇက်ကြိုးကိုလက်နှစ်ဖက်ဖြင့်ဆွဲကိုင်ထားလေ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းကို ဂရုစိုက်ကာမောင်းနှင်နေပုံမျိုးဖြစ်၏။

သို့သော် မြင်းလှည်းသည် ရှေ့ဆက်မသွားဘဲရပ်တန့်သွားရသည်မှာ မြင်းလှည်းသမား၏ခန္ဓာကိုယ်တွင် ဦးခေါင်းကင်းမဲ့နေခြင်းကြောင့်ဖြစ်လေသည်။

"ရွှမ်ပိုင်စန်းတစ္ဆေ... မိစ္ဆာစားရှင်"

ရိလုံကျင်း သွေးရူးသွေးတန်းအော်ဟစ်၍လမ်းဘေးယာခင်းထဲသို့ဆင်းပြေးလေတော့၏။

လိဟာန်သည် မြင်းလှည်းသမား၏အဖြစ်ဆိုးကြောင့်ကြောင်အမ်းအမ်းဖြစ်နေရာမှအသိဝင်လာပြီး....

"သူကြီး...."

ချက်ချင်းဆိုသလိုပင် ရိလုံကျင်းနောက်သို့ပြေးလိုက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများထွက်ပေါ်လာပြီး မြင်းနက်ကြီးတစ်ကောင်ဒုန်းစိုင်းလာသည်ကိုတွေ့လိုက်ရပြန်သည်။

လိဟာန်သည် ရိလုံကျင်းနောက်သို့လိုက်မသွားဖြစ်တော့ဘဲ

BURMESE CLASSIC .com



ခြေလှမ်းရပ်ကာ ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။ မြင်းနက်ကြီးသည်အလွန်လျင်မြန်သောအဟုန်ဖြင့် တစ်ခဏအတွင်းမှာပင်လိဟာန်အနီးသို့ရောက်လာလေသည်။

မြင်းနက်ကြီးကိုစီးနင်းလာသူမှာ ရွှမ်နယ်ခြားသားတို့၏တိုက်ပွဲဝင်ဝတ်စုံဖြစ်သော ကြေးနီသတ္တုဖြင့် ပြုလုပ်ထားသည့် ချပ်ဝတ်တန်ဆာများဖြစ်လေသည်။

မြင်းဇက်ကြိုးကိုလက်တစ်ဖက်ဖြင့် ဆွဲထားပြီး ကျန်လက်တစ်ဖက်ကမူ အရောင်တဖိတ်ဖိတ်ဝင်းလက်နေသည့် ဓားရှည်တစ်လက်ကိုင်ထား၏။

ဓားရှည်ကိုဝှေ့ယမ်းလိုက်သောအခါ မျက်လုံးများပင် ကျိန်းစပ်သွားစေ၏။

ထိုလူသည် လိဟာန်၏မလှမ်းမကမ်း၌ရပ်တန့်လိုက်သဖြင့် သေသေချာချာတွေ့မြင်လိုက်ရခြင်းပင်ဖြစ်လေသည်။

မြင်းနက်ကြီးကနှာမှုတ်ကာခွာရပ်နေ၏။

မြင်းနက်ကြီးကိုစီးနင်းထားသူကလည်း ဓားတဝင့်ဝင့်ဖြင့်ဓားရေးပြနေ၏။ သို့သော်.... ထိုလူသည် အကောင်းပကတိဖြစ်နေသော်လည်း ဦးခေါင်းမပါချေ။

www.burmeseclassic.com

www.burmeseclassic.com



မြင်းနက်ကြီးအားစီးနင်းထားသူသည် လည်ပင်းငုတ်တိုသာရှိပြီး ဦးခေါင်းပြတ်နေသူဖြစ်ချေပြီတကား။

လိဟန်သည် တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် မယုံနိုင်အောင်ဖြစ်သွားကာ....

"ရွှမ်ဟိုင်စန်းတချွေး...."

အသံနက်ကြီးဖြင့်အော်လိုက်သည်။ ထိုအချိန်မှာပင်....

"ဟီး... ဟီး... ဟီး"

ဗြိမ်သက်နေသောမြင်းနက်ကြီးသည် ခွာပေါက်ကာ တစ်ဟုန်ထိုးပြေးလာလေတော့၏။

ဦးခေါင်းပြတ်ခန္ဓာကိုယ်ကြီးကလည်း ဓားကိုဝင့်လိုက်၏။ အန္တရာယ်ကြုံရပြီဟုသိလိုက်သောလိဟန်သည် ဓားကိုထုတ်ကာ ခုခံရန်ဟန်ပြင်လိုက်စဉ် မြင်းနက်ကြီးနှင့်ရွှမ်ဟိုင်စန်းတချွေး၏ ပြင်းထန်သောဓားချက်သည် လျှပ်စီးလက်သလိုကျရောက်လာလေ၏။

"ဝုန်း...."

လိဟန်မှာအော်ဟစ်ရန် အချိန်ပင်မရတော့ဘဲ ဦးခေါင်းနှင့်ခန္ဓာကိုယ်အိုးစားကွဲကာ မြေပေါ်ဝုန်းခနဲလဲကျသွားလေတော့၏။

၀၀၀၀

BURMESE CLASSIC .com

ယာတောထဲ၌ ပြောင်းပင်များစိုက်ပျိုးထားလေသည်။

မြင်းလှည်းသမားနှင့် သက်တော်စောင့်လိဟန်တို့ အသက်အန္တရာယ်နှင့်ကြုံတွေ့သွားရပြီဖြစ်ကြောင်းသိလိုက်ရသည့်အခါ ရိလုံကျင်းမှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပြောင်းခင်းထဲသို့တိုးဝင်ထွက်ပြေးသွားတော့သည်။

ပြောင်းပင်တို့မှာ လူတစ်ရပ်မကရှည်၍ ပြောင်းဖူးများဖူးနေပြီဖြစ်သည်။

"ဟောဟဲ... ဟောဟဲ"

ရိလုံကျင်းသည် ပြောင်းခင်းထဲတိုးဝင်ပြေးရင်း အသက်ကိုလုရှုနေရ၏။ ပြောင်းပင်ငုတ်တိုတို့နှင့်တိုးမိတိုက်မိ၍ သူ၏အဝတ်အစားများလည်း စုတ်ပြဲကုန်သည်။

ခြေလက်များပေါက်ပြဲ၍သွေးများစီးကျလာ၏။

သူသည် အမှုမထားနိုင်ဘဲအသက်လုပြေးနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စိတ်ကြောင့် ရှူးသွပ်မတတ်တုန်လှုပ်လျက်ရှိ၏။

ပြေးရင်းလွှားရင်း တစ်နေရာအရောက်တွင် လမ်းပိတ်ထား သူတစ်ယောက်ကို ဘွားခနဲတွေ့လိုက်ရတော့၏။

"အမယ်လေး...."

သူလွတ်ခနဲအော်ပြီး နောက်သို့ခုန်ဆုတ်လိုက်ရာ ခြေချော်ပြီး ဘိုင်းခနဲလဲကျသွား၏။

ကမန်းကတမ်းလူးလဲထရင်း....

"ကျုပ်... ကျုပ်ကိုမသတ်ပါနဲ့ချမ်းသာပေးပါ"

ထိတ်ထိတ်ပျာပျာတောင်းပန်သည်။

လမ်းပိတ်ထားသူကတိုက်ခိုက်ခြင်းမပြုပါ။

လှုပ်ရှားခြင်းလည်းမပြုဘဲငြိမ်သက်နေ၏။

သူ မရဲတရဲမော့ကြည့်မိသည်။

ထိုအခါမှ စာခြောက်ရုပ်တစ်ရုပ်ဖြစ်နေသည်ကိုသိရ၏။

ကိုယ့်ကိုယ်ကိုမလုံမလဲဖြစ်သွားပြီး....

"စာခြောက်ရုပ်ပါလား၊ ငါ... ငါအကြောက်လွန်နေတာကိုး"

စိတ်သက်သာရာရရုံသာ ရှိသေးသည်။ နောက်ကျောဘက် မှထွက်ပေါ်လာသည့်ခြေသံကြောင့် သူချာခနဲလှည့်ကြည့်မိ၏။



ရှမ်ဟိုင်စန်းတစ္ဆေသည် မည်သည့်အချိန်ကရောက်နေမှန်း မသိ။ သူ့နောက်ဘက်သို့ရောက်ရှိနေသည်တကား။

သူသည် သွေးပျက်မတတ်ချောက်ချားသွားကာ....

"အား...."

အသံနက်ကြီးဖြင့်စူးရှစွာ အော်ဟစ်လိုက်မိလေသည်။

သူ၏အော်သံသည်... တိတ်ဆိတ်သောညဦးယံကိုဖောက် ထွင်းလျက် တောတောင်အနှံ့လွင့်ပျံ့သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## စေတမန်

လုံရှန်မြို့…

လုံရှန်မြို့သည် ချင်းဟိုင်တောင်တန်းဒေသနှင့်အနီးဆုံးနေရာ၌တည်ရှိသည့်မြို့ဖြစ်၏။ ချင်းဟိုင်တောင်တန်းမှထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတွင်ကျယ်၍စည်ကားသိုက်မြိုက်လာ၏။

အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားတို့နှင့် ခရီးသည်တို့သည် ထိုမြို့သို့ရာသီချိန်ခါမရွေးဝင်ထွက်သွားလာလျက်ရှိ၏။

လုံရှန်မြို့တော်ဝန်မှာ ဘုရင်မင်းမြတ်၏တာဝန်ပေးချက်အရ နေပြည်တော်မှရောက်လာသည့်အမတ်ကြီးကျိုကုဖြစ်၏။

ကျိုကုသည် လုံရှန်မြို့၌ရုံးစိုက်၍ချင်းဟိုင်တောင်တန်းကို အုပ်ချုပ်ရန် ပူးတွဲတာဝန်ထမ်းဆောင်ရသည်။



သူသည်… ဘုရင်မင်းမြတ်အပေါ်သစ္စာရှိသည့် ချင်းဟိုင်တောင်ပေါ်သားတို့ကိုလေးစားသူဖြစ်ရာ သူကြီးရိလုံနှင့်အလွန်ရင်းနှီးသည့်မိတ်ဆွေများဖြစ်လာကြသည်။

ချင်းဟိုင်တောင်ပေါ်ဒေသ၌… ရွှမ်ဟိုင်စန်းတာရွှေသောင်းကျန်းလာပြီး သူကြီးရိလုံကိုပင် အန္တရာယ်ပြုလာသည့်အခါ လုံရှန်မြို့တော်ဝန်အမတ်ကြီးကျိုကုသည် ရွှမ်ဟိုင်စန်းတာရွှေကိစ္စနှင့်ပတ်သက်၍အဖြစ်အမှန်ဖော်ထုတ်ရန် **အရေးတကြီးစီစဉ်ရတော့၏။**

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com

ချင်းဟိုင်တောင်တန်းဒေသသည် အခြားအရပ်ဒေသတို့နှင့် မတူ ထူးခြားသည့်ရာသီဥတုရှိ၏။

အများအားဖြင့် နွေမိုးဆောင်းသုံးရာသီရှိကြသော်လည်း ချင်းဟိုင်ဒေသ၌ကား နွေနှင့်ဆောင်းရာသီနှစ်မျိုးသာရှိ၏။

ဆောင်းရာသီတွင် မိုးရွာတတ်သည်။

ယခုလည်း ဆောင်းရာသီရောက်စပြုနေပြီဖြစ်၍ မြူနှင်းတို့ ရှိဝေကာ တစ်ခါတစ်ရံမိုးဖွဲကလေးများရွာသွန်းတတ်၏။

မိုးရွာသည့်အခါ တောင်လမ်းများပျက်စီးခြင်း၊ ပြိုခြင်းများ ဖြစ်တတ်၍လမ်းပန်းဆက်သွယ်မှုခက်ခဲသွားလေ့ရှိသည်။

ရာသီဥတုဆိုးဝါးလာချိန်၌ ရွှမ်ဟိုင်စန်းတစ္ဆေသောင်းကျန်း လာခြင်းဖြစ်သည်။ လုံရှန်မြို့တော်ဝန်အမတ်ကြီးကျိုကုသည် ပြတင်း ပေါက်အနီး၌ရပ်၍ အပြင်ဘက်တွင် မိုးဖွဲဖွဲကျနေသည့်မိုးရေစက်တို့ ကိုငေးကြည့်နေ၏။



မိုးရေများကြောင့် ဝန်းကျင်တစ်ခုလုံးမှုန်မှိုင်းနေ၏။

ထို့အတူ... ကျိုကု၏စိတ်ထဲ၌လည်း အုံ့ဆိုင်းမှိုင်းညို့၍နေ သည်။ သူကြီးရိလုံအတွက် စိတ်မကောင်းဖြစ်မိခြင်းပင်။

"မိတ်ဆွေကြီး... ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကို ကျူပ်မဖြစ်မနေ စုံစမ်းဖော်ထုတ်ပေးပါမယ်ဗျာ"

ရိလုံအားတိုင်တည်ရေရွတ်လိုက်မိသည်။

ထိုစဉ် ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက်ရောက် ရှိလာ၏။ ထိုလူမှာ အသက်နှစ်ဆယ့်ဆယ့်ခုနစ်နှစ် နှစ်ဆယ့်ရှစ်နှစ် ခန့်ရှိ လူငယ်တစ်ယောက်ဖြစ်သည်။

ခါး၌ ဓားတစ်လက်ချိတ်ထားပြီး အနီရောင်မင်းမှုထမ်းဝတ် စုံကိုဝတ်ဆင်ထား၏။

ယောကျ်ားပီသစွာချောမောသည့်ရုပ်သွင်ရှိပြီး တင်းတင်း စေ့ထားသည့်နှုတ်ခမ်းက ဆုံးဖြတ်ချက်အတိုင်းမဖြစ်မနေလုပ်တတ် သူဖြစ်ကြောင်း ဖော်ညွှန်းနေ၏။

ထိုလူသည် ကျိုကုအားဦးညွှတ်ပြီး....

"အမတ်ကြီးခင်ဗျာ... ကျွန်တော်ရှောင်မာရောက်လာပါပြီ၊ အမတ်ကြီးကိုဂါရဝပြုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှောင်မာဆိုသည့်လူငယ်ကိုသဘောကျစွာကြည့်လိုက်၏။ ရှောင်မာသည် ဘုရင့်နန်းတွင်း၌အမှုထမ်းခဲ့သောကိုယ်ရံတော်တစ်ယောက်ဖြစ်၏။

လုံရှန်မြို့သို့ ကျိုကုတာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသောအခါ သူ၏လုံခြုံရေးကိုတာဝန်ယူရန်နှင့် မြို့ရွာအုပ်ချုပ်ရေး တရားစီရင်ရေးတို့တွင်ကူညီဆောင်ရွက်နိုင်ရန် ကိုယ်ရံတော်ရှောင်မာအား နန်းတွင်းမှတာဝန်ပေးလိုက်ခြင်းဖြစ်သည်။

သူသည် ရှောင်မာအားထိုင်ခုံတစ်လုံးကိုညွှန်ပြလိုက်၏။

"ထိုင်ပါဦး... အေးအေးဆေးဆေးပေါ့"

ရှောင်မာကထိုင်ခုံ၌ထိုင်ချလိုက်သည်။

ကျိုကုကလည်းမျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး....

"ရှောင်မာ တို့ဒီအရပ်ဒေသကိုရောက်လာပြီး တာဝန်ထမ်းဆောင်ခဲ့တာအတော်ကြာသွားပြီနော်"

"ဟုတ်ပါတယ်အမတ်မင်း"

"ဒီအရပ်ဒေသမှာနေရတာပျော်ရဲ့လား"

"ဟုတ်ကဲ့ ပျော်ပါတယ်၊ အစစအရာရာအဆင်ပြေချောမွေ့ပါတယ်အမတ်ကြီး"



ကျိုကုက....

"ကျုပ်တို့ဟာအနယ်နယ်အရပ်ရပ်ကိုလှည့်လည်ပြီး တာဝန်ထမ်းဆောင်ခဲ့ကြတယ်၊ အများအကျိုး တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ခဲ့ကြတယ်၊ အခုလဲ ချင်းဟိုင်တောင်ဒေသကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်ပြီလို့ဝမ်းသာနေတုန်း မမျှော်လင့်ဘဲဝမ်းနည်းစရာသတင်းတွေကြားလာရတယ်"

ရှောင်မာခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လဲ ကြားပြီးပါပြီအမတ်ကြီး၊ ဝံဖြူရွာသူကြီးဟာ သူ့သက်တော်စောင့်နဲ့အတူလုပ်ကြံခံလိုက်ရတယ်၊ ချင်းဟိုင်ဒေသမှာ ရွှမ်ဟိုင်စန်းတစ္ဆေလို့ပြောကြတဲ့မိစ္ဆာဓားရှင်သောင်းကျန်းနေတယ်လို့ သတင်းကြားရပါတယ်"

ကျိုကုခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဒီကိစ္စဟာအတော့်ကိုထူးခြားတယ်၊ လောကမှာတစ္ဆေသရဲရှိတယ်ဆိုတာ မင်းယုံကြည်သလား"

ရှောင်မာခေါင်းခါလိုက်သည်။

"ကျွန်တော်လက်မခံပါဘူးအမတ်ကြီး"

အမတ်ကြီးကျိုကုခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... မင်း လက်ခံယုံကြည်မှာမဟုတ်ဘူးဆိုတာ ကျုပ်နားလည်ပြီးသားပါ၊ ဒါကြောင့် မင်းကိုပဲ တာဝန်ပေးဖို့ ဆုံးဖြတ်လိုက်တယ်"

ရှောင်မာရင်ကော့လိုက်ပြီး....

"ကျွန်တော် ဘယ်လိုတာဝန်မျိုးထမ်းဆောင်ရမယ်ဆိုတာ အမိန့်ရှိပါ"

ကျိုကုကရှောင်မာအားဇေ့စေ့ကြည့်၍....

"ချင်းဟိုင်တောင်ပေါ် ကဝံဖြူရွာကိုသွားပြီး မိစ္ဆာခုးရင်ဆိုတဲ့ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်းစုံစမ်းဖော်ထုတ်ဖို့ပဲ"

"ဟုတ်ကဲ့ စိတ်ချပါ၊ အမတ်ကြီးရဲ့မျှော်လင့်ချက်တွေ အလကားမဖြစ်စေရပါဘူး"

ကျိုကုသည် ကျေနပ်အားရဟန်ဖြင့်ခေါင်းညိတ်လိုက်ပြီး....

"ရှောင်မာ...ဝံဖြူရွာကိုအမြန်ဆုံးအရောက်သွားပါ၊ တောင်ပေါ်သားတွေကရိုးသားပြီး အစွဲအလန်းကြီးတယ်၊ သူတို့ဟာ ရွှမ်ဟိုင်စန်းတစ္ဆေရဲ့ လက်စားချေမှုခံရလိမ့်မယ်ဆိုပြီး ကြောက်နေကြတယ်၊ ကြာရင် အခြေအနေပိုဆိုးလာနိုင်... ဒါကြောင့်အမြန်ဆုံးသွားပြီးရှင်းမှဖြစ်မယ်"



"စိတ်ချပါအမတ်ကြီး၊ ကျွန်တော် ဒီနေ့ပဲခရီးထွက်မယ်" ကျိုကုကျေနပ်သွားသည်။

အမြဲတမ်း ရွှင်လန်းတက်ကြွပြီး တာဝန်ထမ်းဆောင်ရန် အသင့်ရှိနေတတ်သည့်ရှောင်မာကို လက်ရုံးတစ်ဆူအဖြစ်ရရှိထားသည်မှာ လွန်စွာအားရစရာကောင်းပေ၏။

"မင်းရဲ့ဆောင်ရွက်မှုတွေအောင်မြင်ပါစေကွယ်... ဘေးမသီ ရန်မခပါစေနဲ့လို့ ကျုပ်ဆုတောင်းလိုက်ပါတယ်၊ လိုအပ်တဲ့ပစ္စည်းတွေဘဏ္ဍာစိုးကြီးဆီမှာထုတ်ယူပြီး ခရီးထွက်ပေတော့"

"ကောင်းပါပြီခင်ဗျာ"

ရှောင်မာသည် အမတ်ကြီးကျိုကုအား အရိုအသေပြုနှုတ်ဆက်၍ထွက်ခွာသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မိုးက မချော်လင့်ဘဲ သည်းလာသည်။

ရှောင်မာသည် ခရီးထွက်ရန် အသင့်ပြင်ဆင်ပြီးဖြစ်သော်လည်း မိုးစဲသွားသည်အထိစောင့်ရန် ဆုံးဖြတ်မိ၏။

မိုးအစဲကိုစောင့်ဆိုင်းရင်း... ကောင်းလျှံစားသောက်ဆိုင်၌ သွားရောက်အချိန်ဖြုန်းနေလိုက်သည်။ ထိုဆိုင်သည် တစ်ကိုယ်ရည်တစ်ကာယသမားဖြစ်သည့်ရှောင်မာအတွက် စားအိမ်သောက်အိမ်ပမာဖြစ်ခဲ့ရ၏။

သို့ဖြင့် စားသောက်ဆိုင်ပိုင်ရှင်ကောင်းလျှံနှင့်ခင်မင်ရင်းနှီးခဲ့ရုံမက ကောင်းလျှံ၏သမီးကောင်းမေနှင့်ပါ လူငယ်တို့ဘာဝ မေတ္တာမျှခဲ့ကြပြီဖြစ်သည်။

ယခု စားသောက်ဆိုင်သို့ရောက်လာခြင်းမှာကောင်းမေကို နှုတ်ဆက်ရန်လာခဲ့ခြင်းလည်းဖြစ်သည်။ ဆိုင်သို့သူရောက်သွားသည်နှင့် ဆိုင်ရှင်ကောင်းလျှံကဆီးကြို၍နှုတ်ဆက်လိုက်လေသည်။



"ဆရာလေး ရှောင်မာ... ခရီးထွက်ရမယ်လို့ သတင်းကြားတယ်၊ ဒါအမှန်ပဲလား"

ရှောင်မာကပြုံးရင်း....

"ဟုတ်ပါတယ်ဦး... ဒီကနေ့ပဲ ခရီးထွက်ရမှာမို့ ဦးတို့ကိုလာနှုတ်ဆက်တာပါ"

"ထိုင်ပါဦးဆရာလေး"

ကောင်းလျှံက စားသောက်ဖွယ်ရာများကို ချက်ချင်းစီစဉ်၍ပေးသည်။ ပြီးမှ....

"ချင်းဟိုင်တောင်တန်းပေါ်ကို ဆရာလေးသွားမှာဆို၊ ဟုတ်ရဲ့လား"

ဟုမေးလာပြန်သည်။

ရှောင်မာခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ချင်းဟိုင်တောင်တန်းပေါ်မှာ ပြဿနာလေးနည်းနည်းဖြစ်နေလို့သွားဖြေရှင်းပေးရမှာပါ"

ကောင်းလျှံလက်ကာပြလိုက်သည်။

"ဒါကအသေးအဖွဲ့ပြဿနာမဟုတ်ဘူးဆရာလေး၊ တကယ့်ကိုကြောက်စရာကောင်းတဲ့ပြဿနာကြီးပါဆရာလေးရယ်၊ ပေါ့ပေါ့

www.burmeseclassic.com

www.burmeseclassic.com



တန်တန်သဘောမထားပါနဲ့... ဆရာလေးအတွက် စိုးရိမ်မိလို့ပြောတာပါ"

ရှောင်မာပြုံးလိုက်သည်။

"ကျွန်တော့်ကိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဘယ်လိုမှလဲ မအောက်မေ့ပါဘူး"

"အမှန်ဆိုရင်... ဆရာလေးတစ်ယောက်တည်း မသွားသင့်ဘူး၊ ဒီကိစ္စကိုဖြေရှင်းဖို့ နေပြည်တော်ကတပ်ဖွဲ့တွေကို အကူအညီတောင်းသင့်တာ"

ကောင်းလျှံက ရှောင်မာအတွက် စိတ်ပူပင်ဟန်ဖြင့် အကြံပြုပြောဆိုလိုက်ခြင်းဖြစ်သည်။

ရှောင်မာကရယ်မောလိုက်ရာ....

ကောင်းလျှံက....

"မရယ်ပါနဲ့ဆရာလေးရယ်... လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်လောက်က ရွှမ်နယ်ခြားသားတွေကျူးကျော်တာ ချင်းဟိုင်တောင်ပေါ်ရွာတွေပျက်စီးမလိုဖြစ်ခဲ့ရတယ်၊ ကျုပ်တို့လုံရှန်မြို့လဲ ကျီးလန့်စာစားနေခဲ့ရတာ၊ ဘယ်တော့များတစ်မြို့လုံး အဖျက်ဆီးခံရမလဲလို့ နေ့နေ့ညညထိတ်လန့်နေခဲ့ရတာ"



"ရွှမ်နယ်ခြားသားတွေဟာ ဒီလောက်တောင် ဆိုးသွမ်းခဲ့တာပဲလား"

မသိမမီခဲ့သောရှောင်မာအဖို့... အမှန်ပင် မယုံနိုင်ဖွယ်ရာဖြစ်နေပေသည်။

ကောင်းလျှံကမျက်နှာကြီးရှုံ့မဲ့ကာ....

"ဟာ... ဆိုးသွမ်းတာတော့ မပြောနဲ့တော့ သူတို့လူစုဟာ အင်အား ရာဂဏန်းလောက်ပဲရှိပေမယ့် အင်အားထောင်ချီရှိတဲ့ ချင်းဟိုင်တောင်တန်းသားတွေရဲ့တပ်ဖွဲ့တွေကို စီစီညက်ညက်ဖြစ်အောင် တိုက်ခိုက်ပစ်ခဲ့ကြတာ ချင်းဟိုင်တောင်တန်းတစ်ခုလုံး သွေးပင်လယ်ဝေခဲ့ရပါရောလား"

ထိုစကားကြောင့် ရှောင်မာစိတ်ဝင်စားသွားသည်။

"ရွှမ်နယ်ခြားသားတွေအကြောင်းကို ဦး သိခဲ့ရသလောက် ကျွန်တော်တို့ကိုပြောပြပါလား"

ရွှမ်နယ်ခြားသားများအကြောင်းသိထားလျှင် သူသွားရမည့်ခရီးအတွက်အထောက်အကူရနိုင်သည်မဟုတ်ပါလား။

သို့သော်... တကယ်သိချင်၍မေးလိုက်ကာမှ ကောင်းလျှံက အဖျားရှူးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ... ကျုပ်က တစ်ဆင့်စကားတစ်ဆင့်နားကြားခဲ့ရတာပါ၊ ဆရာလေးသေသေချာချာသိချင်တယ်ဆိုရင်တော့ ဝံဖြူကျေးရွာကို ရောက်တဲ့အခါမှာ မုဆိုးကြီးစိတောက်ကိုတွေ့အောင်ရှာပြီး မေးကြည့်ပေတော့၊ မုဆိုးကြီးဟာ တိရစ္ဆာန်သားရေတွေကိုလာပြီးရောင်းလေ့ရှိတယ်၊ လုံရှန်မြို့ကိုရောက်တိုင်း ကျုပ်ရဲ့ဆိုင်မှာလာပြီးစားသောက်နေကြပေါ့၊ သူနဲ့တွေ့ရင် ကျုပ်နာမည်ကိုပြောပြလိုက်ပါ၊ ဆရာလေးကိုကူညီပါလိမ့်မယ်"

ရှောင်မာဝမ်းသာသွားသည်။

"ကျေးဇူးပါပဲဗျာ... ကျွန်တော် တွေ့ဖြစ်အောင် သွားတွေ့လိုက်ပါ့မယ်"

ထိုစဉ် မိန်းမချောလေးကောင်းမေရောက်ရှိလာပြီး....

"ဟင်... အစ်ကိုရောက်နေတာကိုး"

ဆိုင်ရှင်ကောင်းလျှံကလည်းအလိုက်သိစွာဖြင့်....

"ကဲ... ကဲ... ဆရာလေးတို့စကားပြောလိုက်ကြဦး"

ပြောပြောဆိုဆိုရှောင်ထွက်သွားသည်။

ရှောင်မာကကောင်းမေအားပြုံးပြလိုက်ပြီး....

"ဦးက တော်တော်အလိုက်သိတာပဲနော်"



ကောင်းမေနှုတ်ခမ်းလေးစူသွား၏။

"တော်ပါ သမီးလေးတစ်ယောက်တည်းမို့ အလိုလိုက်ထားတာ၊ အစ်ကို့ကြောင့်မဟုတ်ပါဘူး"

"ဟား... ဟား... ဟား"

ရှောင်မာရယ်မောလိုက်သည်။

ရှောင်မာကဲ့သို့ အလားအလာရှိသောမင်းမှုထမ်းလေးတစ်ယောက်အား လုံရှန်မြို့မှမည်သည့်သမီးရှင်မဆို သဘောမကျဘဲရှိပါမည်လော။

"ဒါနဲ့ အစ်ကိုဝံဖြူရွာကိုသွားမလို့"

"ဟုတ်တယ်... ညီမ"

"အစ်ကို သတိနဲ့သွားနော်၊ ရွှမ်ဟိုင်စန်းတောင်ကြောအတော့်ကို ကြောက်စရာကောင်းတယ်၊ လူကြမ်းကြီးတွေဖြစ်တဲ့ ချင်းဟိုင်တောင်ပေါ်သားတွေတောင်ဖိန့်ဖိန့်တုန်အောင်ကြောက်ရတယ်ဆိုရင် အစ်ကိုတွေးသာကြည့်ပေတော့"

"စိတ်ချပါညီမရယ်၊ ဒီကိစ္စအစ်ကိုဖြေရှင်းပေးနိုင်မှာပါ"

"တစ္ဆေတစ်ကောင်သောင်းကျန်းနေတာကို အစ်ကိုဘယ်လိုဖြေရှင်းပေးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စမှာဖြေရှင်း၍မရနိုင်သောကိစ္စဟု ကောင်းမေမှတ်ယူထားပုံရသည်။

ရှောင်မာအတွက်လည်း စိုးရိမ်ပူပန်နေဟန်ရှိ၏။

ရှောင်မာအနေဖြင့် ရယ်လိုက်ချင်သော်လည်း ကောင်းမေစိတ်ကောက်သွားမှာစိုးသဖြင့်ထိန်းချုပ်ထားလိုက်ရသည်။

ကောင်းမေက သူမ၏လည်ပင်း၌ဆွဲထားသော ငွေဆွဲကြိုးလေးကိုဖြုတ်ယူပြီး ရှောင်မာအားပေးလိုက်သည်။

"အစ်ကိုဒီဆွဲကြိုးလေးကိုဆွဲထားလိုက်ပါ၊ မကောင်းဆိုးရွားတွေရဲ့အန္တရာယ်ကကာကွယ်နိုင်အောင် စီစဉ်ထားတဲ့ဆွဲကြိုးလေးပါ၊ ကျွန်မငယ်ငယ်က တစ္ဆေသရဲကြောက်တယ်ပြောဖူးတာနဲ့ မေမေဟာ မြို့လယ်ဘုံကျောင်းကကျောင်းထိုင်ဆရာတော်ကြီးဆီမှာ အကျိုးအကြောင်းလျှောက်ပြီး စီရင်ပေးခဲ့တဲ့အဆောင်ပစ္စည်းလေးပါ၊ အစ်ကို့အတွက်လိုအပ်ထိမ့်မယ်လို့ကျွန်မယုံကြည်ပါတယ်၊ လည်ပင်းမှာဆွဲထားလိုက်နော်"

ရှောင်မာက ဆွဲကြိုးလေးကိုလှမ်းယူလိုက်သည်။

သူ့အနေဖြင့်အယုံအကြည်မရှိပါ။

သို့သော် ကောင်းမေကျေနပ်စေရန်....



"ကောင်းပါပြီညီမရယ်... ကိုယ်နဲ့မကွာ အစ်ကိုဆောင်ထားလိုက်ပါ့မယ်"

ပြောပြောဆိုဆိုပင်....

ရှောင်မာကငွေဆွဲကြိုးလေးကို လည်ပင်း၌ဆွဲလိုက်သည်။

ကောင်းမေကျေနပ်သွားသည်။ ထိုစဉ်မှာပင် မြို့တော်ဝန်ဂေဟာမှအမှုထမ်းတစ်ယောက်ရောက်လာကာ ခရီးထွက်ရန်အချိန်တန်ပြီဖြစ်ကြောင်းပြောလာလေသည်။

ရှောင်မာမတတ်နိုင်တော့ပါ။ ကောင်းလျှံနှင့်ကောင်းမေတို့သားအဖနှစ်ယောက်အားနှုတ်ဆက်ထွက်ခွာခဲ့ရလေတော့၏။

oooo

www.burmeseclassic.com

www.burmeseclassic.com



## ချင်းဟိုင်တောင်၏ကြိုဆိုမှု

"ဂျိန်း...."

မိုးခြိမ်းသံကျယ်လောင်စွာထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ တဖျပ်ဖျပ် ဝင်းလက်နေကာ လေပြင်းများတဟူးဟူးတိုက်ခတ်လျက်ရှိ၏။

ချင်းဟိုင်တောင်ပေါ်ဒေသည် ရှည်လျားပြီးကျယ်ဝန်းလှပေ သည်။ အရပ်လေးမျက်နှာ မည်သည့်နေရာကြည့်ကြည့် စိမ်းလန်း သောတောအုပ်များကသာမင်းမူနေသည်။

ရှောင်မာသည် မိုးကိုရှောင်ပြီး ခရီးထွက်လာသော်လည်း ချင်းဟိုင်တောင်ပေါ်သို့ရောက်သည့်အခါ မိုးသည်းထန်စွာရွာသည် နှင့်ကြုံရပြန်၏။

အမတ်ကြီးကျိုကု စီစဉ်ပေးထားသည့်အတိုင်း....



မြင်းလှည်းဖြင့်ခရီးနှင်လာခဲ့ခြင်းကြောင့် ကံကောင်းသွား သည်ဟုဆိုရပေတော့မည်။

မိမိသဘောအတိုင်း မြင်းဖြင့်သာ ခရီးနှင်ခဲ့မိလျှင် မိုးမိပြီး အခက်ကြုံရမှာသေချာလှတော့၏။

မြင်းလှည်းဖြင့် ခရီးနှင်လာမိသောကြောင့် မိုးလုံလေလုံရှိ ကာ သက်တောင့်သက်သာလိုက်လာနိုင်ခြင်းဖြစ်ပေသည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

"ခွပ်ခွပ်... ခွပ်ခွပ်"

မိုးထဲလေထဲ မြင်းခွာသံများမှန်မှန်ထွက်ပေါ်နေသည်။

ရှောင်မာစီးနင်းလိုက်ပါလာသော မြင်းလှည်းသည် ဝံဖြူ ကျေးရွာသို့ဦးတည်လျက်ရှိ၏။

မိုးလေထန်နေသဖြင့် တစ်နေ့လုံးခရီးနှင်ခဲ့သော်လည်း လို ရာခရီးသို့မရောက်နိုင်ဘဲဖြစ်နေရသည်။

အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားသည်။

မိုးသည်လည်း တဖြည်းဖြည်းအရှိန်လျော့ကျသွားကာ... နောက်ဆုံးရပ်တန့်သွားသည်။

တစ်နေ့တာအချိန်လည်း ကုန်ဆုံးလုနီးပါးဖြစ်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ကြည့်လိုက်သည်။

တောင်ယာသားများစိုက်ပျိုးထားသည့် တောင်ယာစိုက်ခင်းများကိုတွေ့မြင်ရ၏။

ထိုယာခင်းများ၌ ကျီးများ ငှက်များကို ခြောက်လှန့်သည့် စာခြောက်ရုပ်များရှိနေသည်ကိုလည်းတွေ့ရလေသည်။

ရှောင်မာသည် ပတ်ဝန်းကျင်ကိုအကဲခတ်ရင်း....

"အတော်ကိုသာယာလှပနေပါလား"

စိတ်ထဲ၌ကြည်နူးစွာရေရွတ်မိလိုက်သည်။

သူ့အနေဖြင့် နှစ်သက်သဘောကျနေသည်မဟုတ်ပါလား။

ထိုစဉ်....

"ဟေး...."

လှည်းသမားက မြင်းများကိုအော်ငေါက်ကာ အရှိန်မြှင့်တင်လိုက်သည်။ အချိန်နောက်ကျနေပြီဖြစ်၍မြင်းများကိုဒုန်းစိုင်းနှင်လိုက်ခြင်းဖြစ်ပေသည်။

အလင်းရောင်များ တစ်စထက်တစ်စအားပျော့သွားကာ အမှောင်ထုကချဉ်းနင်းဝင်ရောက်လာပြီဖြစ်၏။



မိုးသားတိမ်လိပ်များ ကင်းစင်သွားသည့်ကောင်းကင်ပေါ်၌ လခြမ်းကွေးလေးထွက်ပေါ်လာသည်။

ရှောင်မာစီးနင်းလိုက်ပါလာသော မြင်းလှည်းကလေးသည် ကား ခရီးနှင်နေဆဲ....

"ဝုတ်... ဝုတ်... ဝူး"

လမ်းဘေးတောအုပ်အတွင်းမှ ခွေးအူသံများ ရုတ်တရက် ထွက်ပေါ်လာသည်။

သဘာဝအလှအပများကိုငေးကြည့်နေသော ရှောင်မာမှာ မျက်မှောင်ကြုတ်သွားလေသည်။

ထိုစဉ်....

မြင်းလှည်းတုံ့ခနဲဖြစ်သွားသည်ကို သတိပြုမိလိုက်၏။

"ဘယ်လိုဖြစ်တာလဲ"

ရှောင်မာကမြင်းလှည်းသမားကိုမေးလိုက်၏။

မြင်းလှည်းသမားက....

"ဆရာလေးရှောင်မာ မြင်းတွေကိုကြည့်ရတာ ဘယ်လိုဖြစ်နေမှန်းမသိဘူး... တစ်ခုခုကိုကြောက်နေသလိုပဲ"

ရှောင်မာအံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင်....

မြင်းလှည်းတံခါးကိုဖွင့်ကာ ခန္ဓာကိုယ်ကိုတစ်ချက်လှုပ်ရှားလိုက်သည်နှင့်....

"ဟူး...."

မြင်းလှည်းသမား၏နံဘေးသို့ ဇွေ့ခနဲရောက်ရှိသွား၏။

မြင်းလှည်းသမားသည် ချင်းဟိုင်တောင်တန်းဒေသမှ တစ္ဆေသရဲပုံပြင်များအကြောင်းကိုသိထားကာ ထိတ်လန့်ကြောက်ရွံ့နေပုံရ၏။

မျက်နှာတစ်ခုလုံးဖြူဖပ်ဖြူရော်ဖြစ်ကာ တစ်ကိုယ်လုံး တုန်ယင်နေလေသည်။

"ဘာဖြစ်တာလဲ"

ရှောင်မာကမေးလိုက်ရာ မြင်းလှည်းသမားက ဝဲဘက်ရှိ တောအုပ်ဆီသို့ညွှန်ပြလိုက်ပြီး....

"တောအုပ်ထဲကိုကြည့်လိုက်ပါဦး လူရိပ်တွေမြင်နေရတယ်၊ ရွှမ်နယ်ခြားသားတွေကျူးကျော်စဉ်က တိုက်ပွဲတွေဖြစ်ခဲ့ပြီးသေဆုံးသွားတဲ့လူတွေဟာ မကျွတ်မလွတ်ပဲမကောင်းဆိုးဝါးတွေ ဖြစ်နေကြပုံရတယ်"



မြင်းလှည်းသမားမှာ....

ပြောလည်းပြော ကြောက်လည်းကြောက်နေပုံရ၏။

"ဟား... ဟား... ဟား"

ရှောင်မာကရယ်မောလိုက်သည်။

မြင်းလှည်းသမားမှာကြောင်အမ်းအမ်းဖြစ်သွားပြီး....

"ဆရာလေး... ဘာရယ်တာလဲ"

"ဘာရယ်တာလဲဟုတ်လား... သေသေချာချာကြည့်စမ်းပါဦး၊ စာခြောက်ရုပ်တွေလား တစ္ဆေသရဲတွေလားဆိုတာ"

"ဒါ... ဒါ"

မြင်းလှည်းသမားက ဘာပြောရမှန်းမသိအောင်ဖြစ်သွား၏။ ရှောင်မာက....

"စာခြောက်ရုပ်တွေပါဗျာ လရောင်နဲ့မသဲမကွဲမြင်နေရတာ၊ လေတိုက်တဲ့အခါလှုပ်ယမ်းနေတယ်၊ ဒါကို မကောင်းဆိုးဝါးကောင်တွေ တစ္ဆေသရဲတွေလို့ထင်မိကြတာပါဗျာ"

မြင်းလှည်းသမားမှာပါးစပ်ပိတ်သွားလေတော့၏။

"လောကပေါ်မှာ တစ္ဆေသရဲတွေဆိုတာမရှိပါဘူးဗျာ... ကဲ ခပ်သုတ်သုတ်မောင်းပေတော့ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာက ယင်းသို့ပြောလိုက်ရာ....

"ဟေး... ဟေး"

မြင်းသမားလည်း ဘာမှဆက်မပြောတော့ဘဲ မြင်းများကို အော်ငေါက်ကာမောင်းနှင်လိုက်လေသည်။

ထူးဆန်းသည်ကား မြင်းလှည်းဆွဲသည့်မြင်းနှစ်ကောင်သည် ကျာပွတ်ဖြင့်ရိုက်လိုက်သည့်တိုင် ဒုန်းစိုင်းမပြေးဘဲတုံ့ဆိုင်းဆိုင်းပြုလုပ်နေကြခြင်းပင်တည်း။

နှာမှုတ်သံများလည်း တရှူးရှူးမြည်နေ၏။

မြင်းနှစ်ကောင်မှာ တစ်စုံတစ်ခုကိုကြောက်ရွံ့ထိတ်လန့်နေကြောင်း သိသာထင်ရှားနေပေတော့၏။

ရှောင်မာပင်လျှင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မြင်းတွေဘာယ်လိုဖြစ်တာလဲ"

"မကောင်းဆိုးဝါးတွေကိုကြောက်ရွံ့နေတာပဲဖြစ်မယ်"

မြင်းလှည်းသမားသည် မကောင်းဆိုးဝါးရှိသည်ဟုချည်းသာယုံကြည်လက်ခံထားပုံရ၏။

ရှောင်မာနှာခေါင်းရှုံ့လိုက်သည်။

ထိုအချိန်မှာပင်....



"ဟီး... ဟီး... ဟီး"

အဝေးမှ မြင်းဟီသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ တစ်ဆက်တည်းမှာပင်....

"ခွပ်ခွပ်... ခွပ်ခွပ်"

တောအုပ်ထဲမှမြင်းခွာသံများထွက်ပေါ်လာသည်ကို ခပ်သဲ့သဲ့ကြားလိုက်ရလေသည်။ ချင်းဟိုင်တောင်တန်းဒေသမှမိစ္ဆာဓားရှင်ဟုအမည်ပေးထားသောရွှမ်ဟိုင်စန်းတစ္ဆေသည် ရှောင်မာကိုအရိပ်အရောင်ပြကာ ကြိုဆိုလိုက်ပြီဖြစ်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## သူစိမ်းဆန်ဆန်

"အောက်... အီး... အီး... အွတ်"

ကြက်တွန်သံများ ဟိုမှဒီမှထွက်ပေါ်လာပြီဖြစ်သည်။

အိပ်ရာမှလူးလိမ့်ထလိုက်သောအခါ... ပြတင်းပေါက်တံခါး ကြားမှ နေရောင်ခြည်များတိုးဝင်နေသည်ကိုတွေ့ရလေသည်။

မိုးစင်စင်လင်းပြီဖြစ်ပါသည်။

ရှောင်မာသည် အပျင်းတစ်ချက်ဆန့်ကာအိပ်ရာထက်မှထ လိုက်၏။ ယမန်နေ့ညက.... သန်းခေါင်ယံကျော်မှ ဝံဖြူကျေးရွာသို့ ရောက်ခဲ့သဖြင့် အိပ်ရာဝင်နောက်ကျပြီး နေမြင့်မှနိုးလာရခြင်းဖြစ် လေသည်။

ဝံဖြူကျေးရွာသူကြီးရိလုံကျင်းကား ရွှမ်ပိုင်စန်းတစ္ဆေ၏ လက်ချက်ကြောင့်သေဆုံးသွားခဲ့ပြီဖြစ်ရာ....



ရွာသူကြီး၏အိမ်ဂေဟာကို အိမ်ထိန်းကြီးဝူစုက တာဝန်ယူ ထားရသည်။

ဝံဖြူကျေးရွာသို့ ဆိုက်ရောက်လာသောရှောင်မာကိုလည်း အိမ်ထိန်းဝူစုကပင်လျှင် ကြိုဆိုဧည့်ခံနေရာချပေးခဲ့ခြင်းဖြစ်သည်။

ရှောင်မာသည် ခရီးရောက်မဆိုက် တာဝန်ဝတ္တရားများကို ထမ်းဆောင်လိုသော်လည်း....

ညဉ့်နက်သည်ကတစ်ကြောင်း....

ကျေးရွာလူကြီးများ အိပ်ရာဝင်နေကြသည်ကတစ်ကြောင်း ကြောင့် မနက်မိုး လင်းသည်နှင့် စုရုံးထားရန် အိမ်ထိန်းကြီးဝူစုအား မှာကြားပြီးအိပ်ရာဝင်ခဲ့ခြင်းဖြစ်သည်။

ရှောင်မာအိပ်ရာမှနိုးလာပြီး မရှေးမနှောင်းမှာပင်....

"ဒေါက်... ဒေါက်"

တံခါးခေါက်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှောင်မာ ချက်ချင်းပင် တံခါးသွားဖွင့်ပေးလိုက်၏။

အိမ်ထိန်းကြီးဝူစုကိုတွေ့လိုက်ရသည်။

"ဩော်... အိမ်ထိန်းကြီးပါလား"

အိမ်ထိန်းကြီးကဦးညွှတ်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာလေး... ညက ဆရာလေးမှာထားတဲ့အတိုင်း ချင်းဟိုင်တောင်ပေါ်ဒေသက ရွာသူကြီးတွေကိုဖိတ်ကြားထားပါတယ်၊ မကြာခင် သူတို့ရောက်ကြပါလိမ့်မယ်"

"ကောင်းပြီ... ကျုပ်လာခဲ့မယ်"

"ဆရာလေးအတွက် နံနက်စာလဲ အသင့်ပြင်ထားပြီးပါပြီ၊ ဆရာလေးစားသောက်ပြီးမှ ကျေးရွာလူကြီးတွေနဲ့တွေ့တာပေါ့"

ရှောင်မာခေါင်းညိတ်လက်ခံလိုက်သည်။

မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီးနောက် အိမ်ထိန်းကြီး စီစဉ်ပေးသည့်နံနက်စာကိုစားသောက်လိုက်သည်။ သူစားသောက်နေစဉ် အပြင်ဘက်မှမြင်းခွာသံ၊ စကားပြောဆိုသံ၊ နှုတ်ဆက်သံများကြားရ၏။

ကျေးရွာလူကြီးများ ရောက်ရှိလာကြပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် သူသည် အစားအစာများကို ခပ်သွက်သွက်ပင်စားသောက်လိုက်လေသည်။

အရေးတကြီးစားသောက်ကာမှ စားစရာများကထူးထူးကဲကဲအရသာရှိနေတော့သည်။



အိမ်ထိန်းကြီးချက်ပြုပ်ထားခြင်း ဖြစ်ဟန်မတူပါ။

အမျိုးသမီးတစ်ယောက်၏လက်ရာဖြစ်ပုံရ၏။

ညက ရွာထဲသို့ဝင်လာပြီး ရွာသူကြီးအိမ်နှင့်မလှမ်းမကမ်းသို့အရောက်တွင် အမှတ်မထင်တွေ့မြင်ခဲ့ရသောမြင်ကွင်းတစ်ခုကိုပြန်လည်မြင်ယောင်လာမိသည်။

ထည်ထည်ဝါဝါရှိသောအိမ်ကြီးတစ်ဆောင်.....

ထိုအိမ်ကြီးရှေ့၌ မိုးမခပင်ကြီးက လရောင်ဖြင့်လှပတင့်တယ်စွာရှိနေ၏။

ထိုမိုးမခပင်အောက်တွင် လူနှစ်ယောက်ရှိနေသည်။

အမျိုးသားတစ်ယောက်နှင့်အမျိုးသမီးတစ်ယောက်တို့ဖြစ်ကြ၏။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက် နမ်းရှုံ့နေကြခြင်းဖြစ်သည်။

ရှောင်မာစီးနင်းလိုက်ပါလာသော မြင်းလှည်းကိုတွေ့လိုက်ရသည့်တိုင် အမှုမထားကြချေ။

မိုးမခပင်ကြီး၏အရိပ်ကျနေပြီး ပန်းရုံများကကာကွယ်ထားသလိုဖြစ်နေခြင်းကြောင့် သူတို့အားမမြင်နိုင်ဟုထင်မှတ်ထားကြပုံရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် အမှတ်မထင်တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် အံ့သြသွားကာ သေသေချာချာကြည့်လိုက်မိသည်။

ထိုစဉ် လေတစ်ချက်တိုက်ခိုက်လိုက်ရာ သစ်ရွက်သစ်ကိုင်းများလှုပ်ရှားသွားပြီး လရောင်ဖြာကျလာ၏။

ဤတွင်....

သစ်ပင်အောက်၌ရှိနေသူနှစ်ယောက်အနက် အမျိုးသမီး၏မျက်နှာကို ရှောင်မာမြင်တွေ့လိုက်ရသည်။

ချောမောလှပသောအမျိုးသမီးတစ်ယောက်ဖြစ်၏။

တောင်ပေါ်ကျေးရွာ၌နေထိုင်သော်လည်း အလွန်တရာပင်နန်းဆန်လှပေသည်။

ထိုအမျိုးသမီးသည် ညကြီးအချိန်မတော် အမျိုးသားတစ်ယောက်နှင့် အိမ်အပြင်ဘက်မှောင်ရိပ်ထဲ၌ရှိနေသည်မှာ ရိုးသားမှုရှိသည်ဟုယူဆရန်ခက်လှသည်။

မည်မျှကြာအောင် အတွေးလွန်းနေမှန်းမသိ။

"ဧည့်သည်တွေ စုံစုံလင်လင်ရောက်နေပါပြီဆရာလေး"

အိမ်ထိန်းကြီးက အနီးသို့ရောက်လာပြီးပြောလိုက်တော့မှသတိပြန်ဝင်လာသည်။



စားသောက်မှုကိုလက်စသပ်လိုက်ပြီး....

"ကောင်းပြီ... ကျုပ်အခုချက်ချင်းလာခဲ့မယ်"

ဟုပြောလိုက်လေသည်။

oooo

ရွာသူကြီးရိလုံတို့သည် မျိုးရိုးစဉ်ဆက်ချမ်းသာကြွယ်ဝခဲ့သူများဖြစ်၏။

၎င်းတို့နေထိုင်သောအဆောက်အအုံမှာ ခမ်းနားထည်ဝါပြီးဧည့်ခန်းဆောင်ကိုသန့်ရှင်းလှပစွာပြင်ဆင်ထား၏။

ရိလုံမရှိတော့သည့်တိုင် အိမ်ထိန်းကြီးက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်ပုံရသည်။

ယခု ထည်ဝါသောဧည့်ခန်းအတွင်း၌ တောင်ပေါ်ကျေးရွာဆယ့်နှစ်ရွာမှခေါင်းဆောင်များစုရုံးရောက်ရှိနေကြပြီဖြစ်သည်။

ရှောင်မာရောက်လာသည်ကိုမြင်သည်နှင့် ၎င်းတို့အားလုံးထိုင်ရာမှထကာဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

"လုံရှန်မြို့တော်ဝန်စေလွှတ်လိုက်တဲ့ အထူးတမန်လေးကိုချင်းဟိုင်တောင်ပေါ်ကကြိုဆိုပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာကလည်း ပြန်လည်ဦးညွှတ်ဂါရဝပြု၍....

"ချင်းဟိုင်တောင်ပေါ်ရွာကခေါင်းဆောင်တွေကို လေးစားပါတယ်ဗျာ၊ ကျုပ်ဟာ လုံ့ရှန်မြို့ဝန်အမတ်မင်းကျိကုရဲ့တာဝန်ပေးချက်အရ ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကိုစုံစမ်းဖော်ထုတ်ဖို့လာရောက်ခဲ့တာဖြစ်ပါတယ်"

ပြောရင်း ရွာခေါင်းဆောင်တို့ကိုအကဲခတ်ကြည့်မိ၏။

အချို့က သူ့အားလိုလားဟန်ရှိသလို....

အချို့က လိုလားဟန်မရှိကြောင်းသတိပြုမိလိုက်သည်။

လိုလားကြသူများသည် တစ္ဆေသရဲမကောင်းဆိုးဝါးကို မယုံကြည်ဘဲ ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကို ဖော်ထုတ်လိုသူများဖြစ်ကြသည်။

မလိုလားဟန်ပြကြသူတို့ကား

ရွှမ်ဟိုင်စန်းတစ္ဆေကိုယုံကြည်၍ ကြောက်လန့်နေသူများဖြစ်ကြောင်းထင်ရှားနေ၏။

မည်သို့ဆိုစေ ရှောင်မာကမသိကျိုးကျွံပြု၍....

"ချင်းဟိုင်တောင်ပေါ်သားတွေရဲ့သတ္တိနဲ့ တိုင်းပြည်အပေါ်ချစ်မြတ်နိုးတဲ့မျိုးချစ်စိတ်ကို ဘုရင်မင်းမြတ်ကိုယ်တိုင် အသိအမှတ်ပြုခဲ့ပါတယ်၊ အခွင့်ကြုံတိုင်းထုတ်ဖော်ချီးမွမ်းပြောဆိုခဲ့ပါတယ်"



အားလုံး၏မျက်နှာတွင် ကျေနပ်သည့်အရိပ်အရောင်များထွက်ပေါ်လာသည်။

နေပြည်တော်နှင့်အလှမ်းကွာဝေးလှသော ချင်းဟိုင်တောင်ပေါ်သားတို့အတွက် ဘုရင်မင်းမြတ်၏ချီးကျူးမှုက ဝမ်းမြောက်ဂုဏ်ယူစရာပင် မဟုတ်ပါလား။

"လောကမှာတစ္ဆေသရဲအကြောင်းယုံတမ်းစကားတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ခုချိန်အထိ လက်တွေ့ပြနိုင်တဲ့ကိစ္စမျိုးမရှိသေးပါဘူး။ ချင်းဟိုင်သေရဲ့အကျော်ကြားဆုံး မိစ္ဆာများရှင် ရွှမ်ဟိုင်စန်းတစ္ဆေပုံပြင်ဟာ အတော်နားထောင်လို့ကောင်းပါတယ်၊ ထိတ်လန့်စရာလဲကောင်းပါတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၁ လောက်ကအဖြစ်အပျက်တစ်ခုကိုအခြေခံထားတာကြောင့်လဲ သဘာဝကျပြီး ယုတ္တိဆန်သလိုဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့်...."

ရှောင်မာက စကားကိုတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ကျေးရွာခေါင်းဆောင်တို့ကိုအကဲခတ်ကြည့်လိုက်သည်။

သူ၏စကားကို ထိုလူများကစိတ်ဝင်စားစွာ နားထောင်နေကြသည်ကိုတွေ့ရမှ ရှေ့ဆက်ပြောသည်။

ဤတွင်....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ရွှမ်ဟိုင်စန်းတစ္ဆေဟာ အတော့်ကိုကြောက်စရာကောင်းတယ်"

"သူ့ကိုတိုက်ခိုက်ခဲ့ကြတဲ့ ကျုပ်တို့ချင်းဟိုင်ဒေသကလူတွေကိုလက်စားချေဖို့ပေါ်လာတာပဲ"

"ရွှမ်ဟိုင်စန်းဟာ မကျွတ်မလွတ်ဘဲ တစ္ဆေသရဲအဖြစ်နဲ့ဒုက္ခပေးလာတာ"

တစ်ယောက်တစ်ပေါက် ပြောဆိုလိုက်ကြသည့် စကားသံများကျက်စီကျက်စီထွက်ပေါ်လာ၏။

ရှောင်မာပြုံးလိုက်သည်။

"ရွှမ်ဟိုင်စန်းဟာ ကျူးကျော်ဖို့ကြိုးစားခဲ့တဲ့အတွက် အဆုံးစီရင်ခံခဲ့ရတယ်၊ အခုတစ်ခါ မကောင်းဆိုးဝါးတစ်ကောင်အဖြစ်ထွက်ပေါ်လာပြီး လူသတ်မှုတွေကျူးလွန်တယ်ဆိုရင်တော့ အပြစ်ပေးစီရင်ခံရဦးမှာပဲ"

ထိုအခါ ရယ်သံအချို့ထွက်ပေါ်လာသည်။

ရှောင်မာမျက်မှောင်ကုပ်သွား၏။

"မိတ်ဆွေတို့ ဘာကိုများသဘောကျလို့ ရယ်နေတာလဲဗျ"

ရွာခေါင်းဆောင်အဘိုးအိုတစ်ယောက်က....



"ရွှမ်ဟိုင်စန်းတစ္ဆေကို အပြစ်ပေးမယ်ဆိုလို့ ရယ်မိတာပါ၊ တစ္ဆေကိုဘယ်လိုအပြစ်ပေးလို့ရမှာလဲ"

အချို့က သူ၏စကားကိုခေါင်းညိတ်ထောက်ခံလိုက်ကြ၏။

ရှောင်မာရယ်မောလိုက်၏။

တစ္ဆေယုံသည့်ခေါင်းဆောင်များက ရှောင်မာစကားမှား၍ အရှက်ပြေရယ်လိုက်သည်ဟုထင်မှတ်ကြသည်။

သို့သော် သူပြောလိုက်သည့်စကားကိုကြားလိုက်ရသောအခါ ပါးစပ်အဟောင်းသားဖြစ်သွားကြတော့သည်။

"တစ္ဆေသာ လူသတ်နိုင်တယ်ဆိုရင် အပြစ်ပေးတာကိုလည်းခံနိုင်ရမှာပေါ့ဗျာ"

ခေါင်းဆောင်များ တစ်ဦးကိုတစ်ဦးကြည့်မိလိုက်ကြ၏။

"လူပဲဖြစ်ဖြစ် တစ္ဆေပဲဖြစ်ဖြစ် ရာဇဝတ်မှုကျူးလွန်ရင် အပြစ်ပေးခံရမှာပဲ၊ ကျုပ်ဟာ တရားခံကိုဖော်ထုတ်အရေးယူဖို့ လာခဲ့တာပါ၊ ရွှမ်ဟိုင်စန်းတစ္ဆေဟာ တရားခံလား ဒါမှမဟုတ် တစ္ဆေဟန်ဆောင်ပြီး တစ်စုံတစ်ယောက်ကလူသတ်မှုတွေကျူးလွန်နေတာလားဆိုတာ စုံစမ်းဖော်ထုတ်သွားမှာဖြစ်ပါတယ်"

ခေါင်းဆောင်တစ်ယောက်က....

www.burmeseclassic.com

www.burmeseclassic.com



"ရွှမ်ဟိုင်စန်းတချွေရဲ့လက်ချက်ပဲ... ဘာမှစုံစမ်းနေစရာ မလိုဘူး"

အခြားတစ်ယောက်ကလည်း....

"ကျုပ်တို့ ချင်းဟိုင်ဒေသမှာ ဘယ်တုန်းကမှပြဿနာမဖြစ်ပေါ်ခဲ့ဖူးဘူး၊ လူသတ်မှုတွေကျူးလွန်စရာအကြောင်းလဲမရှိဘူး၊ ရွှမ်ဟိုင်စန်းတချွေကသာ ကျုပ်တို့ကိုမကျေမနပ်နဲ့လက်စားချေနေတာဖြစ်ပါတယ်"

ရှောင်မာက ၎င်းတို့အားစေ့စေ့ကြည့်၍....

"ချင်းဟိုင်တောင်ပေါ်မှာဖြစ်ပျက်ခဲ့တဲ့လူသတ်မှုတွေ အားလုံးဟာ ရွှမ်ဟိုင်စန်းတချွေရဲ့လက်ချက်ပဲလား"

"ဟုတ်တယ်... သူ့လက်ချက်ပဲ"

"ကောင်းပြီ... သူ့ရဲ့လက်ချက်ဆိုတာ ဘယ်သူမြင်တွေ့ဖူးသလဲ၊ ပြောပါ"

သူ၏အချက်ကျကျစကားကြောင့် အားလုံးပင် ပါးစပ်ပိတ်သွားကြကုန်တော့သည်။

"ကဲ... မြင်ဖူးတဲ့လူရှိရင်ပြောပါ"

ရှောင်မာကထပ်မေးလိုက်စဉ်မှာပင်....



"ဒေါင်... ဒေါင်... ဒေါင်... ဒေါင်"

အချက်ပေးသံချောင်းခေါက်သံများ ဆူညံစွာထွက်ပေါ်လာလေတော့၏။

၀၀၀၀

ရွာသူကြီးရိုလုံသည် အမြော်အမြင်ကြီးသူဖြစ်၏။

လုံရှန်မြို့သို့ခရီးမထွက်မီ ရွာကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကြိုတင်စီစဉ်ပေးခဲ့၏။ ထို့ကြောင့်လည်း ထူးခြားမှုဖြစ်ပေါ်လာသည်နှင့် အချက်ပေးသံချောင်းခေါက်၍ တစ်ရွာလုံးကို သတိပေးနိုင်ခြင်းဖြစ်ပေသည်။

သံချောင်းခေါက်သံကြောင့် ရွာခေါင်းဆောင်တို့လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ ရွှမ်ဟိုင်စန်းတချွေရောက်လာပြီလောဟုတွေးကာ မျက်စိမျက်နှာပျက်သူတို့ကပျက်ကုန်ကြ၏။

ထိုစဉ်မှာပင် လူတစ်ယောက်ပြေးလွှားရောက်ရှိလာသည်။

ထိုလူသည် ရှောင်မာနှင့်အသက်ချင်း မတိမ်းမယိမ်းခန့်ရှိပုံရသည်။ ထိုလူငယ်ကိုမြင်သည်နှင့် အိမ်ထိန်းကြီးဝူစက....

"ဝမ်စီမ်း... ဘာထူးခြားလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုလှမ်းမေးလိုက်၏။

ဝမ်စိမ်းဆိုသောလူငယ်က....

"အိမ်ထိန်းကြီး... တောထဲမှာအလောင်းတစ်လောင်းတွေ့ထားတယ်၊ ညကမှအသတ်ခံလိုက်ရတာဖြစ်မယ်"

ဝမ်စိမ်းအမည်ရှိလူငယ်၏စကားကြောင့် အိမ်ထိန်းကြီးဝူစု သက်ပြင်းချလိုက်မိ၏။ ထို့နောက် ရှောင်မာဘက်သို့လှည့်၍....

"ဆရာလေးရှောင်မာ... ရွှမ်ဟိုင်စန်းတစ္ဆေကတော့ ဆရာလေးကိုစိန်ခေါ်လိုက်ပြီထင်တယ်"

ရှောင်မာ၏မျက်နှာတည်ကြည်လေးနက်သွားသည်။

"အလောင်းဘယ်မှာလဲ၊ လိုက်ပြစမ်းပါ၊ ကျုပ်လိုက်ပြီးစစ်ဆေးကြည့်မယ်"

သို့ဖြင့် ဝမ်စိမ်းသည် အလောင်းရှိရာသို့ ရှောင်မာတို့အား ခေါ်ဆောင်သွားလေသည်။

oooo



## ပဟေဠိ

တောလမ်းကလေး၌ လူစည်ကားနေသည်။

ရှောင်မာ ရွာခေါင်းဆောင်များနှင့် အလွန်သတ္တိကောင်းကြသည့်လူငယ်လူရွယ်များ စုရုံးရောက်ရှိလာကြခြင်းဖြစ်သည်။

လူငယ်လူရွယ်တို့၏ခေါင်းဆောင်မှာဝမ်စိမ်းဖြစ်သည်။

တောလမ်းပေါ်တွင် လူတစ်ယောက် ခွေခွေလေးလဲကျသေဆုံးနေ၏။ ထိုလူ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်ဟူ၍လုံးဝမရှိ၊ တစ်ချက်တည်းသောဒဏ်ရာဖြင့် အသက်ပျောက်သွားခဲ့ရခြင်းဖြစ်သည်။

ထိုလူရရှိထားသည့်ဒဏ်ရာမှာ အလွန်ထက်မြက်သောဓားတစ်လက်ဖြင့် လည်ကုပ်သို့အပိုင်းခံလိုက်ရခြင်းဖြစ်သည်။

အလောင်းကိုဝိုင်းအုံကြည့်ရှုနေသူများသည်....

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးထင်ကြေးပေးပြောဆိုနေကြကုန်၏။

"ရွှမ်ဟိုင်စန်းတစ္ဆေရဲ့လက်ချက်မိသွားတာကွ"

"အေးလေ... ခေါင်းနဲ့ကိုယ်အိုးစားကွဲမှတော့ သူ့လက်ချက်ပဲဖြစ်မှာပေါ့"

"ရွှမ်ဟိုင်စန်းတစ္ဆေသောင်းကျန်းနေတာသိလျက်နဲ့ ညဘက်ထွက်ရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး"

"နေပါဦး... သူကဘယ်သူလဲ"

တစ်ယောက်ကမေးလိုက်သည်။

လူစုထဲမှတစ်ယောက်က...

"မျက်နှာမမြင်ရတော့ ဘယ်သူဘယ်ဝါဆိုတာ ဘယ်လိုလုပ်သိနိုင်မှာလဲ"

ဟုပြန်ဖြေသည်။

အခြားတစ်ယောက်က...

"သူ့ကြည့်ရတာ ရွာစွန်ကဘိန်းစားပုကျူးဖြစ်နေမလား"

ဝိုင်းအုံနေသူများ အလောင်းကိုသေချာကြည့်ကြသည်။

ရောင်မာသည် ပြောဆိုနေကြသည့်စကားသံများကိုနားစွင့်ပြီးနောက် အိမ်ထိန်းကြီးဝူစုဘက်လှည့်၍....



"အလောင်းကို ကျုပ်စစ်ဆေးကြည့်ချင်တယ်... လူတွေဝိုင်းအုံနေတာကိုရှင်းပေးပါ"

ဟုပြောလိုက်သည်။

"ကောင်းပါပြီဆရာလေး"

ဝူစုသည် ချက်ချင်းပင် အလောင်းအနီး၌ ဝိုင်းအုံနေသူများကို နောက်ဆုတ်ဖယ်ရှားပေးရန် မေတ္တာရပ်ခံလိုက်၏။

ဝိုင်းအုံနေသူများကလည်း အလိုက်သိစွာပင် နောက်ဆုတ်ဖယ်ရှားပေးကြလေသည်။ အလောင်းအနီးတွင် မည်သူမျှမရှိတော့ဘဲ ရှင်းလင်းသွား၏။

ထိုအခါမှ ရောင်မာသည် အလောင်းအနီး၌ဒူးထောက်ချ၍ မဆွံ့မရှာကိုင်တွယ်စစ်ဆေးကြည့်ရှုလိုက်လေသည်။

ထိုအလောင်းမှာ ညကမှ လောလောလတ်လတ် လုပ်ကြံခံထားရခြင်းဖြစ်ကြောင်းထင်ရှားသည်။

မြေပေါ်၌ လဲကျနေပုံကိုကြည့်ရခြင်းဖြင့် တောလမ်းအတိုင်း ဒရောသောပါးပြေးလာခဲ့လိမ့်မည်ဟုခန့်မှန်းရ၏။ ထိုသူသည် မည်သို့သောကြောက်စွံ့ထိတ်လန့်ဖွယ်နှင့်ကြုံတွေ့ခဲ့ရပါသနည်း။

ရောင်မာကဒူးထောက်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထိန်းကြီးဂူစုကိုလှမ်းကြည့်ပြီး....

"သူ ဘယ်သူလဲဆိုတာသိသလား"

ဟုမေးလိုက်၏။

အိမ်ထိန်းကြီးဂူစုက...

"ကြည့်ရတာတော့ ဘိန်းစားပုကျူးနဲ့တူတာပဲ"

ဂူစုကိုယ်တိုင် ဇဝေဇဝါဖြစ်နေဟန်ရှိသည်။

"သူဟာဘိန်းစားပုကျူးပဲ... သူ့လက်ခုံပေါ်မှာ ကျားခေါင်းပုံဆေးမင်ကြောင်ထိုးထားတယ်... လူမမှားနိုင်ဘူး"

ဝမ်စိမ်းကကြားဝင်၍အခိုင်အမာပြောလိုက်ခြင်းဖြစ်၏။

မှန်ပါသည်။

သေဆုံးနေသောအလောင်း၏ဝဲဘက်လက်ခုံ၌

ဆေးမင်ကြောင်ဖြင့်ကျားခေါင်းပုံထိုးထားသည်ကို အတိုင်းသားတွေ့မြင်နေရပေသည်။

ရှောင်မာကဝမ်စိမ်းကိုလှမ်းကြည့်ကာ....

"နောင်ကြီး... သူ့အကြောင်းသိရင် တဆိတ်လောက်ပြောပြပါလား"

ဝမ်စိမ်းမဲ့ပြုံးပြုံးလိုက်သည်။



"ဘိန်းစားပါဆိုမှတော့ ဘာများပြောရဦးမှာလဲဗျာ"

သူ၏စကားသံက ပေါ့ပျက်ပျက်နိုင်လှပေသည်။

ရှောင်မာအား မလိုလားမနှစ်မြို့သောလေသံမျိုး၊ အထင်သေးပုံမျိုးဖြစ်နေသည်။ သူ၏အပြုအမူကြောင့် ဂူစုမှာ မနေသာဘဲကြားမှဝင်ရောက်ရှင်းပြလိုက်လေသည်။

"ပုကျူးဟာ ကျုပ်တို့ရွာမှာနာမည်ပျက်ရှိတဲ့လူတစ်ယောက်ပါ။ ရွာသူကြီးရိလုံကရွာထဲအဝင်မခံဘဲမောင်းထုတ်ထားလို့ ရွာအပြင်ဘက် တောင်ယာတဲတစ်လုံးမှာနေရတယ်၊ ဒါတောင် လစ်ရင် လစ်သလိုရွာထဲဝင်ပြီး ခိုးဝှက်တတ်သေးတယ်၊ ခုလဲ ရွာထဲဝင်ခိုးပြီး အပြန်မှာ ရွှမ်ဟိုင်စန်းတစ္ဆေနဲ့တွေ့သွားတာပဲဖြစ်မယ်"

ထိုစဉ်....

"ဒီမှာအထုပ်တစ်ထုပ်ပါလား"

လူတစ်ယောက်က လမ်းဘေးရှိချုံပုတ်တစ်ခုထဲမှအထုပ်တစ်ထုပ်ကိုဆွဲထုတ်ကာ အော်ပြောလိုက်၏။ သူ၏အော်သံကြောင့် လူအားလုံးလှမ်းကြည့်လိုက်ကြသည်။

ဝမ်စိမ်းက ထိုအထုပ်ကလေးကိုယူကာ အများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အထုပ်ထဲ၌ အဝတ်ဟောင်းသုံးလေးထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့ရှိနေ၏။

ထိုအထုပ်လေးက အိမ်ထိန်းကြီးဂူစုပြောသည့်စကားမှာ မှန်ကန်ကြောင်း ထောက်ခံသကဲ့သို့ရှိနေသည်။

"ဒီလောက်သောင်းကျန်းတဲ့လူ သေတာတောင် နည်းသေးတယ်"

ဝမ်စိမ်းကဒေါသတကြီးပြောလိုက်ခြင်းဖြစ်သည်။

အသတ်ခံရသူမှာ ဘိန်းစားပုကျူးဆိုသူဖြစ်ကြောင်း အငြင်းပွားဖွယ်ရာမရှိတော့ပြီ။

ပုကျူးအား မည်သူကသတ်ဖြတ်လိုက်သည်ကိုသာ စုံစမ်းဖော်ထုတ်ရပေတော့မည်။ ပုကျူးကဲ့သို့ ဘိန်းစားတစ်ဦးအား မည်သူကမျှ ဆေးဖော်ကြောဖက်လုပ်လိုကြမည်မဟုတ်။

ရန်ငြိုးရန်စ ထားစရာလည်း အကြောင်းမရှိပါ။

သို့ဆိုလျှင်... အဘယ်ကြောင့် ဘိန်းစားပုကျူးလုပ်ကြံခံရပါသနည်း။

ရှောင်မာက မြေအနေအထားကိုအကဲခတ်ကြည့်လိုက်၏။

ညကမိုးရွာထားသဖြင့် မြေကြီးများစိုစွတ်နေသည်။



မြေကပျော့သဖြင့် ခြေရာများထင်နေသည်ကို အတိုင်းသားတွေ့မြင်ရ၏။

သို့သော် စုရုံးရောက်ရှိလာကြသူများ၏ခြေရာများပါ ရောထွေးယှက်လိန်နေသဖြင့် လုပ်ကြံသွားသူ၏ခြေရာကိုခွဲခြားရန်ခက်ခဲသွားလေသည်။

ရှောင်မာကအားမလျှော့ဘဲ ရှေ့ဘက်ဆီလှမ်းမျှော်ကြည့်ကာ ခပ်သွက်သွက်လှမ်းသွား၏။ ရုတ်တရက်ထွက်ခွာသွားသောရှောင်မာကို အားလုံးက ကြောင်အမ်းအမ်းဖြင့်ကြည့်လိုက်ကြလေသည်။

ရှောင်မာသည် ဝါးတစ်ရိုက်အကွာသို့ရောက်မှခြေလှမ်းရပ်လိုက်သည်။ မြေပေါ်ကြည့်နေသော သူ၏မျက်လုံးများက အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပလာ၏။

ရှောင်မာသည် ဒူးထောက်ချလိုက်ပြီး အတန်ကြာအောင် စစ်ဆေးကြည့်ရှုနေ၏။

ဝမ်စိမ်းက ဂူစုအနီးသို့ကပ်ကာမေးလိုက်လေ၏။

"သူ ဘာတွေကြည့်နေတာလဲ"

အိမ်ထိန်းကြီးဂူစုက...

www.burmeseclassic.com

www.burmeseclassic.com



"ခြေရာခံနေတာဖြစ်မှာပေါ့"

"ဘာထူးမှာလဲဗျာ... ထွက်ပြေးလာတဲ့ပုကျူးရဲ့ခြေရာနဲ့ နောက်ကလိုက်လာတဲ့ ရွှမ်ဟိုင်စန်းတစ္ဆေရဲ့မြင်းခွာရာတွေပဲ တွေ့ရမှာပေါ့"

ဝမ်စိမ်းပြောသည့်အတိုင်း အမှန်ပင်ဖြစ်နေသည်။

ရှောင်မာစစ်ဆေးကြည့်လိုက်သောအခါ မြေပေါ်တွင်လူခြေရာတစ်ချို့နှင့် မြင်းခွာရာများရှိနေသည်ကိုတွေ့ရသည်။

"ပုကျူးဟာ မြင်းစီးသမားတစ်ဦးနဲ့ ရင်ဆိုင်တိုးခဲ့တယ်၊ သူကကိုယ်လွတ်ရုန်းပြီးထွက်ပြေးပေမယ့် မြင်းစီးသမားက နောက်ကလိုက်ပြီးတိုက်ခိုက်ခဲ့တာပဲ"

ထိုထက်ပိုပြီးတွေးမရတော့ပါ။

ဝမ်စိမ်းနှင့်အိမ်ထိန်းကြီးဂူစုတို့ အနီးသို့ရောက်လာပြီး....

"ဘာတွေတွေ့သေးသလဲဆရာလေး"

အိမ်ထိန်းကြီးဂူစုကမေးလိုက်ခြင်းဖြစ်၏။ ရှောင်မာက...

"လူသတ်သမားဟာမြင်းစီးသမားတစ်ဦးပဲ... သူကိုင်တဲ့ဓားဟာ ကျောက်တုံးတွေကိုတောင် ထက်ခြမ်းကွဲအောင်ခုတ်ဖြတ်နိုင်တဲ့ ဓားကောင်းတစ်လက်ပဲ၊ သူဟာ...."



စကားဆုံးအောင်မပြောရသေးမီ ဝမ်စိမ်းကကြားဖြတ်ပြောလိုက်လေသည်။

"လူသတ်တရားခံကို ထွေထွေထူးထူးရှာစရာမလိုပါဘူး၊ အဲဒီလူဟာ ရွှမ်ဟိုင်စန်းတစ္ဆေပေါ့"

ဝမ်စိမ်းက သူ၏ထင်မြင်ချက်ကို အခိုင်အမာပင်ပြောလိုက်ခြင်းဖြစ်၏။ ရှောင်မာသက်ပြင်းချလိုက်သည်။

သူသည် ဝမ်စိမ်းနှင့်စကားအချေအတင်ပြောမနေတော့ဘဲ အိမ်ထိန်းကြီးဂူစုဘက်သို့လှည့်ကာ....

"ကျုပ်တို့ပြန်ကြရအောင်"

ဟုပြောလိုက်လေတော့သည်။

ရှောင်မာ လှည့်ပြန်သွားသည်နှင့် ကျန်လူများလည်း အလျှိုလျှိုနောက်မှလိုက်ပါသွားကြကုန်သည်။ မည်သူတစ်ဦးတစ်ယောက်မှ အခင်းဖြစ်ရာနေရာတွင် ကျန်ရစ်ခဲ့ခြင်းမရှိတော့ပါ။

တစ်ခဏအတွင်းမှာပင် ထိုနေရာသည် ပကတိတိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးအသက်ရှင်နေစဉ်က ချစ်ခြင်းမုန်းခြင်းများဖြင့် ရစ်ပတ်နှောင်ဖွဲ့ခဲ့သော်လည်း… သေဆုံးသွားသည့်အခါတွင်မူ အသက်ဝိညာဉ်နှင့်အတူ လွင့်ပျက်ပျောက်ကွယ်သွားရတော့၏။

ယခုလည်း ပုကျူးသေဆုံးသွားပြီဖြစ်ရာသူ့အပေါ်စက်ဆုပ်ရွံရှာမှုများကင်းလွတ်သွားပြီဖြစ်ပေသည်။

သူ့အား ကောင်းမွန်စွာသင်္ဂြိုဟ်ပေးလိုက်ကြသည်။

ယင်းသို့သင်္ဂြိုဟ်ပေးရင်း သင်္ချိုင်းမြေ၌ထူးခြားမှုတစ်ခုရှိနေသည်ကို ရှောင်မာသတိပြုမိလိုက်သည်။ သင်္ချိုင်းမြေ၏ အရှေ့ဘက်တောင်စောင်းလေးတစ်ခုပေါ်တွင် သစ်သားတိုင်များဖြင့် ခြံစည်းရိုးကာရံထားသောသီးခြားနေရာလေးတစ်ခုရှိနေ၏။

အမှန်တော့ ပုကျူး၏အလောင်းကို ထိုနေရာ၌မြှုပ်နှံလိုက်ကြခြင်းဖြစ်သည်။ အခြားမြေပုံများနှင့်ရောယှက်ခြင်းမပြုဘဲ သီးခြားမြှုပ်နှံထားသည့်သဘောဟုဆိုရပေမည်။



ပုကျူး၏အလောင်းကိုမြှုပ်နှံပြီးသည်နှင့် အားလုံး အလျှိုလျှိုပြန်လည်ထွက်ခွာသွားကြသော်လည်း…

ရှောင်မာကား တစ်ယောက်တည်းရပ်လျက်ကျန်ရစ်ခဲ့၏။

"ဘာကြောင့် ပုကျူးရဲ့အလောင်းကို အဲဒီနေရာမှာမြှုပ်နှံလိုက်ရတာလဲ၊ မတူသလိုမတန်သလိုသဘောမျိုးနဲ့ သီးခြားမြှုပ်နှံတဲ့သဘောလား"

စိတ်ထဲကတွေးရင်း ဝံဖြူရွာသားများအတွင်း၌ပင် ပဟေဠိများရှိနေသည်ကိုခန့်မှန်းမိလေသည်။ ထိုစဉ်…

"အစ်ကိုကြီး…"

ခေါ်သံနှင့်အတူ အဝတ်အစားနွမ်းပါးသောကောင်လေးတစ်ယောက် မဝံ့မရဲနှင့်အနီးသို့ရောက်လာသည်ကိုတွေ့ရလေ၏။

ရှောင်မာကပြုံးပြလိုက်ပြီး…

"ညီလေး… ဘာပြောချင်လို့လဲ"

နွမ်းပါးပုံရသောကောင်လေးကို ရင်းနှီးစွာဆက်ဆံလိုက်၏။ တစ်ခါတစ်ရံ၌ မထင်မှတ်ဘဲ အဖိုးတန်သတင်းများရတတ်သည်မဟုတ်ပါလား။

ကောင်လေးက…

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်လောက်ဝီးလို့ခေါ်ပါတယ်... အစ်ကိုကြီးဟာ ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်းဖော်ထုတ်ဖို့ မြို့ကလာခဲ့တာလို့သိရပါတယ်၊ အဲဒါအမှန်ပဲလားခင်ဗျာ"

ရှောင်မာခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်ကွ... မြို့ဝန်မင်းက တာဝန်ပေးလိုက်လို့လာခဲ့တာပဲ"

"ဒါဆို မြန်မြန်ဖော်ထုတ်စမ်းပါအစ်ကိုကြီးရာ"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲကွ"

လောက်ဝီးဆိုသောကောင်ကလေးသည် သွက်လက်ချက်ချာပုံရလေသည်။

"ရွှမ်ဟိုင်စန်းတစ္ဆေကို ကျွန်တော်မကျေနပ်လို့ပါ"

ရှောင်မာမျက်မှောင်ကြုတ်သွားရပြန်သည်။

"သူများတွေကတော့ကြောက်လိုက်ကြတာ... မင်းကကောမကြောက်ဘူးလားကွ"

လောက်ဝီးက လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း....

"ဟင့်အင်း... ကျွန်တော်မကြောက်ဘူး၊ သတ်ပစ်ချင်တယ်"



ဟုအံတင်းတင်းကြိတ်၍ပြောလေသည်။

ရှောင်မာက....

"နေပါဦး... မင်းက ဘာဖြစ်လို့ ဒီလောက်တောင် နာကြည်းနေရတာလဲကွ"

သွေးထိုးစမ်းသလိုမေးလိုက်ခြင်းဖြစ်၏။ လောက်ဝီးက...

"ရွှမ်ဟိုင်စန်းတစ္ဆေကော ကျွန်တော့်အဖေကိုသတ်သွားလို့ပေါ့ဗျာ... ဟောဟိုက သီးသန့်သင်္ချိုင်းမြေထဲမှာ ဖေဖေ့ကိုမြှုပ်နှံထားတယ်လေ၊ ရွှမ်ဟိုင်စန်းတစ္ဆေရဲ့လက်ချက်ကြောင့် သေဆုံးခဲ့ရသူအားလုံးကိုအဲဒီမှာပဲမြှုပ်နှံထားတယ်၊ ကျွန်တော့်ဖေဖေလည်းပါတာပေါ့"

ယခုမှ သီးသန့်နေရာလေးအကြောင်း ရှောင်မာသိလိုက်ရတော့သည်။ လောက်ဝီးက....

"ရွှမ်ဟိုင်စန်းတစ္ဆေကို အစ်ကိုကြီး ဒီအတိုင်းလိုက်ရှာနေလို့တွေ့မှာမဟုတ်ဘူး... နတ်ဝင်သည်လောင်ရှိဆီမှာသွားမေးကြည့်ပါလား... သူကပြောပြနိုင်လိမ့်မယ်လို့ကျွန်တော်ထင်တယ်"

ထိုစကားကိုကြားလိုက်ရသည့်အခါ ရှောင်မာစိတ်ဝင်စားသွားလေသည်။

ထို့ကြောင့် ချက်ချင်းပင်....

www.burmeseclassic.com

www.burmeseclassic.com



"သူကရှမ်ဟိုင်စန်းတစ္ဆေအကြောင်း သိတယ်ဟုတ်လား" ဟုပြန်မေးလိုက်သည်။

လောက်ဝီးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူက နတ်ဝင်သည်ပဲ...ရွာသူရွာသားတွေ ထက်ပိုသိတာပေါ့"

ရှောင်မာက....

"နေပါဦး... သူသိတယ်ဆိုရင် ရွာသူကြီးရဲ့လုံ့ကို ဘာကြောင့် ပြောမပြခဲ့တာလဲ"

လောက်ဝီးပခုံးတွန့်လိုက်သည်။

"နတ်ဝင်သည်လောင်ရှီဟာ ကြောက်စရာကောင်းတယ်ဗျ၊ မေးတိုင်းလည်းပြောချင်မှပြောတာ"

ရှောင်မာပြုံးလိုက်သည်။

"ညီလေးပြောတဲ့အတိုင်းဆိုရင် အစ်ကိုကြီးသွားမေးတော့ ကောဘာအကြောင်းထူးမှာလဲ၊ သူပြောချင်မှပြောမှာပဲမဟုတ်လား"

"မဟုတ်ဘူးလေ... အစ်ကိုကြီးဟာ မြို့ဝန်မင်းလွှတ်လိုက်တဲ့ လူပဲ... သူ မပြောဘဲနေဝံ့ပါ့မလား"

ရှောင်မာက....



"ထားပါတော့ကွာ... သူပြောတာတွေမှန်တယ် မမှန်ဘူး ဆိုတာတော့ ဘယ်သူအာမခံနိုင်မလဲ"

"ဟာ အစ်ကိုကြီးကလည်း သူဟာနတ်ဝင်သည်ဗျ၊ ဝိညာဉ် လောကနဲ့ဆက်သွယ်လို့ရတယ်... သူများမသိတဲ့ကိစ္စ သူသိနိုင်တာ ပေါ့"

လောက်ဝီး၏သွက်လက်ချက်ချာလှပုံနှင့် အကင်းပါးပုံကို ကြည့်၍ ရှောင်မာသဘောကျသွားလေသည်။

"ကောင်းပြီလေ... နောက်တော့ အစ်ကိုကြီးသွားတွေ့လိုက် မယ်... ငါ့ညီကိုတွေ့ချင်ရင် ဘယ်မှာလာရှာရမလဲ၊ ပြောစမ်းပါဦး"

"ကျွန်တော်က မုဆိုးကြီးစီတောက်နဲ့သုံးအိမ်ကျော်မှာ နေ တာပါအစ်ကိုကြီး"

မုဆိုးကြီးစီတောက်ဟူသည့်အမည်ကို ကြားရသည့်အခါမှ လုံ့ရှန်မြို့စားသောက်ဆိုင်ပိုင်ရှင် ကောင်းလျို မှာကြားလိုက်သည့် စကားများကိုပြန်လည်သတိရလာသည်။

ထိုအခါ သူသည် မုဆိုးကြီးစီတောက်နှင့်သွားရောက်တွေ့ ဆုံရန် ချက်ချင်းပင်ဆုံးဖြတ်လိုက်လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ရေးဟောင်းနှောင်းဖြစ်

မုဆိုးကြီးစိတောက်....

နာမည်ကျော်မုဆိုးကြီးတစ်ဦးဖြစ်သည်။

မှန်ပါသည်။ သူသည် ချင်းဟိုင်တောင်တန်းဒေသတွင် မသိသူ မရှိသလောက်ထင်ရှားသောမုဆိုးကြီးတစ်ယောက်ဖြစ်ပေ၏။

ချင်းဟိုင်တောင်ပေါ်၌ ဝက်ဝံ၊ ကျား၊ ခြသေ့်စသောသားရဲတိရစ္ဆာန်များ သောင်းကျန်းလာသည့်အခါတိုင်း အားလုံးက မုဆိုးကြီးစိတောက်ကို အားကိုးတကြီးအကူအညီတောင်းကာနှိမ်နင်းခိုင်းလေ့ရှိကြပေသည်။

သို့ဖြစ်ရာ...

မသိသူမရှိသလောက်ထင်ရှားသော မုဆိုးကြီးစိတောက်၏ အိမ်ကိုစုံစမ်းရသည်မှာ ခက်ခဲလှသည်မဟုတ်ပါ။



လမ်း၌တွေ့ရသောရွာသားတစ်ယောက်ကို မေးလိုက်သည်နှင့်သိလိုက်ရပေသည်။ မုဆိုးကြီးစိတောက်၏အိမ်မှာ ခြံစည်းရိုးပမာ စိုက်ပျိုးထားသည့်ခြံဝိုင်းအတွင်း၌တည်ရှိ၏။

ခြံဝိုင်းအတွင်းသို့ရောက်သွားသည်နှင့် အမဲလိုက်မုဆိုးတို့၏ အဆောင်အယောင်ပစ္စည်းများ တိရစ္ဆာန်အရိုးများအား စတင်တွေ့မြင်ရတော့သည်။

ရောင်မာကအိမ်လေးဆီသို့လှမ်းသွားလိုက်စဉ်....

"ဘယ်သူလဲ"

အိမ်ထဲမှအသံသြသြကြီးဖြင့်လှမ်းအော်မေးမြန်းသံ ထွက်ပေါ်လာသဖြင့် ရောင်မာခြေလှမ်းရပ်တန့်သွားသည်။

"မြို့တော်ဝန်ဂေဟာကကိုယ်ရံတော်ရောင်မာပါ... မုဆိုးကြီးစိတောက်နဲ့တွေ့ချင်...."

စကားပင် မဆုံးသေးပါ။

"သွား... သွား၊ ငါဘယ်သူနဲ့မှမတွေ့ချင်ဘူး"

အိမ်ထဲမှ ဒေါသတကြီးအော်ငေါက်မောင်းထုတ်သံ ထွက်ပေါ်လာလေတော့သည်။

ရောင်မာအလွန်ပင်အံ့သြသွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးစီတောက်သည် အဘယ်ကြောင့် မိမိအား ရန်သူလိုဆီးကြို ဆက်ဆံနေရပါသနည်း။

ရှောင်မာသည် မည်သို့မျှနားမလည်နိုင်ဟန်ဖြင့် အိမ်ထဲသို့ လှမ်းကြည့်လိုက်ရင်း....

"ကျုပ်ဟာ ရွှမ်ဟိုင်စန်းတခွေက်စွကိုစုံစမ်းဖော်ထုတ်ဖို့လာခဲ့တာပါ။ တာဝန်အရဝံဖြူကျေးရွာကလူတွေနဲ့တွေ့ဆုံမေးမြန်းရပါလိမ့်မယ်၊ မုဆိုးကြီးကိုလဲမေးစရာရှိလို့လာခဲ့တာပါ။ ကျုပ်ကိုမောင်းထုတ်မယ်ဆိုရင်တော့အပြစ်ဒဏ်သင့်ပါလိမ့်မယ်"

စီးတောက်၏အသံတိတ်ဆိတ်သွားသည်။

ရှောင်မာကအခြေအနေစောင့်ကြည့်နေသည်။

တစ်ခဏအကြာတွင်... တဲအိမ်ထဲမှလှုပ်လှုပ်ရှားရှားအသံများထွက်ပေါ်လာပြီး လူတစ်ယောက်ဝုန်းခနဲပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ဖျင်ကြမ်းအင်္ကျီကိုဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ဖြစ်ကာ လက်ထဲ၌ ဒူးလေးကြီးတစ်လက်ကိုင်ဆောင်ထားသည်ကိုတွေ့ရလေသည်။

သူသည် ရှောင်မာကိုဒူးလေးဖြင့်ချိန်ရင်း....



"မြို့တော်ဝန်ရဲ့လူမကလို့ ဘယ်သူပဲဖြစ်ဖြစ် ငါ့ခြံဝိုင်းထဲက ထွက်သွားစမ်း"

မုဆိုးကြီးစီတောက်က အသံသြသြကြီးဖြင့်အော်ဟစ်ငေါက်ငမ်းလိုက်လေ၏။

ရှောင်မာသာထွက်မသွားလျှင် ဒူးလေးဖြင့်ပစ်ခတ်အဆုံးစီရင်မည့်အသွင်ဖြင့်တိုက်ခိုက်ရန်ဟန်ပြင်ထား၏။

ရှောင်မာ၏နေရာတွင် အခြားတစ်ယောက်သာဆိုပါက ထိတ်လန့်တကြားဖြစ်ကာ ချက်ချင်းဆိုသလို ဖနှောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားမှာသေချာလှတော့သည်။

ရှောင်မာကား ထိတ်လန့်သွားဟန်မရှိပါ။

ထွက်မသွားဘဲ အဘိုးအိုမုဆိုးကြီးစီတောက်အား အေးတိအေးစက်ဟန်မူရာဖြင့်ပင် ပြန်လည်၍ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေ၏။

ပြီးမှ တည်ငြိမ်အေးစက်သောလေသံဖြင့်....

"မုဆိုးကြီးစီတောက်ဆိုတာခင်ဗျားလား"

ဟုမေးလိုက်လေသည်။

အဘိုးအိုကစိတ်တိုသံနှင့်....

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ချင်းဟိုင်တောင်ပေါ်ဒေသမှာ စီတောက်ဆိုတာ နှစ်ယောက်မရှိဘူး၊ ငါတစ်ယောက်တည်းပဲရှိတယ်ဆိုတာ မှတ်ထား၊ မင်း ခုထိထွက်မသွားသေးဘူးလား… ငါ့ကိုမပစ်ပုံဘူးများ ထင်နေသလား"

မုဆိုးကြီးစီတောက်က ဒေါသတကြီးပြောရင်း ရှေ့တိုးလာသည်။ သူ့ဟန်ပန်က တကယ်တိုက်ခိုက်တော့မည့်ဟန်ရှိ၏။

ရှောင်မာကအေးစက်စက်ဟန်မူရာဖြင့်….

"စားသောက်ဆိုင်ပိုင်ရှင် ကောင်းလျှံရဲ့မိတ်ဆွေကို ခင်ဗျား တကယ်ပဲတိုက်ခိုက်တော့မလို့လား"

"ဘာကွ"

မုဆိုးကြီးစီတောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး….

ရှောင်မာ့ကိုမျက်လုံးပြူးကြီးဖြင့်ကြည့်လိုက်၏။

"ဘာပြောတယ်ကွ… စားသောက်ဆိုင်ပိုင်ရှင် ကောင်းလျှံ ဟုတ်လား"

ရှောင်မာခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ… သူက ဝံဖြူကျေးရွာကိုရောက်တဲ့အခါ ခင်ဗျားကိုတွေ့ဖြစ်အောင်သွားတွေ့ပါ… ခင်ဗျားကကူညီလိမ့်မယ်လို့ မှာလိုက်ပါတယ်၊ ဒါကြောင့် ခင်ဗျားဆီရောက်လာတာပါ"



ထိုစကားကြားလိုက်ရသည့်အခါ စီတောက်၏အမူအရာမှာ ချက်ချင်းပင် ပြောင်းလဲသွားလေတော့သည်။

"လက်စသတ်တော့ မင်းက ကောင်းလျှံနဲ့ပတ်သက်နေတာကိုး၊ စောစောကပြောရောပေါ့ကွာ… ကဲ… လာ… လာ… အထဲဝင်ပါဦး"

မုဆိုးကြီးစီတောက်သည် ဒူးလေးကိုအောက်စိုက်ချကာအိမ်ထဲဝင်ရန်ဖိတ်ခေါ်လိုက်လေသည်။

မုဆိုးကြီးသည် စောစောကတင်းမာနေသလောက် ယခုတော့နူးညံ့ပျော့ပျောင်းနေချေပြီ။ ရှောင်မာသည် ကောင်းလျှံနှင့် ကောင်းမေတို့သားအဖနှစ်ယောက်ကို စိတ်ထဲမှကြိတ်၍ကျေးဇူးတင်ရင်း မုဆိုးကြီးစီတောက်နှင့်အတူ တဲအိမ်လေးထဲသို့လိုက်ပါသွားလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်လေးအတွင်း၌ ဓား၊ လှံ၊ လေး၊ မြားလက်နက်များ အစီအရီချိတ်ဆွဲထားသည်။ တိရစ္ဆာန်သားရေများ ဦးချိုများသည် တပုံတပင်ရှိနေသည်။ နွားသားရေကွပ်ထားသောထိုင်ခုံတစ်လုံးတွင် ရှောင်မာကိုထိုင်ခိုင်းပြီး စပျစ်အရက်ဖြင့်ဧည့်ခံသည်။

“ဦးလေးကောင်းလျှံက ခင်ဗျားရဲ့အကြောင်း အမြဲလိုလို ချီး ကျူးပြောဆိုခဲ့တာဗျ”

ရှောင်မာက အရက်တစ်ကျိုက်သောက်ရင်း စကားစလိုက်သည်။ သူ့စကားကြောင့် စီတောက်က မချိပြုံးပြုံး၍....

“ကျုပ်ရဲ့မုဆိုးဘဝကိုအဆုံးသတ်ခဲ့တာ တစ်နှစ်လောက်ရှိပါပြီ၊ ဒါကြောင့်လည်း လုံရှန်မြို့ကိုမရောက်ဖြစ်တော့တာပေါ့၊ ကောင်းလျှံနဲ့ကျုပ်ဟာ အင်မတန်ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေပါ၊ အင်း... ကျုပ်တို့ချင်း မတွေ့တာ ဘာလိုလိုနဲ့တစ်နှစ်လောက်တောင်ရှိပါပကောလား”



ရှောင်မာက....

“တောင်ပေါ်ကိုရောက်တဲ့အခါ အခက်အခဲရှိရင် မုဆိုးကြီးစီတောက်ဆီမှာအကူအညီတောင်းဖို့ ဦးလေးကောင်းလျှံက သေသေချာချာမှာလိုက်ပါတယ်ခင်ဗျာ”

စီတောက် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

“မင်းဟာ ကောင်းလျှံနဲ့ပတ်သက်နေတော့ ကျုပ်ကူညီရမှာပေါ့၊ ဒါထက် ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်း စုံစမ်းဖော်ထုတ်ဖို့ မင်းလာခဲ့တာဆို”

ရှောင်မာခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ”

“ဒါဆို မင်းပြန်သွားတာအကောင်းဆုံးပဲ”

“ဗျာ”

ရှောင်မာပါးစပ်အဟောင်းသားဖြစ်သွားသည်။

မုဆိုးကြီးစီတောက်က....

“မင်း အမြန်ပြန်ပါလို့ ငါတိုက်တွန်းချင်တယ်”

ရှောင်မာသက်ပြင်းချလိုက်သည်။

ထို့နောက် အသာခေါင်းခါယမ်းကာ....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မင်းမှုထမ်းတစ်ယောက်ပါ၊ တာဝန်နဲ့ဝတ္တရားကို ကျေပွန်အောင်ထမ်းဆောင်ရပါလိမ့်မယ်"

"မင်း...."

ရှောင်မာကသက်ပြင်းချကာ....

"ကျုပ်အသက်အန္တရာယ်အတွက်စိုးရိမ်လို့ စေတနာနဲ့ပြောတယ်ဆိုတာကိုနားလည်ပါတယ်၊ ဒါပေမဲ့ မြို့ဝန်မင်းရဲ့ အမိန့်အတိုင်း ဆောင်ရွက်ရမှာမို့ခွင့်လွှတ်ပါခင်ဗျာ"

စီတောက်ခေါင်းခါလိုက်သည်။

"ရှောင်မာ... မင်းဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ တစ္ဆေသရဲတစ်ကောင်ကို ဘယ်လိုလုပ်အရေးယူဖြေရှင်းမလဲ"

ရှောင်မာက စီတောက်ကိုစေ့စေ့ကြည့်လိုက်သည်။

ပြီးနောက်....

"ဒီအရပ်ဒေသမှာဖြစ်ပျက်နေတဲ့လုပ်ကြံမှုတွေဟာ ရွှမ်ဟိုင်စန်းတစ္ဆေရဲ့လက်ချက်ကြောင့်ဖြစ်တယ်လို့ပဲ ခင်ဗျားယုံကြည်နေတယ်ဟုတ်လား"

မုဆိုးကြီးစီတောက်က မဆိုင်းမတွပင်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ"



ရှောင်မာက စီတောက်ကိုစေ့စေ့ကြည့်ကာ....

"တစ္ဆေသရဲဆိုတာ လောကမှာရှိလို့လား"

စီတောက်ကလည်း မဆိုင်းမတွပင်ခေါင်းညိတ်လိုက်၏။

"ရှိတာပေါ့"

စီတောက်၏စကားကြောင့် ရှောင်မာစိတ်ပျက်သွားသည်။

စီတောက်သည် သူ့အားခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

"မင်းက တစ္ဆေသရဲဆိုတာမယုံဘူးလား"

ရှောင်မာ ခေါင်းခါလိုက်သည်။

မုဆိုးကြီးစီတောက်က...

"ဒါဆို မင်းဒုက္ခရောက်လိမ့်မယ်"

ဟုအခိုင်အမာပြောလိုက်၏။

ရှောင်မာကဘာမျှမပြောဘဲနေလိုက်သည်။

"မင်း မယုံဘူးဟုတ်လား... ရွှမ်ဟိုင်စန်းအကြောင်းကို မင်းဘယ်လောက်သိလို့လဲ"

ရှောင်မာက ခေါင်းမာနေသဖြင့် စီတောက်သည် မချင့်မရဲဖြစ်နေပုံရသည်။

သူသည် ရှောင်မာအားစေ့စေ့ကြည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"မသိရင်မှတ်ထား... ရွှမ်ဟိုင်စန်းဟာ ချင်းဟိုင်တောင်တန်းကို မီးဟုန်းဟုန်းတောက်စေမယ့်လူကွ၊ သူ အသက်ရှင်နေတုန်းကလဲ ဒုက္ခပေးခဲ့တယ်၊ သေသွားတော့လဲ ဆက်ဒုက္ခပေးနေတုန်းပဲ"

စီတောက်မှာတစ္ဆေသရဲကိုယုံကြည်နေပုံရ၏။

ယခုဖြစ်ပျက်နေသည့်ကိစ္စကို မည်သို့မျှပိတ်ပင်တားဆီး၍ မရနိုင်ဟုအခိုင်အမာယုံကြည်နေသူဖြစ်သည်။

ထို့ကြောင့် ရှောင်မာသည် စီတောက်နှင့်အချေအတင်ပြော မနေတော့ပါ။

ယုံချင်သလိုသာယုံပါစေတော့။

ရှောင်မာ့အနေဖြင့်မူ ဖြစ်ရပ်မှန်ကိုဖော်ထုတ်ရန်ကြိုးပမ်းဖို့သာရှိတော့သည်။

"ဒါနဲ့ သူ့အကြောင်းသိရင် ပြောပြပါလား"

ရှောင်မာ၏တောင်းဆိုမှုကြောင့် မုဆိုးကြီးစီတောက် သက်ပြင်းချလိုက်၏။ ပြီးမှ....

"အင်းလေ... မင်း မကြောက်ဘူးဆိုရင် ပြောပြရတာပေါ့ကွာ၊ လွန်ခဲ့တဲ့နှစ်စုပေါင်း ၄၀ လောက်က နယ်ခြားကရွှမ်အမျိုးအနွယ်ထဲမှာရွှမ်ဟိုင်စန်းဆိုတဲ့ခေါင်းဆောင်တစ်ဦးပေါ်လာတယ်၊ သူက



ခေါင်းရေးကျွမ်းတယ်... သူ့မှာအစွမ်းထက်တဲ့ဓားကောင်းတစ်လက်ရှိတယ်.. သူဟာ ရွှမ်နယ်ခြားသားတွေကိုစုစည်းပြီး ပြည်မကြီးထဲကျူးကျော်ဝင်ရောက်ဖို့ကြိုးစားခဲ့တယ်"

"ဒါဆို သူကလူစွမ်းကောင်းမဟုတ်ပါဘူးဗျာ... ရှင်းရှင်းပြောရရင် သူဟာသူခိုးဓားပြတစ်ယောက်ပါ"

ရှောင်မာ၏မှတ်ချက်စကားကြောင့်....

"ဘာကွ"

မုဆိုးကြီးစီတောက်၏အသံကပဟိန်းထွက်သွားသည်။

ရှောင်မာကဆက်ပြောလိုက်သည်။

"သူဟာ လက်တစ်ဆုပ်စာ လူစုလေးနဲ့ အကာအကွယ်နည်းပါးတဲ့ချင်းဟိုင်တောင်ပေါ်ဒေသကို ခြိမ်းခြောက်ခဲ့တာပါ၊ သူ့ရည်ရွယ်ချက်ကလုယက်တိုက်ခိုက်ဖို့ပဲမဟုတ်လား၊ ခုအချိန် သူအသက်ရှင်ပြီးသောင်းကျန်းကြည့်ပါလား... နေပြည်တော်ကတပ်ဖွဲ့တွေ ချက်ချင်းရောက်လာပြီး စီစီညက်ညက်ချေမှုန်းပစ်လိုက်မှာပဲ"

"မင်း... မင်း"

ရှောင်မာ၏စကားကြောင့် ရွှမ်ဟိုင်စန်းအား သူရဲကောင်းတစ်ဦးပမာအထင်ကြီးနေသည့်မုဆိုးကြီးစီတောက်သည်....

www.burmeseclassic.com

www.burmeseclassic.com



စွေ့စွေ့ခုန် ခံပြင်းဒေါသထွက်သွားလေတော့၏။

ရှောင်မာက မုဆိုးကြီးစီတောက်ခံပြင်းဒေါသထွက်သွားသည်ကိုအရေးမထားဘဲ ဆက်၍ပြောလိုက်ပြန်သည်။

"ဘာပဲဖြစ်ဖြစ် ရွှမ်ဟိုင်စန်းသောင်းကျန်းခဲ့စဉ်က ခုခံတွန်းလှန်ခဲ့တဲ့ချင်းဟိုင်တောင်ပေါ်သားတွေရဲ့ ရဲစွမ်းသတ္တိနဲ့မျိုးချစ်စိတ်ကို ချီးကျူးရမှာပဲ၊ သူတို့တွေ ဒီလိုသာမဟန့်တားခဲ့ကြရင် နေပြည်တော်ကတပ်ဖွဲ့တွေရောက်မလာခင် ရွှမ်ဟိုင်စန်းတို့ဟာ လုံရှန်မြို့ကိုဖျက်ဆီးပစ်လိုက်ကြမှာ"

မုဆိုးကြီးစီတောက် အရက်တစ်ခွက်ငှဲ့သောက်လိုက်၏။

ရှောင်မာအား မကျေမနပ်ဖြစ်ရာမှ ရွှမ်ဟိုင်စန်းအကြောင်းပြန်ပြီးတွေးမိသည့်အခါ စိတ်လည်သွားပုံရသည်။

"ရွှမ်ဟိုင်စန်းနဲ့သူ့လူတွေကတကယ့်အရိုင်းအစိုင်းတွေပဲ၊ စားခုတ်လုံထိုးကျွမ်းကျင်တယ်၊ တိုက်ပွဲတွေမှာ မွေ့လျော်ကြတယ်၊ ချင်းဟိုင်ဒေသတစ်ခုလုံး သူတို့ရဲ့မြင်းခွာအောက်မှာစိစိညက်ညက်ကြေမွခဲ့ရတာပေါ့၊ ကျုပ်တို့ကံကောင်းသွားတာက အားလုံးဟာ ကြောက်ရွံ့နေကြပေမယ့် စုပေါင်းတွန်းလှန်ဖို့သတ္တိပေါ်လာတာပဲ"

ရှောင်မာခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်ဗျာ... စည်းလုံးညီညွတ်မှုအင်အားကို ဘယ်လိုအရာကမှဖြိုခွဲလို့မရပါဘူး"

စီတောက်က....

"ကျုပ်တို့တောင်ပေါ်သားတွေက အရေးကြီးရင် သွေးစည်းကြတယ်... အစပိုင်းမှာကြောက်ရွံ့နေကြပေမယ့် နောက်ပိုင်းတော့ မတွန်းလှန်လို့မဖြစ်တော့တာမို့ ကလေးလူကြီးမိန်းမပါမကျန် ရရာလက်နက်ဆွဲကိုင်ပြီးထွက်တိုက်တော့တာပဲ၊ ဝံဖြူရွာအပြင်ဘက်ညောင်ကျပ်တောအုပ်တိုက်ပွဲဟာ ကျုပ်တို့အတွက် မမေ့နိုင်စရာတိုက်ပွဲတစ်ပွဲဖြစ်ခဲ့ရတာပေါ့"

ပြောရင်းမှပင် မုဆိုးကြီးစီတောက်၏မျက်လုံးများရီဝေလာလေသည်။

အတိတ်မှဖြစ်ရပ်များကို မြင်ယောင်လာဟန်ရှိ၏။

"အဲဒီတုန်းက... ကျုပ်ဟာ အသက်နှစ်ဆယ်မပြည့်သေးတဲ့ လူငယ်တစ်ယောက်ပါ၊ ရွှမ်ဟိုင်စန်းခေါင်းဆောင်တဲ့ရွှမ်နယ်ခြားသားတွေ ဝံဖြူရွာကိုတိုက်ခိုက်လိမ့်မယ်လို့ ကြိုတင်သတင်းရထားတော့ ကျုပ်တို့ကဟာရွာအပြင်ဘက်ညောင်ကျပ်တောအုပ်ကိုထွက်ပြီး ရင်ဆိုင်ဖို့ အသင့်စောင့်ကြိုနေခဲ့ကြတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးစီတောက်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်ကအဖြစ်အပျက်များကို စိတ်လှုပ်ရှားစွာဖြင့် ပြန်လည်ပြောပြလိုက်လေတော့၏။

သူ၏ပြောပြချက်များသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀–ခန့်ကအဖြစ်အပျက်များပင်ဖြစ်ပါလေသည်။

၀၀၀၀



## လျှပ်တစ်ပြက်အောင်ပွဲ

---

လွန်ခဲ့သော နှစ်ပေါင်း ၄၀–ခန့်ကဖြစ်သည်။

ကောင်းကင်တွင် တိမ်များကင်းစင်ကာ နေခြစ်ခြစ်တောက်ပူနေ၏။ နေမွန်းတော့မည်ဖြစ်သည်။ တောက်ပသောနေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံးသာယာလှပနေသည်။

သို့သော်....

ဝံပုလွေသားတို့ကား သဘာဝအလှအပများကိုခံစားနိုင်စွမ်းမရှိကြပါချေ။

အားလုံးသည် မကြာမီ ဆင်နွှဲကြရတော့မည့်တိုက်ပွဲကြီးအတွက် ရင်တထိတ်ထိတ်ဖြင့် စိတ်လှုပ်ရှားပူပန်နေကြသည်မဟုတ်ပါလား။

သူတို့သည် သစ်ပင်များပေါ်၌လည်းကောင်း....

www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်များအတွင်း၌လည်းကောင်း...

ကျောက်တုံးကျောက်ခဲများနောက်ကွယ်၌လည်းကောင်း လူခွဲ၍ဖြန့်ကျက်နေရာယူထားကြသည်။

မြေတွင်းများ... ဆူးညှောင့်များ... ပိုက်ကွန်များစသည့် ထောင်ချောက်တို့လည်း အဆင်သင့်ပြုလုပ်ထားကြ၏။

ယနေ့တွင် ချင်းဟိုင်တောင်တန်းအတွက် အဆုံးအဖြတ်ပေးမည့်တိုက်ပွဲကြီးကိုဆင်နွှဲရလိမ့်မည်ဟု အားလုံးကနားလည်ထားကြပေသည်။

ထိုတိုက်ပွဲအတွက် အခြားသောရွာများမှလည်း လာရောက်ကူညီအင်အားဖြည့်တင်းပေးထားရာ စုစုပေါင်းအင်အား တစ်ထောင်ကျော်မျှရှိနေပေသည်။

ထိုစဉ်အချိန်ခါက.... လူငယ်တစ်ယောက်မျှသာဖြစ်သော စီတောက်သည် ကျူးကျော်လာသူများကို တွန်းလှန်တိုက်ထုတ်ရန် ဒူးလေးတပြင်ပြင်ဖြင့် အထူးပင်စိတ်ဓာတ်တက်ကြွလျက် ရှိနေသည်။

နေမွန်းတည့်ပြီး မကြာမီမှာပင်....

"ဂီး...."

ငှက်တစ်ကောင်၏အော်မြည်သံထွက်ပေါ်လာသည်။



အမှန်တော့ ငှက်အော်သံမဟုတ်ပါ။

ရန်သူများလာနေကြပြီဖြစ်ကြောင်း အချင်းချင်းအချက်ပေးသည့်သင်္ကေတသာဖြစ်ပေသည်။

အချက်ပေးငှက်အော်သံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် မြင်းခွာသံများထွက်လာသည်ကိုကြားလိုက်ရလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသောဝန်းကျင်တွင်...

မြင်းခွာသံများ ရုတ်တရက်ဆူညံစွာထွက်ပေါ်လာလေ၏။

"ခွပ်ခွပ်... ခွပ်ခွပ်"

"ခွပ်ခွပ်... ခွပ်ခွပ်"

ဆူညံသောမြင်းခွာသံများနှင့်အတူ လက်နက်အပြည့်အစုံ တပ်ဆင်ထားသောရွှမ်နယ်ခြားသားတို့သည်....

မြင်းဒုန်းစိုင်းစီး၍ ညောင်ကျပ်တောအုပ်အတွင်းဝင်ရောက်လာကြလေသည်။

ချင်းဟိုင်တောင်ပေါ်ဒေသ၏အကြီး[illegible]းရွာဖြစ်သည့် ဝံဖြူကျေးရွာကိုတိုက်ခိုက်ဖျက်ဆီးရန် ဦးတည်လာနေကြပြီဖြစ်၏။

သို့သော်... ၎င်းတို့သည် ဝံဖြူရွာမှရွာသူရွာသားများ၏ ကြိုတင်ပြင်ဆင်စောင့်ကြိုနေမှုကို သတိမထားမိဘဲရှိနေကြသည်။

ထို့ကြောင့် ညောင်ကျပ်တောအုပ်ထဲသို့ရောက်လာပြီး...



မရှေးမနှောင်းမှာပင်...

ကြိုတင်ပြင်ဆင်ထားသောထောင်ချောက်များနှင့် ဘွားခနဲ ရင်ဆိုင်တိုးမိကြကုန်တော့၏။

"ဟီး... ဟီး... ဟီး"

"ဝုန်း... ဝုန်း... ဝုန်း"

"အား..."

မြင်းဟီသံများ၊ ပြိုလဲသံများ၊ စူးရှသောအော်ဟစ်သံများ သောသောညံထွက်ပေါ်လာလေသည်။ လူများ၊ မြင်းများ အလဲလဲ အပြိုပြိုဖြစ်ကုန်ကြ၏။

မြင်းစီးသမားအချို့ကား...

တောလမ်းပေါ်၌ တားဆီးထားသည့်ကြိုးတန်းများကို ဝင်တိုက်မိပြီး မြင်းရောလူပါ ဒလိမ့်ကောက်ကွေးပြုတ်ကျကုန်လေ၏။

အချို့ကား မြေတွင်းကြီးများထဲသို့ ပြုတ်ကျကုန်၏။ တွင်းထဲမှဆူးချွန်ခလုတ်များက သူတို့၏ဇီဝိန်ကိုနှုတ်ခြွေပစ်သည်။ သူတို့ကား ရန်သူနှင့်ရင်မဆိုင်ရသေးမီမှာပင် ထောင်ချောက်ထဲကျကာ သေဆုံးကုန်၏ အချို့လည်း တဝှီးဝှီးမြည်၍ကျဆင်းလာသောပိုက်ကွန်ကြီးများ၏ဖုံးအုပ်ခြင်းခံရကာ ပိုက်မိသောငါးပမာဖြစ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသောထောင်ချောက်များသည် ရွှမ်နယ်ခြားသားတို့ကို ကောင်းကောင်းကြီးဒုက္ခပေးနိုင်ခဲ့သည်ဟုဆိုရပေမည်။

တစ်ခဏအတွင်းမှာပင် ရွှမ်နယ်ခြားသားတို့ဖရိုဖရဲဖြစ်သွားကြကုန်၏။ ထိုအချိန်မှာပင်....

"တိုက်ကြဟေ့"

ဝံဖြူရွာသားတို့သည် ပုန်းကွယ်ရာမှထွက်၍ ငြာသံပေးထွက်ပေါ်လာကာ တစ်ဟုန်ထိုးတိုက်ခိုက်လိုက်ကြလေသည်။

ဓားလှံများ တဝှစ်ဝှစ်ပစ်လွှင့်ကုန်၏။

ဓားရောင်လှံရောင်များ တဖိတ်ဖိတ်တောက်ပသွားကုန်၏။

"ဟီး... ဟီး... ဟီး..."

"ယား... "

"အား... "

မြင်းဟီသံများ၊ ငြာသံပေးသံနှင့် စူးရှသောအော်ဟစ်သံများ ကမ္ဘာပျက်သည့်အလားထွက်ပေါ်လာ၏။

တိုက်ပွဲမဆင်နွှဲမီက စိုးရွံ့စိတ်များရှိနေကြသည့်ဝံဖြူရွာသားများသည် တကယ်တမ်းရင်ဆိုင်တိုက်ပွဲဖြစ်လာသောအခါဇာတိသွေးကြွလာကြ၏။



၎င်းတို့ဆင်ထားသည့်ထောင်ချောက်များ ကလည်း ရန်သူအတော်များများကို ဇီဝိန်ခြွေပစ်နိုင်သည့်အခါ သူတို့ သည် ပို၍စိတ်ဓာတ်တက်ကြွလာကြကုန်၏။

သူတို့သည် သေရမည်ကိုလည်း ကြောက်ရွံ့ခြင်းမရှိကြတော့ပေ။ သူတို့၏သွေးသည် ရဲရဲတောက်နီစွေးလာကုန်၏။

"တိုက်ကြဟေ့"

"အရိုင်းအစိုင်းကောင်တွေကိုချေမှုန်းကြ"

"ယား...."

ဝံဖြူရွာသားတို့သည် မာန်သွင်းအော်ဟစ်ကာ ရွှမ်နယ်ခြားသားတို့အားပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်ကြကုန်တော့၏။

ရွှမ်နယ်ခြားသားတို့မှာ တိုက်ပွဲတိုင်း လိုလိုအနိုင်ရခဲ့ရုံမက သူတို့အား ခုခံတွန်းလှန်သူများကိုပါ ပြတ်ပြတ်သားသား သုတ်သင်ပစ်နိုင်ခဲ့သည်ချည်းဖြစ်သည်။

ထို့ကြောင့် ရွှမ်ဟိုင်တောင်ပေါ်သားများသည် ရွှမ်နယ်ခြားသားများကိုရင်ဆိုင်ဖို့နေနေသာ အသံကြားရုံမျှနှင့်ပင် ကြောက်ဒူးတုန်နေခဲ့ကြသည်။

ယခု ဝံဖြူရွာသားတို့က အခြားသောတောင်ပေါ်သားများ

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပူးပေါင်း၍ အပြင်းအထန်ခုခံလာကြသောအခါ ရွှမ်နယ်ခြားသားတို့မှာ အံ့အားသင့်ကာ မယုံနိုင်အောင်ဖြစ်သွားကြရတော့၏။

ရွှမ်နယ်ခြားသားတို့သည် တိုက်ခိုက်ရန်လာကြသော်လည်း တကယ်တမ်းတွင် ခုခံရသူများဖြစ်သွားကြ၏။

ဝံဖြူရွာသားများမှာ ရန်သူအပေါ်အသာစီးရလိုက်သဖြင့် ပို၍အားတက်လာကြပြီး ပြင်းပြင်းထန်ထန်တိုက်ခိုက်ကြရာ ရွှမ်နယ်ခြားသားတို့ မခံနိုင်ကြတော့ပေ။ ဖရိုဖရဲဖြစ်ကုန်ကြတော့၏။

သေသူသေ၊ ထွက်ပြေးသူပြေးဖြင့် ဆောက်တည်ရာမရဖြစ်ကာ တကွဲတပြားပြိုကွဲသွားကုန်ကြတော့သည်။

၀၀၀၀



## တစ်ကျော့ပြန်ရန်သူ

တိုက်သံ ခိုက်သံ အော်ဟစ်သံများဖြင့် ဆူညံနေသော ဝန်းကျင်သည် ပြန်လည်ငြိမ်သက်တိတ်ဆိတ်သွား၏။ တိုက်ပွဲများပြီးဆုံးသွားပြီဖြစ်သည်။ မြေပေါ်တွင် လဲကျသေဆုံးသူများဖြင့် ပြန့်ကျဲနေ၏။ ရွှမ်နယ်ခြားသားများကား တစ်တပ်လုံးပြုတ်သည့်အထိ စိစိညက်ညက်ချေမှုန်းခြင်းခံလိုက်ရပြီဖြစ်သည်။

ထို့အတူ ဝံဖြူကျေးရွာသားများနှင့်တောင်ပေါ်သားတို့လည်း သက်သာသည်တော့မဟုတ်ချေ။ အထိအခိုက် အကျအဆုံးများပြားလှသည်သာ။

မည်သို့ဆိုစေ ရွှမ်နယ်ခြားသားများအား အောင်ပွဲခံနိုင်ခဲ့သဖြင့် ထိခိုက်ကျဆုံးခဲ့ရသူများအတွက် ဖြေသိမ့်နိုင်ခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝံဖြူရွာသားတို့ကား အပြည့်အဝပျော်ရွှင်ကျေနပ်နိုင်ခြင်းမရှိခဲ့ကြပါချေ။ အကြောင်းမှာ ရွှမ်နယ်ခြားသားခေါင်းဆောင် ရွှမ်ဟိုင်စန်းလွတ်မြောက်သွားခြင်းကြောင့်ဖြစ်ပါသည်။

ဝံဖြူရွာသားများနှင့် တောင်ပေါ်ကျေးရွာခေါင်းဆောင်များသည် ရွှမ်ဟိုင်စန်းလွတ်မြောက်နေသမျှ ကာလပတ်လုံး အေးချမ်းစွာ နေထိုင်ရမည်မဟုတ်ဟု သဘောပေါက်မိကြ၏။ ထို့ကြောင့် လွတ်မြောက်သွားသည့်ရွှမ်ဟိုင်စန်းနောက်သို့လိုက်ရန် သဘောတူဆုံးဖြတ်လိုက်ကြလေသည်။ ရွှမ်ဟိုင်စန်းတစ္ဆေကြောင့် ချင်းဟိုင်တောင်ပေါ်သားများစိုးရွံ့ကြောက်လန့်ခဲ့ရခြင်းသည် ထိုအချိန်မှအစပြုခဲ့သည်ဟုဆိုရပေတော့မည်။

၀၀၀၀



စိတောက်သည် ရှည်လျားစွာပြောလိုက်ရသော်လည်း မမောနိုင်မပန်းနိုင်ဘဲ ရွှင်လန်းတက်ကြွ၍ပင်နေတော့၏။

"တိုက်ပွဲဟာတကယ့်ကိုကြောက်စရာကောင်းတာကွ၊ သေလိုက်ကြတာလဲ သောက်သောက်လဲပဲ၊ ရွှမ်နယ်ခြားသားတွေထက် တို့ဘက်က အကျအဆုံးပိုများတယ်၊ ဒါပေမယ့် ဘယ်သူမှနောက်မဆုတ်ကြဘူး၊ ဒါကြောင့်လဲ... ရွှမ်နယ်ခြားသားတွေလို အရိုင်းအစိုင်းတွေတောင် ကြောက်လန့်တကြားဖြစ်ပြီး ဖရိုဖရဲထွက်ပြေးသွားကြတာပေါ့"

မုဆိုးကြီးစိတောက်ကဂုဏ်ယူဝင့်ကြွားစွာပြောသည်။

"ခင်ဗျားတို့ ရွှမ်ဟိုင်စန်းတစ္ဆေနောက်ကိုလိုက်ကြသေးတာပေါ့ဟုတ်လား"

ရောင်မာက စိတ်ဝင်တစားမေးလိုက်ရာ....

မုဆိုးကြီးစိတောက်ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ကြတာပေါ့… ဒါပေမယ့် တစ္ဆေပျောက်သွားတယ်၊ သူဟာ ညောင်ကျပ်တောအုပ်ရဲ့ တစ်နေရာမှာပုန်းနေတာပဲဖြစ်မယ်၊ ဒါကြောင့် လူစုခွဲပြီး ညောင်ကျပ်တောအုပ်ကိုဝိုင်းထားလိုက်ကြတယ်၊ ကြာကြာမစောင့်လိုက်ရပါဘူး… နောက်ဆယ်ရက်လောက်အကြာမှာ သူဟာအစာငတ်ရေငတ်တဲ့ဒဏ်ကို မခံနိုင်တော့ဘဲ တောအုပ်ထဲက ထိုးဖောက်ထွက်ပြေးဖို့ကြိုးစားလာတော့တာပဲ၊ တို့ကလဲ ဘယ်အလွတ်ခံမလဲ၊ သူထွက်မပြေးနိုင်အောင်တားဆီးခဲ့တဲ့နေရာမှာ ကျူပ်က အမိကအခန်းကပါဝင်ခဲ့တာပေါ့"

စီတောက်သည် ပြောရင်း ကိုယ့်ကိုယ်ကိုကျေနပ်နေပုံရ၏။

"ဘယ်လိုများလဲ ပြောပြပါလားဗျာ"

ရှောင်မာကစိတ်ဝင်စားစွာမေးလိုက်သည်။

စီတောက်သည် ထိုင်ရာမှထကာ နံရံ၌ချိတ်ဆွဲထားသည့် ဒူးလေးအဟောင်းကြီးတစ်ခုကိုဖြုတ်ယူလိုက်သည်။

ထို့နောက်….

သူသည် အဆိုပါဒူးလေးအဟောင်းကြီးအားတယုတယကိုင်တွယ်ပွတ်သပ်လိုက်ပြီး….

"သူဟာ အခြေအနေမလှမှန်းသိတော့ တစ်ယောက်တည်း



ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားတာ… ညောင်ကျပ်တောအုပ်က တောနက်တယ်… သစ်ပင်ချုံနွယ်တွေလဲထူထပ်တယ်… အဲဒီအထဲမှာပုန်းနေရင် တစ်လကိုးသီတင်းရှာရင်တောင် တွေ့မှာမဟုတ်ဘူး၊ သူပျောက်သွားပြီးဆယ်ရက်အကြာမှာ တောအုပ်အလယ်က ညောင်ကျပ်ပင်ကြီးအနီး သူ့ရဲ့အရိပ်အရောင်တွေ့ခဲ့ရတယ်၊ ဒါကြောင့် သတ္တိကောင်းတဲ့လူတွေ ရဲရင့်တဲ့လူတွေရွေးထုတ်ပြီး ညောင်ကျပ်ပင်ကြီးအနီးကိုစေလွှတ်ခဲ့တယ်၊ ကျုပ်လဲလိုက်သွားခဲ့တယ်"

မုဆိုးကြီးစီတောက်သည် ခံတွင်းတစ်ချက်ရှင်းပြီး ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကိုပြောပြလိုက်ပြန်လေသည်။

သူတို့သည် ထိုတစ္ဆေအား အပြီးတိုင်ချေမှုန်းသုတ်သင်ပစ်ရန် အခိုင်အမာဆုံးဖြတ်ထားကြပြီးဖြစ်လေသည်။

ထိုတစ္ဆေအားသုတ်သင်ရှင်းလင်းကြမည့်….

ချင်းဟိုင်သူရဲကောင်းအဖွဲ့သည်….

လက်နက်ကိုယ်စီကိုင်ဆောင်၍ တောအုပ်ထဲသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ကြလေသည်။

ယင်းအချိန်မှာပင် မြင်းခွာသံများရုတ်တရက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှမ်ဟိုင်စန်း...."

"သတိထား"

ချင်းဟိုင်သူရဲကောင်းများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်လေသည်။ ထိုစဉ်....

"ဟီး... ဟီး... ဟီး"

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းဟီသံ... မြင်းခွာသံများ ပို၍ကျယ်လောင်စွာထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင်... တောအုပ်ထဲမှ မြင်းနက်ကြီးတစ်ကောင် ဘွားခနဲပေါ်ထွက်လာ၏။ မြင်းနက်ကြီးအား စီးနင်းလာသူမှာ ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး အရောင်တဖိတ်ဖိတ်တောက်ပနေသော ဓားတစ်လက်ကိုင်ဆောင်ထားသည့် ရွှမ်ဟိုင်စန်းပင်ဖြစ်ပေတော့၏။

သူသည် ဆံပင်ဂုတ်ထောင်အောင်ရှည်ပြီး အသားနီစပ်စပ်မျက်လုံးပေါက်ကျဉ်းကျဉ်း မျက်နှာပြားပြား နဖူးမောက်မာရှိသူဖြစ်လေသည်။ သူ၏အသွင်သည် တိုက်ပွဲဝင်သူရဲကောင်းတစ်ဦးထက် ရိုင်းစိုင်းကြမ်းတမ်းသောလူသတ်သမားတစ်ဦးနှင့် ပို၍တူနေ၏။



"ယား...."

သူသည် ဩသံပေးရင်း ချင်းဟိုင်သူရဲကောင်းများထံသို့တစ်ဟုန်ထိုးတိုးဝင်လာလေတော့၏။

"တိုက်ကြဟေ့"

ချင်းဟိုင်သူရဲကောင်းများကလည်း ချက်ချင်းပင် ဝိုင်းဝန်းတိုက်ခိုက်ကြရာ ပြင်းထန်သောတိုက်ပွဲကြီးဖြစ်ပေါ်လာ၏။

"ခြွမ်း... ခြွမ်း... ခြွမ်း"

"ဝုန်း...."

"အား...."

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာလေ၏။ သူသည် တစ်ယောက်နှင့်အများ ရင်ဆိုင်ရသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိသည့်အပြင်... ထိုသို့ရက်စက်ကြမ်းကြုတ်စွာတိုက်ခိုက်ရသည်ကို နှစ်သက်သဘောကျသလိုရှိနေတော့သည်။

အေးတိအေးစက်မျက်နှာသည် သွေးရောင်ကိုမြင်ရတိုင်းပြုံးရောင်သမ်းလာသကဲ့သို့ရှိနေသည်။ သူသည် လွန်စွာ ကြောက်စရာကောင်းသူဖြစ်ကြောင်း ဖြစ်ပေါ်လာသောတိုက်ပွဲက သက်သေခံလျက်ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ဟိုင်စန်း၏လက်ထဲမှဓား အပေါ်သို့မြောက်တက်သွားတိုင်း ဓားရောင်များ ဝင်းခနဲဝင်းခနဲလင်းလက်သွားပြီး ချင်းဟိုင်သူရဲကောင်းများ ဦးခေါင်းနှင့်ခန္ဓာကိုယ်အိုးစားကွဲကာ ကားခနဲကားခနဲ လဲကျသွားရတော့သည်။

လူအများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည့်တိုင် ချင်းဟိုင်သူရဲကောင်းများဘက်မှ အရေးမလှဖြစ်ရလေသည်။

မည်သို့ဆိုစေ.... ချင်းဟိုင်သူရဲကောင်းများသည်လည်း ရွှမ်ဟိုင်စန်းကိုသုတ်သင်ရှင်းလင်းရန်သန္နိဋ္ဌာန်ချထားပြီးဖြစ်ရာ နောက်မဆုတ်ဘဲပြင်းပြင်းထန်ထန်တိုက်ခိုက်ကြလေသည်။

လူငယ်တစ်ယောက်သာဖြစ်သော စီတောက်သည် သွေးသံရဲရဲတိုက်ပွဲကြီးကိုမြင်ရသည့်အခါကြောက်ရွံ့သွားလေ၏။

မည်မျှပင်သတ္တိကောင်းသူဖြစ်စေ...

ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲအောင် တိုက်ခိုက်ခံနေရသည်ကိုတွေ့မြင်ရသည့်အခါ အနည်းနှင့်အများတော့ သွေးပျက်သွားကြမည်သာဖြစ်သည်။

ချင်းဟိုင်သူရဲကောင်းများ တစ်ယောက်ပြီးတစ်ယောက်လဲကျကုန်သည်ကိုမြင်ရသည့်အခါမှ စီတောက်သတိဝင်လာ၏။



"ဒီအတိုင်းလက်ပိုက်ကြည့်နေလို့မဖြစ်တော့ဘူး"

ယင်းသို့တွေးကာ စီတောက်သည် ဒူးလေးဖြင့်ချိန်ပြီးပစ်ခတ်လိုက်တော့၏။ အမှန်တော့...

တိုက်ပွဲအခြေအနေရှုပ်ထွေးနေစဉ် ဒူးလေးဖြင့် ပစ်ခတ်ခြင်းသည် ကောင်းမွန်သင့်လျော်သောလုပ်ရပ်တစ်ခုတော့မဟုတ်ချေ။

မကောင်းမှန်းသိသော်လည်း မတတ်နိုင်ချေ။

သူ့အနေဖြင့် ထိုသို့ပြုလုပ်ရန်မှတစ်ပါး အခြားမရှိချေ။

ထို့ကြောင့်....

မသင့်လျော်မှန်းသိသည့်ကြားမှ ဇွတ်မှိတ်၍ဒူးလေးဖြင့်ပစ်ခတ်လိုက်ခြင်းဖြစ်လေသည်။

ကံအားလျော်စွာပင်....

စီတောက်၏တိုက်ခိုက်မှုသည် ချင်းဟိုင်သူရဲကောင်းများအတွက် အသက်ရှူချောင်သွားစေခဲ့သည်။

"ဝှစ်...."

"ဒုတ်...."

မြားတံသည် တစ်ဟုန်ထိုးပစ်လွှင့်သွား၏။

မြားတံသည် ရွှမ်ဟိုင်စန်းထံဦးတည်သွားသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ဟိုင်စန်းကိုထိမှန်ခြင်းမရှိချေ။

ရွှမ်ဟိုင်စန်းစီးနင်းသည့်မြင်းကြီးကိုသာ ထိမှန်သွားလေ၏။

"ဟီး… ဟီး… ဟီး"

မြင်းနက်ကြီးသည် စူးရှစွာဟီကာထိုးရပ်လိုက်၏။

ရုတ်တရက်ဖြစ်၍….

တိုက်ပွဲဝင်နေသောရွှမ်ဟိုင်စန်းသည် ခန္ဓာကိုယ်ကိုမထိန်းနိုင်တော့ဘဲ မြင်းပေါ်မှပြုတ်ကျသွားလေတော့၏။

၀၀၀၀

'ဝုန်း'

မြင်းနက်ကြီးသည် ရုတ်တရက်ပစ်လွှင့်လာသည့်မြားတံ ထိမှန်ကာ မြေပေါ်လဲကျသွားပြီး ယက်ကန်ယက်ကန်ဖြင့် အသက်ငင်နေသည်။ မြင်းပေါ်မှရွှမ်ဟိုင်စန်းလည်း မြေပေါ်လွင့်စဉ်ကျသွားလေသည်။

"ဟေး…"

ချင်းဟိုင်သူရဲကောင်းများက ကြွေးကြော်ပေး၍ ရွှမ်ဟိုင်စန်းကို ဝိုင်းရံတိုက်ခိုက်ကြသည်။

မြင်းပေါ်မှဖရိုဖရဲလွင့်စဉ်ထွက်သွားသော ရွှမ်ဟိုင်စန်းသည် ကပျာကယာပြန်လည်လူးလိမ့်ထလိုက်သော်လည်း….

ချင်းဟိုင်သူရဲကောင်းများ၏ ပြင်းထန်သောတိုက်ခိုက်မှုနှင့် ကြုံတွေ့ရသည့်အခါ….

"အား…"

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်များရရှိကာ မြေပေါ်လဲ ကျသွားရပြန်လေသည်။

"မလွတ်စေနဲ့"

"တိုက်ကြ"

ချင်းဟိုင်သူရဲကောင်းများသည် တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုရင်း တရကြမ်းတိုက်ခိုက်လိုက်ကြ၏။

သူတို့သည် ရွှမ်ဟိုင်စန်းကိုသုတ်သင်ရန်မှလွဲ၍ အခြားဘာ ကိုမျှမတွေးကြတော့ချေ။

ရွှမ်ဟိုင်စန်းကလည်း ထပ်မံလူးလိမ့်ထကာ အကြောက်အ ကန်ခုခံရင်း သစ်ပင်များကြားသို့ပြေးဝင်သွားလေ၏။

"လိုက်ကြဟေ့"

"မလွတ်စေနဲ့"

"မိစ္ဆာကောင်ကိုမျိုးဖြုတ်ပစ်"

ချင်းဟိုင်သူရဲကောင်းများသည် ကြွေးကြော်သံပေး အော်ဟစ်ရင်း ရွှမ်ဟိုင်စန်းနောက်သို့ တစ်ဟုန်ထိုးပြေးလိုက်သွားကြလေသည်။

စီတောက်လည်း ပြေးလိုက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ်....



ချင်းဟိုင်သူရဲကောင်းတစ်ယောက်က သူ့အား လှမ်း၍ဟန့် တားလိုက်သည်။

"ညီလေး... ရွှမ်ဟိုင်စန်းဟာ ဒဏ်ရာအကြီးအကျယ်ရထား တယ်၊ သူ ဒေါသတကြီးနဲ့ကျားနာခဲခဲမှာသေချာတယ်၊ ညီလေးက ဒူးလေးနဲ့ပစ်လိုက်လို့ ရွှမ်ဟိုင်စန်းကို ခုလိုအခြေအနေရောက်အောင် တိုက်ခိုက်နိုင်ခဲ့ကြတာ၊ မကြာခင် သူ့ကိုသုတ်သင်ရှင်းလင်းနိုင်မှာပါ၊ ဒါကြောင့် ညီလေး မလိုက်နဲ့တော့၊ ဒီမှာပဲနေခဲ့ဦး"

ထို့ကြောင့် စီတောက်မှာ ရွှမ်ဟိုင်စန်းနောက်သို့ မလိုက်ဖြစ် တော့ဘဲကျန်ရစ်ခဲ့လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စီတောက်သည် ဒူးလေးကိုနံရံတွင်ပြန်ချိတ်ထားလိုက်၏။ ပြီးမှ.... ပြောလက်စ စကားကိုပြန်ဆက်လေသည်။

"ရွှမ်ဟိုင်စန်း ဝင်ပြေးသွားတဲ့ညောင်ကြပ်တောဟာ အရမ်းတောနက်တယ်... လူတစ်ယောက်မပြောနဲ့ ဆင်တစ်ကောင်ဝင်သွားရင်တောင် ရတ်တရက်ရှာလို့မတွေ့နိုင်ဘူး၊ ဒါပေမယ့် ချင်းဟိုင်သူရဲကောင်းတွေက ဒါတွေကိုဂရုမစိုက်နိုင်ဘူး၊ ရွှမ်ဟိုင်စန်းလွတ်သွားမှာကိုပဲ အားလုံးကစိုးရိမ်နေခဲ့ကြတာ၊ ဒါကြောင့် အသက်အန္တရာယ်ကို အရေးမထားဘဲ ညောင်ကျပ်တောထဲဝင်ပြီး ရွှမ်ဟိုင်စန်းကို အသည်းအသန်ရှာကြတယ်၊ နောက်ဆုံးမှာ ချင်းဟိုင်သူရဲကောင်းငါးယောက် အသက်စွန့်ပြီးမှ သူ့ကိုသုတ်သင်ရှင်းလင်းနိုင်ခဲ့ကြတယ်"

ရှောင်မာ သက်ပြင်းချလိုက်သည်။

ကြောက်မက်ဖွယ်ကောင်းလှသည့်ရွှမ်ဟိုင်စန်းသည်.... နောက်ဆုံးတော့....



စည်းလုံးညီညွတ်သော ချင်းဟိုင်သူရဲကောင်းများ၏လက်ချက်ဖြင့် မရှုမလှဇာတ်သိမ်းသွားခဲ့ရသည်မဟုတ်ပါလား။

စီတောက်ကဆက်ပြောပြန်သည်။

"ဒါပေမယ့် ခက်တာက ဦးခေါင်းနဲ့ခန္ဓာကိုယ်အိုးစားကွဲသွားတဲ့ရွှမ်ဟိုင်စန်းရဲ့ဦးခေါင်းကိုရှာမတွေ့တာပဲ၊ ဒါကြောင့် ဦးခေါင်းမပါတဲ့ခန္ဓာကိုယ်ကြီးကိုပဲ ညောင်ကြပ်ပင်ကြီးအောက်မှာ တွင်းတူးမြှုပ်ပစ်ခဲ့ရတယ်၊ နောက်ပြီး ရွှမ်ဟိုစန်းရဲ့လက်သုံးတော်ဓားကိုလဲ ရှာမတွေ့ဘဲပျောက်ဆုံးသွားခဲ့တယ်"

အဓိကကျလှသောပျောက်ဆုံးမှုများဖြစ်သည်ဟု ရှောင်မာတွေးမိလေသည်။ စီတောက်ကဆက်ပြောပြန်သည်။

"ရွှမ်ဟိုင်စန်းဟာ ဒဏ်ရာတွေရထားပြီး အရေးနိမ့်လာတဲ့အချိန်မှာ ဝံဖြူရွာသားတွေကိုမကျေဘူး၊ သူသေသွားရင်တောင် ငရဲဘုံကပြန်လာပြီး လက်စားချေမယ်လို့ကြုံးဝါးသွားခဲ့သေးတယ်လို့ ပြောကြတယ်"

ရှောင်မာပြုံးလိုက်သည်။

"ဒေါသကြီးပြီး စိတ်ထားခက်ထန်တဲ့ လူတစ်ဦးဟာ ဒီလိုပဲ ကြုံးဝါးမှာပါ... မဆန်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စီတောက်ခေါင်းခါလိုက်သည်။

"ဒီလိုပေါ့ပေါ့တန်တန်ပြောလို့ မရဘူး... အခုဆိုရင် ရွှမ်ဟိုင်စန်းဟာ တစ္ဆေအဖြစ်ပြန်ပေါ်လာပြီး သူ့ကိုဒုက္ခပေးခဲ့တဲ့ဝံဖြူကျေးရွာကိုအဓိကထားပြီးတိုက်ခိုက်နေပြီလေ"

ရှောင်မာကမဲ့ပြုံးပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ... မကောင်းဆိုးဝါးဘဝနဲ့ ဒုက္ခပေးချင်ပေးပေါ့၊ သက်ရှိထင်ရှားရှိနေတုန်းကတောင် ချင်းဟိုင်သူရဲကောင်းတွေရဲ့ ဆုံးမတာကိုခံရသေးတာပဲ၊ ခုလဲ ဆုံးမခံရဦးမှာပါ"

"မင်း...."

စီတောက် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

ရှောင်မာက....

"ဘာပဲဖြစ်ဖြစ်... ရွှမ်ဟိုင်စန်းတစ္ဆေကို ထိုက်ထိုက်တန်တန်အပြစ်ပေးအရေးယူရမှာပဲ"

"တော်... တော်..."

စီတောက်ကအော်လိုက်သည်။

ရွှမ်ဟိုင်စန်းတစ္ဆေရှိသည်ဆိုခြင်းကို ရှောင်မာကလက်မခံခြင်းကြောင့် ဒေါသဖြစ်သွားပုံရလေသည်။



စီတောက်သည် မျက်နှာကြီးနီရဲသွားကာ....

"ကောင်းလှျံနဲ့ပတ်သက်နေလို့ မင်းကိုသည်းခံလိုက်မယ်၊ မင်းထွက်သွားပေတော့"

စီတောက်က တံခါးပေါက်ဆီသို့ညွှန်ပြ၍ပြောလိုက်သည်။

ရှောင်မာထိုင်ရာမှထလိုက်၏။

ထို့နောက် စီတောက်ကိုပြုံးပြပြီး....

"လူပဲဖြစ်ဖြစ် တစ္ဆေသရဲပဲဖြစ်ဖြစ် မကောင်းမှုကျူးလွန်ရင် ထိုက်တန်တဲ့အပြစ်ပေးရမှာပဲ၊ အပြစ်ပေးနိုင်အောင်လဲ ကျုပ်ကြိုးစားသွားမှာပါ"

ရှောင်မာသည် ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။ စီတောက်၏မကျေမနပ်ရေရွတ်ကျိန်ဆဲသံများက အိမ်အပြင်ဘက်သို့တိုင် လွင့်ပျံ့လာလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းပြတ်တစ္ဆေ

ညနေစောင်းအချိန်သို့ ရောက်နေပြီဖြစ်သည်။

ရွာသူကြီးရိလုံ၏အိမ်သို့ရောင်မာ ပြန်ရောက်သွားသောအခါ ကျေးရွာခေါင်းဆောင်များက အသင့်စောင့်ကြိုနေသည်ကိုမြင်ရလေသည်။ လူငယ်ခေါင်းဆောင်ဝမ်စိမ်းလည်း ရောက်ရှိနေသည်ကို မြင်ရသဖြင့် ရောင်မာအံ့သြသွားရသည်။

"ဆရာလေးဘယ်သွားနေတာလဲ... ကျုပ်တို့က ဆရာလေး သချိုင်းမြေကနေ ဘယ်ကိုထွက်သွားမှန်းမသိလို့ စိတ်ပူနေကြတာ၊ အခုပဲ လိုက်ရှာကြမလို့"

အိမ်ထိန်းကြီးဂူစုက စိုးရိမ်ပူပန်သောလေသံဖြင့် လှမ်းပြောလိုက်ခြင်းဖြစ်သည်။

ရောင်မာကပြုံးရင်း...



"ကျုပ်အတွက်စိတ်မပူကြပါနဲ့ဗျာ"

"ခင်ဗျားအတွက်စိတ်မပူပါဘူး.. ခင်ဗျား တစ်စုံတစ်ခုဖြစ်သွားရင် လုံရှန်မြို့တော်ဝန်ကကျုပ်တို့အပေါ် အပြစ်ဖို့မှာကိုသာ စိုးရိမ်တာပါ"

ဝမ်စိမ်းကနှာခေါင်းရှုံ့ရင်း ဝင်ပြောလိုက်ခြင်းဖြစ်၏။

ရောင်မာမျက်မှောင်ကြုတ်သွားသည်။

ဝမ်စိမ်းသည် အဘယ်ကြောင့် မိမိအပေါ် မကျေမနပ်ဖြစ်နေရပါသနည်း။ ထူးခြားမှုတစ်ခုရှိမှာသေချာသည်။

စုံစမ်းရမည်ဟုစိတ်ထဲတေးမှတ်ထားလိုက်သည်။

ဝမ်စိမ်းကိုလျစ်လျူရှုကာ ကျေးရွာခေါင်းဆောင်များအားဝေ့ကြည့်လိုက်ပြီး....

"ခွမ်ဟိုင်စန်းတစ္ဆေအကြောင်းစုံစမ်းနေလို့ နောက်ကျသွားတာကိုခွင့်လွှတ်ကြပါ၊ ကျုပ်အနေနဲ့တော့ တစ္ဆေသရဲတစ်ကောင်က လူသတ်မှုတွေကျူးလွန်တယ်ဆိုတာကို ဘယ်နည်းနဲ့မှလက်မခံ နိုင်ပါဘူး၊ လူကြီးမင်းတို့ကော ဘယ်လိုသဘောထားကြသလဲ... ပွင့်ပွင့်လင်းလင်းပြောကြပါ"

ကျေးရွာခေါင်းဆောင်များ တုတ်တုတ်မျှမလှုပ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ဟိုင်စန်းကိစ္စအကြောင်းပြုကာ ခေါင်းဆောင်အချင်းချင်း ဝိဝါဒကွဲပြားနေကြောင်း သူရိပ်မိလိုက်သည်။

အားလုံးကိုထပ်မံအကဲခတ်ကြည့်လိုက်ပြီး....

"ဘာများပြောစရာရှိပါသေးလဲဗျာ"

မည်သူကမျှ တုတ်တုတ်မလှုပ်ကြချေ။

ထို့ကြောင့် ရှောင်မာက....

"ရွှမ်ဟိုင်စန်းကိစ္စ အဖြစ်မှန်ပေါ်ပေါက်တဲ့အထိ စုံစမ်းဖော်ထုတ်သွားမယ်လို့ ကျုပ်ထပ်ပြောချင်ပါတယ်၊ ကဲ... ဘာမှပြောစရာမရှိကြရင် အားလုံးသွားနိုင်ကြပါပြီ"

သူ၏စကားအဆုံးတွင် ကျေးရွာခေါင်းဆောင်များ ထိုင်ရာမှ ထလိုက်ကြသည်။

"တစ္ဆေအကြောင်းဖော်ထုတ်ချင်ရင်လွယ်ပါတယ်၊ ညဘက် ရွာအပြင်ကိုတစ်ချက်လောက်ထွက်ကြည့်ပေါ့၊ ရွှမ်ဟိုင်စန်းတစ္ဆေ ရှိတယ်မရှိဘူးဆိုတာ သိရပါလိမ့်မယ်"

ဝမ်စိမ်းကလှမ်းပြောပြီး ထွက်သွားရန်ဟန်ပြင်လိုက်ရာ....

"နေဦး"

ရှောင်မာကဟန့်တားလိုက်သဖြင့်....



ဝမ်စိမ်းခြေလှမ်းရပ်တန့်သွားသည်။

ရှောင်မာသည် ဝမ်စိမ်းအနီးသို့ ချက်ချင်းရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်ကာ....

"ညဘက်အပြင်ထွက်ရင် ရွှမ်ဟိုင်စန်းတစ္ဆေကိုတွေ့နိုင်တယ်ဆိုတာ တကယ်လား"

ရှောင်မာက ဝမ်စိမ်းကိုစေ့စေ့ကြည့်၍မေးလိုက်ခြင်းဖြစ်၏။

ဝမ်စိမ်းကမျက်နှာထားတည်တည်ဖြင့်....

"ဟုတ်တယ်... မင်းသတ္တိရှိရင် ရွာအပြင်ဘက်ထွက်ကြည့်ပါလား"

"ကောင်းပြီ"

သူသည် ဝမ်စိမ်း၏စိန်ခေါ်မှုကိုလက်ခံလိုက်ပြီး....

"ကျုပ် ဒီနေ့ည ညောင်ကြပ်ပင်ကြီးရှိတဲ့နေရာကိုသွားမယ်"

ရှောင်မာ၏ပြတ်သားသည့်စကားကြောင့် ဝမ်စိမ်း၏မျက်နှာပေါ်၌ အံ့ဩသည့်အရိပ်အရောင်များထွက်ပေါ်လာသည်။

ဝမ်စိမ်းသည် ရှောင်မာအား တစ်ချက်စိုက်ကြည့်ပြီးနောက် ချာခနဲထွက်သွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များရှိနေသဖြင့် အလင်းရောင်အားနည်းကာ ပတ်ဝန်းကျင်တစ်ခုလုံးမှုန်ဝါးနေ၏။

ထို့ကြောင့် နေဝင်စောသည်ဟုပင် ထင်ရလေသည်။

ညစာစားချိန်ဖြစ်၍ အိမ်ထိန်းကြီးဂူစုက ရောင်မာအတွက် ညစာပြင်ပေးသည်။ သို့သော် ရောင်မာသည် စားစရာများကို စိတ်ဝင်စားနိုင်ခြင်းမရှိဘဲ....

"ဒါနဲ့ ကျုပ်အတွက် မြင်းတစ်ကောင်လောက်စီစဉ်ပေးနိုင်မလား"

ဟုအိမ်ထိန်းကြီးဂူစုကိုမေးလိုက်၏။

အိမ်ထိန်းကြီးဂူစုမျက်မှောင်ကုပ်သွားသည်။

နားမလည်နိုင်ဟန်ဖြင့်....

"ဆရာလေး ဘာလုပ်မလို့လဲ"

ဟုပြန်မေးလိုက်၏။



တစ်ဆက်တည်းမှာပင်....

"အမယ်လေး...."

ထိတ်လန့်တကြား လွတ်ခနဲရေရွတ်လိုက်သဖြင့်....

ရောင်မာအံ့အားသင့်သွားပြီး...

"အိမ်ထိန်းကြီး ဘာဖြစ်လို့လဲ"

ဟုကြောင်အမ်းအမ်းဖြင့်ပြန်မေးမိသည်။

ဂူစုမှာမျက်စိမျက်နှာပျက်လျက်ရှိပြီး....

"ဆရာလေး မသွားသင့်ပါဘူးဗျာ... ဒီ... ဒီ... ကိစ္စမျိုးဟာ စိန်ခေါ်လို့ကောင်းတဲ့ကိစ္စမျိုးမဟုတ်ပါဘူး"

ဂူစုက ပျာပျာသလဲပြောဆိုရာ...

ရောင်မာကရယ်မောလိုက်လေသည်။

"ကျုပ်က ဒီကိစ္စကိုဖော်ထုတ်ဖို့လာခဲ့တာပဲ... ဘာကြောင့် ညောင်ကျုပ်ပင်ကြီးဆီကိုမသွားရဲရမှာလဲဗျာ... ရွှမ်ဟိုင်စန်းတစ္ဆေနဲ့မြန်မြန်တွေ့ရင် ကိစ္စမြန်မြန်ပြီးတာပေါ့၊ ဟုတ်ဖူးလား"

အိမ်ထိန်းကြီးဂူစုခေါင်းခါယမ်းလိုက်သည်။

"ဆရာလေးရယ်... ဒီလိုမလုပ်ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်၊ ဆရာလေးအတွက် အန္တရာယ်များလွန်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"နေပါဦး... အိမ်ထိန်းကြီးက ဘာကြောင့် ဒီလောက်တောင် ထိတ်လန့်တကြားဖြစ်နေရတာလဲ၊ ရွှမ်ဟိုင်စန်းတချွေကို ကျုပ်ဆုံးမလိုက်ရင် ချင်းဟိုင်တောင်တစ်ခုလုံးအေးချမ်းသာယာသွားမှာပဲ မဟုတ်လား"

အိမ်ထိန်းကြီးဝူစုကသက်ပြင်းချရင်း....

"မယုံမရှိပါနဲ့... ဆရာလေး ဒုက္ခရောက်သွားပါလိမ့်မယ်... ရွှမ်ဟိုင်စန်းကြောင့် ဒုက္ခရောက်သူတွေမနည်းလှတော့ပါဘူး၊ မယုံဘူးဆိုတဲ့လူတွေပဲ အရင်ဆုံးဒုက္ခရောက်ခဲ့ကြရတာ တကယ့်အဖြစ်မှန်ပါ"

အိမ်ထိန်းကြီးဝူစုအနေဖြင့် မည်သို့ပင်ဖျောင်းဖျပြောဆိုစေကာမူ ရှောင်မာကားလုံးဝလက်မခံပါ။ ခေါင်းမာစွာပင်....

"ကျုပ်အတွက်မြင်းတစ်ကောင်သာစီစဉ်ပေးပါ"

ဟုပြောလိုက်လေ၏။ ထို့ကြောင့် အိမ်ထိန်းကြီးဝူစုမှာ ဘာမှမတတ်နိုင်တော့ဘဲလက်လျှော့လိုက်ရတော့၏။ ရှောင်မာလည်း ဆက်မပြောတော့ဘဲ ပြင်ဆင်ပေးထားသည့်ညစာကို စားသောက်လိုက်လေသည်။



စားသောက်ဖွယ်ရာများမှာ အရသာထူးကဲလှ၏။

ထို့ကြောင့်... အားရပါးရစားသောက်ရင်း အိမ်ထိန်းကြီးဝူစုအားလှမ်းပြောလိုက်သည်။

"ဝူစုရဲ့လက်ရာကအတော့်ကိုကောင်းတယ်... ကျုပ်ကစ်မြို့ ကျေးရွာလိုနေရာမျိုးမှာ ဒီလိုအရသာထူးကဲတဲ့စားစရာတွေရနိုင်လိမ့်မယ်လို့တောင် ထင်မထားခဲ့မိဘူး"

အိမ်ထိန်းကြီးဝူစုကခေါင်းခါလိုက်ရင်း...

"ဒါ ကျုပ်လက်ရာမဟုတ်ပါဘူး"

"ဗျာ..."

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဘယ်သူ့လက်ရာလဲ"

ဝူစုကမဆိုင်းမတွပင်ပြန်ဖြေလိုက်၏။

"ခေါ်လေးကျင်စုရဲ့လက်ရာပါ"

"သူဟာ..."

ကျင်စုဟူသောအမည်ကို ယခုမှကြားဖူးသဖြင့် ရှောင်မာ စိတ်ဝင်စားသွားလေသည်။

ဝူစုကဆက်၍ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်စုဟာ ယာမြေတွေပိုင်ဆိုင်တဲ့ချမ်းသာကြွယ်ဝသူပါ... စေတနာကောင်းပါတယ်၊ တစ်ရွာလုံး သူ့ကျေးဇူးမကင်းဘူးလို့ပြောလို့တောင်ရတယ်၊ သူက ဟင်းချက်အင်မတန်ကောင်းတာ၊ ဒါကြောင့် ရွာကို ဧည့်သည်ရောက်လာရင် စားရေးသောက်ရေးအတွက် သူကပဲ တာဝန်ယူစီစဉ်ပေးပါတယ်"

"သြော်... ဒီလိုကိုး"

"ဟင်းကောင်းကောင်းချက်ကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ပြောပေးပါ"

ရှောင်မာသည် စားသောက်ပြီးသည်နှင့် ခေတ္တခဏအနားယူကာ ညအချိန်၌ ညောင်ကျပ်ပင်ကြီးဆီသို့သွားရန် အားမွေးထားလိုက်လေသည်။

ဝဝဝဝ

BURMESE CLASSIC .com



ည....

ညအချိန်သို့ရောက်သည့်အခါ ကောင်းကင်၌ မိုးသားတိမ်လိပ်များကင်းစင်သွားပြီးလဝန်းထွက်ပေါ်လာ၏။

အေးမြသောညလေများသည် ပန်းရနံ့များကိုသယ်ဆောင်ကာသုန်သုန်ညင်းညင်းတိုက်ခိုက်လာ၏။

ထိုအချိန်တွင်....

ရှောင်မာသည် မြင်းကို အသားကျစီးနင်းလျက် ရွာအပြင်သို့ထွက်လာခဲ့လေသည်။

ရွာအပြင် တောင်ကုန်းလေးတစ်ခုပေါ်သို့ရောက်သည့်အခါ ဝံဖြူရွာသို့ သမင်လည်ပြန်ကြည့်လိုက်မိလေသည်။ ဝံဖြူရွာသည် လရောင်အောက်၌ ငြိမ်သက်တိတ်ဆိတ်လျက်ရှိနေသည်။

အိမ်အတော်များများမှာမီးမှိတ်ထားသဖြင့် မှောင်မည်းနေသော်လည်း အချို့အိမ်များ မီးရောင်ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် ထိုရွာ၏အခြေအနေကိုအကဲခတ်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

"အင်း... ဒီရွာရဲ့လုံခြုံရေးဟာ အတော်ကိုလျော့ရဲရဲနိုင်လှပါလား။ မကောင်းကြံချင်တဲ့လူဟာ ရွာထဲကိုဘယ်နေရာကမဆို အချိန်မရွေးဝင်လာနိုင်တဲ့အနေအထားပဲ"

ရွာသူရွာသားများသည် အသိပညာနည်းပါးကာ နတ်မိစ္ဆာများကိုအယုံအကြည်ရှိနေခြင်းကြောင့် စိတ်မကောင်းဖြစ်မိသည်။

"ရှမ်ဟိုင်စန်းတစ္ဆေအကြောင်းဖော်ထုတ်နိုင်မှ မြန်မြန်အေးချမ်းသာယာသွားလိမ့်မယ်"

စိတ်ထဲကတွေးရင်း သူသည် ညောင်ကျပ်ပင်ကြီးဆီသို့ ဦးတည်ကာမြင်းကိုနှင်လိုက်လေသည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံကစည်းချက်ကျကျထွက်ပေါ်လာ၏။

ဝံဖြူရွာကား အနောက်ဘက်တွင် တဖြည်းဖြည်းဝေး၍ဝေး၍ကျန်ရစ်ခဲ့လေပြီ။

ယာခင်းများ၊ ပြောင်းခင်းများကိုဖြတ်ကျော်ကာစိမ်းညို့နေသည့်တောအုပ်ထဲသို့ရောက်လာသည်။



ထိုစဉ်....

"ဂီး...."

ညဉ့်ငှက်တစ်ကောင်သည် ခေါင်းပေါ်မှ ဖြတ်သန်းသွားသဖြင့် သူရင်ထိတ်သွား၏။ ကြောက်တတ်သူမဟုတ်သည့်တိုင် သူ၏တစ်ကိုယ်လုံးအေးစက်သွား၏။ ခြေထောက်များထုံကျဉ်ကာ ခေါင်းထဲနောက်ကျိရီဝေလာသည်ဟုခံစားလိုက်ရသည်။

"ဝုတ်... ဝုတ်... ဝုတ်"

အဝေးမှခွေးအူသံများကိုကြားရလေသည်။

ဝန်းကျင်တစ်ခုလုံး ချောက်ချားဖွယ်ရာဖြစ်ပေါ်လာသည်ဟု ခံစားလာရ၏။

"ငါဘယ်လိုဖြစ်တာလဲ"

ရှောင်မာသည် ကိုယ့်ကိုယ်ကိုပင်အံ့ဩသွားမိလေ၏။

သူသည် စိတ်ဓာတ်ကြံ့ခိုင်သူ၊ သတ္တိကောင်းသူ၊ အတွေ့အကြုံရင့်ကျက်ပြီး သိုင်းပညာထက်မြက်သူဖြစ်သည်။

အသက်အန္တရာယ်ထိခိုက်လောက်ဖွယ် ဘေးအန္တရာယ်အမျိုးမျိုးနှင့်လည်းရင်ဆိုင်ကြုံတွေ့ခဲ့ဖူးသူဖြစ်သည်။

သို့ပါလျက်....

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌ စိုးရိမ်ပူပန်မှုများနှင့်အတူ ကြောက်ရွံ့ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာသောကြောင့် ကိုယ့်ကိုယ်ကိုပင် အံ့သြသွားမိလေသည်။

ကြောက်စရာမဟုတ်ဘဲ ဘာ့ကြောင့် ကြောက်လန့်နေရပါသနည်း။

ကိုယ့်ကိုယ်ကိုအားတင်းနေသည့်ကြားမှပင် သူသည် မြင်းကိုရုတ်တရက်ရပ်တန့်လိုက်၏။

ရှေ့ဆက်မသွားရဲအောင်ဖြစ်လာ၏။

သူသည် တစ်ခဏမျှကြာအောင်ငြိမ်သက်နေ၏။

သူ ဘာဆက်လုပ်ရမည်နည်း။

*၃-ခေါတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။*

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com